www.burmeseclassic.com

ရည်းစားဟောင်းနှင့်..

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

## ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးအောင်မိုး (ခုနစ်စဉ်ကြယ်စာပေ) အမှတ်(၁၈၂)၊ (၃၁)လမ်း။ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်) အမှတ်(၂၂၅)၊ ၃၂-လမ်း။ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - ပြည့်မိုး |
| အတွင်းပလင် | - ကိုပေါက် |
| မျက်နှာဖုံးဒီဇိုင်း | - Yelay @ Ye Wint Kyaw |
| တာအုပ်ချုပ် | - ကိုမိုးနိုင်နှင့်အဖွဲ့ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ်၊ ၂၀၁၂ ဇက်တင်ဘာလ။ |
| အုပ်ရေ / တန်ဖိုး | - ၅၀၀ အုပ် / ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ခုနစ်စဉ်ကြယ်စာပေ အမှတ် ၁၈၂(B)၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈ |

၈၉၅.၈၃

မိုးစက်ဝိုင်

ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း/မိုးစက်ဝိုင် ။ - ရန်ကုန်။

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၂ ။

၁၈၁ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မိုးထက်ဝင်

## ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းက အရမ်းရိုးရှင်းပြီး

အပျော်ဖတ်ဝတ္ထုဆိုတာသည်

ပါးပါးလေး ပိုကောင်းပိုပါလိမ့်မယ် ...။

www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးလောက, က  စကားနဲ့ဆိုရင်

ကိုယ်ပါဝင်ကစားဖူးခဲ့တဲ့အသင်းနဲ့

ပြန်ကစားဖို့ အခွင့်ကြုံလာတာမျိုးပေါ့ ...။

ခုလည်း ...

ကျွန်တော် ပြန်ရင်ဆိုင်ရတဲ့သူဟာ

အရင်တစ်ချိန်က ...

..............................

..............................။

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

မနေ့ညက သူရာကင်းကင်း၊ ကိလေသာပါးပါးလေးနဲ့ အိပ်ရာဝင်ခဲ့လို့လား မသိဘူး။ ဒီမနက် သိကြားနိုးရှိ ကြည်ကြည်လင်လင်နဲ့ အိပ်ရာက နိုးလာပါတယ်။ နိုးနိုးချင်း နာရီလှမ်းကြည့်လိုက်တော့ ခြောက်နာရီခွဲလုလု လေး။ ကျွန်တော်တို့နေတဲ့ နှစ်ထပ်အိမ်ရဲ့အပေါ်ထပ်ဝရန်တာလေးကနေ ပတ်ဝန်းကျင်ကို စပ်စုကြည့်မိတယ်။

လမ်းမပေါ် အစုန်အဆန်လျှောက်နေကြတဲ့ ဈေးသွား၊ ဈေးပြန် လူဆိုဒ်စုံတွေ၊ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်ဌာနကို စောစော သွားရတဲ့လူတွေ၊ နောက်ပြီး တစ်ချက်တစ်ချက် အော်ရင်း ဖြတ်သွားကြတဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်အချို့၊ တန်ပိုးနည်းဖုန်းကို တစ်လောကလုံးကြား အောင် ဟန်ပါပါပြောရင်း လျှောက်သွားကြတဲ့လူများ၊ ကိုယ်ခင်းထားတဲ့ ...ဘင်လို့ ယူဆပြီး ကားကို အသားကုန်မောင်းသွားကြတဲ့ လူကုံထံများ၊ နောက်ဆုံး ပြည်သူပိုင်ခွေးလေခွေးလွင့်အချို့နဲ့ မနက်ခင်းမြင်ကွင်းဟာ ဖွံ့ဖြိုး ဆဲ ကျွန်တော့်တို့နိုင်ငံရဲ့ တစ်စိတ်တစ်ဒေသကို ဖော်ပြနေပါတယ်။

ကြည့်ရင်းနဲ့ ကြည်လင်နေတဲ့စိတ်ဟာ နည်းနည်းနောက်ကျိသွား တာမို့ အကြည့်ကိုလွှဲပြီး အိမ်ထဲပြန်ဝင်လာခဲ့တယ်။ အတွင်းထဲရောက်တော့ ကျွန်တော့်ခုတင်နဲ့ ခပ်လှမ်းလှမ်းက ခုတင်ပေါ်မှာ တခူးခူးနဲ့ အိပ်ပျော်နေ သေးတဲ့ သက်ဦးရဲ့ဟောက်သံကို အရင် စကြားလိုက်ရတယ်။ အဲဒီလဒ သက်ဦးက ညက အသောက်ကျူးထားလို့ အိပ်ရာကထနိုင်မှာ မဟုတ်သေး ဘူး။ သူ့ခုတင်ခြေရင်းမှာလည်း သူ့လိုပဲ မှောက်ရက်ကလေးအိပ်နေတဲ့ ဗုလင်းပြားလေးကို တွေ့လိုက်ရသေးရဲ့။

ပြောရရင် ကျွန်တော်လည်း တစ်ခါတလေ သူရာအရက်ကို သုံးစွဲ ဖြစ်ပါတယ်။ ဆင်ခြေပေးရရင် ယောက်ျားလေးဆိုတော့ မကင်းနိုင်ဘူးပေ့ါ။ ဒီရက်ပိုင်းကတော့ ကိုယ့်ကိစ္စနဲ့ကိုယ် မသောက်ဖြစ်တာပါ။

ခုလည်း သက်ဦးကို နှိုးမနေတော့ဘဲ ရေမိုးချိုး ကိုယ်လက်သန့်စင် ဖို့ အောက်ထပ်ကို ဘေးလှေကားနဲ့ ဆင်းလာခဲ့တယ်။ အောက်ထပ်မှာနေတဲ့ အိမ်ရှင်မိသားစုကတော့ နိုးဟန်မတူသေးဘူး။ တံခါးတွေပိတ်ထားကြသေး တယ်၊ ဒီလောက်ဆိုရင် အပေါ်ထပ်မှာနေတဲ့ ကျွန်တော်နဲ့သက်ဦးဟာ အိမ် ငှားတွေဆိုတာကို ပရိသတ်ကြီးလည်း ရိပ်မိလောက်ပါပြီ။

အောက်ထပ်က အုတ်ကန်မှာ ရေကို အားရပါးရချိုးပစ်လိုက်ပြီးမှ ပြန်တက်လာခဲ့တယ်။ အပေါ်ပြန်ရောက်တော့ ဒီမနက် ဝတ်ရမယ့် အဝတ် အစားတွေကို ထုတ်ပြီး မှန်ရှေ့ခဏရပ်မိတယ်။ တစ်နေ့ကမှ ကျူလိုက်နဲ့ ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ထားလို့ ပြန်ထွက်စပြုနေတဲ့ ကျွန်တော် နှုတ်ခမ်းမွေးတွေဟာ နှုတ်ခမ်းအထက်မှာ စိမ်းစိမ်းဖန့်ဖန့်နဲ့ခင်ဗျ။ ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီး သဘောကျသွားမိသေးရဲ့။ ပြီး . . . ရိုးအွန်နဲ့ ချိုင်းနှစ်ဖက်ထဲကို လေးငါးချက်လောက် ခပ်ကြမ်းကြမ်းလေး အားပေးပစ်လိုက်သေးတယ်။ ဂျယ်ပါးပါးနဲ့ ကျွန်တော့် ဆံပင်ကို ထောင်ထောင်လေးလုပ်ပြီးချိန်မှာတော့ ကျွန်တော့်ရဲ့အလှပြင်လုပ်ငန်းဟာ ပြီးဆုံးသွားပါပြီ။

အဝတ်အစားတော့ မလဲဖြစ်သေးဘူး။ စာရွက်စာတမ်းတွေထည့်ထားတဲ့ ကျောပိုးအိတ်ကို တစ်ချက်ပြန်စစ်လိုက်တယ်။ အိုကေပဲ။ အလိုအပိုမရှိဘူး။ မေ့မှာစိုးလို့ ကျွန်တော့်ရဲ့ဖုန်းကို ကျောပိုးအိတ်နား ကပ်ထားလိုက်တယ်။ အဲဒါတွေပြီးသွားချိန်မှာတော့ သက်ဦးရဲ့ခြင်ထောင်ကို အသာမ,ပြီး အိပ်ပျော်နေသေးတဲ့ အဲဒီလဒရဲ့တင်ပါးကို ခပ်စပ်စပ်နှစ်ချက်လောက် ခြေထောက်နဲ့ကန်ပစ်လိုက်တယ်။

"ဟေ့ကောင် သက်ဦး . . . ထတော့လေကွာ၊ တော်ကြာ အလုပ်နောက်ကျနေဦးမယ်"

သူ့တင်ပါးကို အကန်ခံရလိုက်ရမှုကြောင့် သက်ဦးဟာ မှောက်ခုံမှောက်နေရာက ပက်လက်လှန်လာပြီး မကြည့်လင်တဲ့မျက်လုံးကြီးနဲ့ ကြည့်လာပါတယ်။ ပါးစပ်ကလည်း ကျွန်တော့်ကို . . .

"ဟာ မောင်ကျုပ် . . . မင်းကွာ၊ စောစောစီးစီး ဘာဖြစ်လို့လာနှိုးနေတာလဲ၊ ဒီမှာ အိပ်မက်က ပစ်စလက်ခတ်ကောင်းနေတာကွ"

ဒီကောင့်စကားကြောင့် ကျွန်တော်လည်း မျက်မှောင်ကြုတ်လိုက်ပြီး . . .



"အောင်မာ . . . မင်းကို သိပ်ချစ်လို့များ နှိုးတယ်ထင်လို့လား။ မင်း အလုပ်နောက်ကျမှာစိုးလို့ကွ၊ ဒါနဲ့ မင်းက ဘာအိပ်မက်များ မက်နေလို့လဲ"

"ဘာအိပ်မက်ဖြစ်ရမှာလဲ၊ ငါတို့နိုင်ငံမှာ ဒီမိုကရေစီအပြည့်အဝရပြီလို့ အိပ်မက်မက်နေတာလေ၊ မောင်ကျုပ်ရာ . . . မင်းလုပ်တာနဲ့တော့ သွားပါပြီ"

ရှုပွပွပြောရင်း သက်ဦးဆိုတဲ့ကောင်က ကိုယ်လက်သန့်စင်ဖို့ အောက်ထပ်ကို ကော့ပက်ကော့ပက်နဲ့ ဆင်းသွားပါတယ်။ ကျွန်တော့်မှာ ကြောင်ပြီး ရပ်နေမိသေးတယ်။ ဒီမိုကရေစီအပြည့်အဝရနေတဲ့ ဒီကောင့်ကို နှိုးလိုက်တာများ မှားသွားပြီလားပေါ့။ ပြီးမှ ဒီကောင် တစ်ခါတစ်ခါ ကြီးကြီးကျယ်ကျယ်ပြောတတ်တာကို တွေးပြီး ပြုံးလိုက်မိတယ်။

သက်ဦး အပေါ်ထပ် ပြန်တက်လာတဲ့အချိန်မှာတော့ ကျွန်တော်ဟာ အပြင်သွားဖို့ အဝတ်အစားတောင် လဲပြီးပါပြီ။

ကျွန်တော့်ပုံစံကိုကြည့်ပြီး သက်ဦးက မျက်ခုံးတစ်ချက် ပင့်လိုက်သေးတယ်။ ပြီးမှ . . .

"မောင်ကျုပ် . . . မင်း ဒီနေ့ သပ်ရပ်လှချည်လားကွ၊ ဪ . . . သိပြီ, သိပြီ၊ မင်းက ဒီနေ့ အလုပ်သွားလျှောက်ရမှာကိုး"

ဟုတ်ပါတယ်။ ကျန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ အလုပ်တစ်ခုက ပြုတ်လာတဲ့ ကျွန်တော်ဟာ ဒီနေ့ အလုပ်သစ်တစ်ခု သွားလျှောက်ရမှာပါ။ အဲဒါကြောင့်လည်း ဒီရက်ပိုင်းမှာ ကျွန်တော် သောက်စားခြင်းအမှုကို ပြုဖြစ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားနေတုန်းမှာပဲ အိမ်ရှေ့လမ်းမဆီက မောင်ကျော်ရေ မောင်ကျော် . . . ဆိုပြီး ကိုကြီးဇော်ရဲ့အော်ခေါ်သံကို ကြားလိုက်ရပါတယ်။ ကျွန်တော် ပြန်မထူးဖြစ်သေးဘဲ သက်ဦးကို တစ်ချက်ကြည့်ပြီး . . .

"သက်ဦး . . . ကျော် လစ်လိုက်ဦးမယ်"

"အေး . . . အဆင်ပြေပါစေ မောင်ကျော်ရာ"

ကျွန်တော် အသာပဲ ပြုံးပြလိုက်တယ်။ ပြီး ကျောပိုးအိတ်ကိုလွယ်၊ ဟန်းဖုန်းအိတ်ကပ်ထဲထည့်လို့ အသင့်စောင့်နေတဲ့ ဖိနပ်အသစ်ကလေးကို စီးစွပ်လိုက်ပါတယ်။

■



## (၂)

"မောင်ကျော်ရာ . . . ဒီလောက်အော်ခေါ်နေတာတောင် အသံလေးဘာလေး ပြန်မပေးဘူး"

တွေ့တွေ့ချင်း ကိုကြီးဇော်က အပြစ်တင်သလိုလေသံနဲ့ လှမ်းပြောလာတယ်။

ကျွန်တော်က ခပ်တည်တည်ပုံစံနဲ့ပဲ . . .

"ဟာဗျာ . . . ခင်ဗျားကလည်း ခု ကျော်ကို အကောင်လိုက် မြင်နေရပြီပဲဥစ္စာ၊ ပြီးတော့ အချိန်လည်း စောသေးတာပဲ၊ ကဲပါ . . . ကျော်တို့ လက်ဖက်ရည်ဆိုင်ကို အရင်ဒိုးရအောင်"

အဲဒီတော့မှ ကိုကြီးဇော်မျက်နှာက ပြုံးဖြီးဖြီးဖြစ်လာပြီး . . .

"အဲဒီအစီအစဉ်ကတော့ လောလောဆယ် အကောင်းဆုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျုပ်''

တဲ့။

ဒီနေရာမှာ ကျွန်တော့်ကို မောင်ကျုပ်လို့ ခေါ်ကြတဲ့အကြောင်းကို ရှင်းပြပါဦးမယ်။ ကျွန်တော့်ဇာတိက နယ်မြို့လေးတစ်မြို့ကဗျ။ အဲဒီမှာက စကားပြောကြရင် ကိုယ့်ကိုယ်ကိုယ် နာမ်စားအဖြစ် 'ကျုပ်' ဆိုပြီး သုံးကြတာလေ။ ကျွန်တော် ရန်ကုန်ကို တက္ကသိုလ်တက်ဖို့ လာတော့လည်း အဲဒီ ကျုပ်, ကျုပ်နဲ့ ပြောတဲ့အကျင့်ကို မဖျောက်နိုင်ခဲ့ဘူး။ ခုချိန်ထိ စကားပြောရင် ကျုပ်, ကျုပ်နဲ့ ပြောဖြစ်နေသေးတယ်။ အဲဒါနဲ့ ကျောင်းတက်တော့ သူငယ်ချင်းတွေက နောက်ပြီး 'မောင်ကျုပ်' လို့ ခေါ်ကြတာ။ တကယ်တော့ ကျွန်တော့်နာမည်အရင်းက စိုးခန့်ပါ။ ထပ်ပြောရရင် ကျွန်တော့်ကို ကိုခန့်လို့ခေါ်တဲ့ ကောင်မလေးတစ်ယောက်လည်း ရှိခဲ့ဖူးပါတယ်။ ဒါကလည်း ကြော်ငြာဝင်တာမဟုတ်ဘဲ ကြုံလို့ပြောပြတာပါ။ ထားပါတော့။ ခုတော့ ကျွန်တော့်နာမည်က မောင်ကျုပ်၊ ကျောင်းပြီးလို့ ဒီရပ်ကွက်ထဲမှာ သက်ဦးနဲ့အတူ လာငှားနေဖြစ်တော့ ကျွန်တော့်ကို ရပ်ကွက်ထဲက လူတွေက သက်ဦးခေါ်တဲ့အတိုင်း မောင်ကျုပ်လို့ပဲ လိုက်ခေါ်ကြတော့တာ။ ဒါကိုလည်း ခုချိန်ထိစကားပြောရင် ကျုပ်, ကျုပ်လို့ ထည့်ပြောတုန်းဖြစ်တဲ့ ကျွန်တော်က ကျေနပ်ပါတယ်။ မောင်ကျုပ်ရာဇဝင်ကတော့ ဒီလောက်ပါပဲ။

ကျွန်တော် စဉ်းစားနေတုန်းမှာပဲ ကိုကြီးဇော်က ဆိုင်းမပါ ဗုံမပါ မေးလာတယ်။

''ဒါနဲ့ မောင်ကျုပ် ... မင်း အရင်အလုပ်က ဘယ်လိုဖြစ်လို့ ပြုတ်လာတာလဲကွ၊ လင်းစမ်းပါဦး''





အင်း ... ကိုကြီးဇော်ကတော့ မောင်ကျုပ် အလုပ်ပြုတ်လာတဲ့ အကြောင်းကို မေးလာပါပြီ၊ လမ်းလျှောက်ရင်း မေးလာတာမို့ လမ်းလျှောက်ရင်းပဲ ကျွန်တော့်မှာ ဖြေရတော့တယ်။

''ကျုပ် အလုပ်ပြုတ်လာတဲ့အကြောင်းကတော့ ဒီလိုဗျ''

အဲဒီ့လို အစချီလိုက်ရင်း ကျွန်တော့်စိတ်တွေဟာ မြန်မာ့ဗီဒီယိုဇာတ်ကားထဲကအတိုင်း နောက်ပြန်လိမ့်ဆင်းသွားပါတယ်။ ဇာတ်ညွှန်းအခေါ်အရ ဆိုရင် (F/B) ပေါ့ဗျာ။

■



www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

အဲဒီနေ့ဟာ မနက်ဦးကပဲ မိုးအတော်ရွာထားပြီး ကျွန်တော် အလုပ်ကို သွားတဲ့အချိန်ထိ ခပ်ဖွဲဖွဲရွာနေသေးတဲ့ သောကြာနေ့ပေါ့။

အဲဒီတုန်းက သက်ဦးနဲ့ကျွန်တော်က ကုမ္ပဏီတစ်ခုတည်းမှာ အတူတူလုပ်တာပါ။ ကျွန်တော်တို့ကုမ္ပဏီရဲ့ အမိကကုန်ပစ္စည်းက အမျိုးသမီးလစဉ်သုံးပစ္စည်းဗျ။ ဘာပဲဖြစ်ဖြစ် လစာကောင်းတာမို့ (အလုပ်လည်း ရှာရခက်တာကြောင့်) ဝင်လုပ်ဖြစ်နေတာပါ။ ဒါပေမဲ့ အဲဒီနေ့က သက်ဦး ခွင့်ယူထားလို့ ကျွန်တော်တစ်ယောက်တည်း ကုမ္ပဏီကို လျှောက်လာခဲ့တယ်။ လျှောက်လာတယ်ဆိုတာကလည်း ကားမှတ်တိုင်ကနေ ကုမ္ပဏီရှိရာ အဆောက်အအုံကိုပေါ့။

ကျွန်တော် လျှောက်လာတဲ့လမ်းမှာလည်း ရန်ကုန်မြို့ရဲ့ရိုးရာအတိုင်း



လမ်းမပေါ် တင်ကျန်နေတဲ့ ရေကွက်ရေအိုင်ငယ်တွေက ရှိနေဆဲပါ။ မပြင်ရင် ရေအိုင်ကနေ ချောက်အထိ ဖြစ်လာနိုင်တဲ့သဘော ရှိပါတယ်။ ထားပါတော့။ အဲဒီကိစ္စက သက်ဆိုင်ရာအမတ်တွေ လွှတ်တော်မှာ အဆိုတင်သွင်းရမယ့် ကိစ္စပါ။

ခုတော့ ကျွန်တော် တစ်ယောက်တည်း ရေအိုင်ကွက်တွေကို သိုင်းကွက်နင်းသလို ကွင်းရှောင်ရင်း လမ်းကလေးအတိုင်း လျှောက်လာခဲ့တယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ အသားကုန်မောင်းနှင်လာတဲ့ ကားအကောင်းစားတစ်စီးဟာ ရေအိုင်ကွက်ကို မညှာမတာဖြတ်နင်းလိုက်ပါတယ်။ ဖြန်းခနဲအသံနဲ့အတူ လမ်းဘေးမှာလျှောက်နေတဲ့ ကျွန်တော့်ဆီကိုလည်း ရေစက်တွေ လွင့်စဉ်လာတာမို့ ကျွန်တော့်ကိုယ်တစ်ခြမ်းဟာ ရွှဲရွဲစိုသွားပါတော့တယ်။ ဒေါင်းခနဲ ဒေါသထွက်ပြီး ကျွန်တော် လှမ်းကြည့်လိုက်တော့ ကားရဲ့နောက်ဘက်ကိုပဲ လှမ်းမြင်လိုက်ရတယ်။ ရုပ်ပြီး တောင်းပန်စကားလေးတောင် မပြောတဲ့အပြင် မောင်းပြေးသွားတာမို့ အတော်လူမဆန်တဲ့ ကားမောင်းသူပဲလို့ တွေးရင်း ကားနံပါတ်ကိုတော့ ကျွန်တော် မှတ်မိအောင် မှတ်ထားလိုက်မိတယ်။

ဒီနေရာမှာ ဖြတ်ပြောချင်တာက ကျွန်တော်ဟာ ဂဏန်းလေးတွေမြင်ရင် ပေါင်းကြည့်တတ်တဲ့ဝါသနာရှိပါတယ်။ အဲဒါကို မနာလိုသူတချို့ကတော့ ဖလောင်းကစားဝါသနာပါတာမလို့ မညှာမတာ ပြောကြသေးရဲ့။ လူဆိုတာကလည်း ကိုယ့်ဝါသနာနဲ့ကိုယ်လေ။

ခုလည်း ကျွန်တော့်ကို လုပ်ချသွားတဲ့ ကားနံပါတ်ပေါင်းခြင်းက ဆယ့်သုံး (၁၃) ဗျ။ အင်း . . . ဒီနေ့ဟာလည်း သောကြာနေ့၊ ခု ကားနံပါတ်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဆယ့်သုံးဆိုတော့ ကံမကောင်းတဲ့နေ့နဲ့ဂဏန်းမို့လို့ ကျွန်တော် ခံရတာများလား တွေးမိပါသေးတယ်။

လျှောက်လာရင်း ကုမ္ပဏီခြံဝင်းထဲရောက်တော့ ကျွန်တော် တင်းခနဲ ဖြစ်သွားရတယ်။ ခုနက ကားကို ကုမ္ပဏီဝင်းထဲမှာ အခန့်သား တွေ့လိုက်ရလို့ပါ။

ကျွန်တော် ရပ်ကြည့်နေမိချိန်မှာပဲ ကုမ္ပဏီထဲက ထွက်လာတဲ့ အမျိုးသမီးတစ်ယောက်ဟာ အဲဒီကားဆီကို ဦးတည်ပြီး လျှောက်လာပါတယ်။ အသက်အရွယ်ကတော့ ကျွန်တော်နဲ့ မတိမ်းမယိမ်းလောက်ပါပဲ။

တန်ဖိုးကြီးတောက်ပြောင်တဲ့ အဝတ်အစားအောက်က သူ့ရုပ်ရည်ဟာ သူဌေးသမီးတစ်ယောက်ရဲ့အလှတရားမျိုးနဲ့ လင်းတောက်နေပါတယ်။

သူ့ဟာသူ ဘာဖြစ်ဖြစ် စိတ်မဝင်စားပါဘူး။ ကျွန်တော်ကတော့ ကိုယ်လုပ်ရမယ့်အလုပ်ကိုပဲ လုပ်လိုက်တယ်။ အဲဒါကတော့ ကားနားလျှောက်သွားပြီး အဲဒီအမျိုးသမီးထိုင်နေတဲ့ အခြမ်းက ကားတံခါးကို ခပ်ဆတ်ဆတ် ဆွဲဖွင့်လိုက်တာပါပဲ။

ရုတ်တရက် မထင်ထားတဲ့အခြေအနေမို့ အဲဒီအမျိုးသမီးဟာ လန့်သွားပုံရပါတယ်။ ကားထဲမှာထိုင်ပြီး အခန့်သား စားသုံးနေတဲ့ ရေခဲမုန့်ခွက်ဟာလည်း သူ့ရဲ့အကောင်းစားစကဒ်ပေါ် လွတ်ကျသွားလေရဲ့။

အမလေး ... ပလုတ်တုတ်လို့အော်ပြီး သူ့စကဒ်ပေါ် ခစားသွားတဲ့ ရေခဲမုန့်ဖတ်တွေကို မျက်လုံးပြူးပြီး အရင်ကြည့်တယ်။ ပြီး ... အဲဒီပြူးနေတဲ့ မျက်စိနှစ်လုံးဟာ ဝင်းဝင်းတောက်လို့ ကျွန်တော့်ဆီ ရောက်လာပြန်တယ်။ တစ်ဆက်တည်း ထွက်လာတဲ့ စကားတွေဟာလည်း အတွဲလိုက်ပါပဲ။



"ဟဲ့ ... နင် ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ငါ့ကားတံခါးကို ဆွဲဖွင့်တာလဲ၊ နင် ဘာကောင်လဲ၊ ဒီမှာ အကုန်ပေပွကုန်ပြီ သေနာကောင်ရဲ့"

သူ့စကားအဆုံးမှာပဲ ကျွန်တော်က ...

"ကျုပ် ဘာကောင်လဲဆိုတာ အရေးမကြီးပါဘူး။ ခင်ဗျား ... ကားပေါ်က ခဏဆင်းခဲ့စမ်းပါ၊ စာရင်းရှင်းချင်လို့"

"အောင်မာ ... ဘာကို စာရင်းရှင်းရမှာလဲ၊ နင်လုပ်လို့သာ ဒီမှာ ပေကုန်တာ၊ အဲဒါကိုပဲ အရင်ရှင်း"

သူကလည်း မခေဘူးဗျ။ ချက်ချင်းကို ပြန်ပက်တာ၊ ကျွန်တော်ကလည်း ဘယ်ရမလဲ။ ထပ်ကောတာပေါ့။

"ခင်ဗျားကိစ္စက နောက်မှ ရှင်းရမှာ၊ ခု အရင်ရှင်းရမှာက ခင်ဗျားကားကို မဆင်မခြင်မောင်းသွားလို့ ကျုပ် ဖွက်ရေတွေစိုသွားတာ ... ဒီမှာတွေ့လား၊ အဲဒါကိုပဲ ရှင်းပေး"

စိုနေတဲ့ ကိုယ်တစ်ခြမ်းကို လှည့်ပြလိုက်တော့ သူမက မျက်မှောင်ကြုတ်တယ်။ ကျွန်တော့်ကိုလည်း အစုန်အဆန်ကြည့်ပြီး ကားပေါ်က ဆင်းလာတယ်။

"ဟဲ့ ... နင်က ဒီကုမ္ပဏီကလား"

ကျွန်တော်ဝတ်ထားတဲ့ ယူနီဖောင်းကြောင့် မေးတာနဲ့တူတယ်။ ကျွန်တော်က ...

"အဲဒါလည်း ခင်ဗျား သိစရာမလိုပါဘူး၊ ခုလောလောဆယ် ကျုပ်ကိစ္စကိုပဲ ရှင်းပေး"

"အောင်မာ ... စကားပြောတာက ရင့်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ကျူပ်ကိစ္စပါ"

ကျွန်တော့်စကားအဆုံးမှာ သူမကလည်း မဲ့ပြုံးတစ်ချက် ပြုံးရင်း–

"ပြီးရောလေ၊ ဒါဆိုလည်း နင် ငါ့နောက်က လိုက်ခဲ့"

ပြောပြီး သူက ကျွန်တော်တို့ကုမ္ပဏီဘက် လျှောက်သွားလို့ ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားရတယ်။ ကြည့်ရတာ ကျွန်တော်တို့မန်နေဂျာကို ပြောပြပြီးမှ ကျွန်တော့်ကို တောင်းပန်မလို့လားမသိဘူး။

ဒါပေမဲ့ ကျွန်တော့်အထင်က ကုမ္ပဏီထဲရောက်တော့ တက်တက်စင်အောင်လွဲသွားရတယ်။ သူမ ခပ်တည်တည်နဲ့ မန်နေဂျာရုံးခန်းထဲဝင်သွားပြီး သိပ်မကြာဘူး။ ကျွန်တော်တို့မန်နေဂျာဟာ ယူနီဖောင်းအသစ်တစ်စုံ ကိုင်ပြီး ကျွန်တော့်ဆီ လျှောက်လာပါတယ်။ အနားရောက်တော့ မကြည်သလိုအကြည့်နဲ့ . . .

"ရော့ စိုးခန့် . . . ယူနီဖောင်းလဲလိုက်၊ ပြီးရင် ငါ့ရုံးခန်းထဲ ခဏလာခဲ့"

မန်နေဂျာစကားအတိုင်း ယူနီဖောင်းအသစ်လဲပြီး သူ့ရုံးခန်းထဲ ဝင်သွားလိုက်တယ်။ အခန်းထဲရောက်ရောက်ချင်းမှာပဲ ကျွန်တော့်မျက်လုံးဟာ ပြူးသွားရရဲ့။ ဘာဖြစ်လို့လဲဆိုတော့ စားပွဲရဲ့နောက်က ဂျာကြီးထိုင်တဲ့ ဆုံလည်ခုံမှာ သူမက အခန့်သားထိုင်နေပြီး ကျွန်တော်တို့ ဂျာကြီးကတော့ ဝန်ထမ်းတွေထိုင်နေကျ ရိုးရိုးခုံလေးမှာ မျောက်အိုလေးလို ငြိမ်ကုပ်နေလို့ ခင်ဗျ။

ဘယ်လိုဖြစ်ရတာလဲဆိုပြီး ကျွန်တော်တွေးနေတုန်းမှာပဲ ဆုံလည်ခုံပေါ်က သူမက ဂျာကြီးကို တစ်ချက်ကြည့်ရင်း . . .





"ဦးအောင်စိုး"

သူမပါးစပ်က ထွက်လာတဲ့ စကားဟာ သုံးလုံးတည်းပေမယ့် ဂျာကြီးရဲ့မျက်နှာဟာ သေခါနီးလူမမာ သွေးဆုတ်သွားသလို ဖွေးခနဲ ဖြူဖတ်ဖြူရော်ဖြစ်သွားပါတယ်။ ပါးစပ်ကလည်း အထစ်ထစ်အငေါ့ငေါ့နဲ့ . . .

"ပြော . . . ပြောပါ မ . . . မနဒီ"

အဲဒီတော့မှ သူမက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ဂျာကြီးကို . . .

"ညွှန်သည်ကို ထိုင်ခိုင်းလိုက်ဦးလေ၊ ပြီးရင် . . . အကျိုးအကြောင်းလေး ရှင်းပြလိုက်ဦး"

နဒီဆိုတဲ့ သူမရဲ့စကားအဆုံးမှာ ဂျာကြီးက ကျွန်တော့်ကို မော့ကြည့်ရင်း . . .

"စိုးခန့် . . . ထိုင်ဦး"

ဘာမှပြန်မပြောဘဲ ကျွန်တော် ဝင်ထိုင်တော့ ဂျာကြီးက စကားဆက်လာတယ်။

"စိုးခန့် . . . မင်းရှေ့မှာထိုင်နေတဲ့ မနဒီဟာ ငါတို့အမ်ဒီ ဦးကောင်းအောင်ရဲ့ တစ်ဦးတည်းသော သမီးပဲ"

"ဗျာ"

အံ့ဩလို့သာ ရေရွတ်လိုက်မိတာပါ။ ကျွန်တော့်စိတ်ထဲ အမ်ဒီ့သမီးဆိုပြီး ကျွတ်ကျွဲသွားတာမျိုး မရှိပါဘူး။ ဖြစ်ခဲ့တဲ့ကိစ္စမှာလည်း ကျွန်တော်က အပြစ်ရှိတာမှ မဟုတ်တာ။

စဉ်းစားနေတုန်းမှာပဲ ဂျာကြီးက . . .



www.burmeseclassic.com

"ခုနက မင်းနဲ့မနဒီတို့ ဖြစ်ခဲ့တဲ့ကိစ္စကို ငါ သိပြီးပြီ၊ အဲဒီတော့ မနဒီကို မင်းပဲ တောင်းပန်လိုက်ကွာ"

ကျွန်တော့်စိတ်ထဲ ဖျင်းခနဲဖြစ်သွားရတယ်။ အဲဒီ နဒီဆိုတဲ့ သူမကို ဆတ်ခနဲ ကြည့်လိုက်တော့ ဒင်းက မထီတရီလေး ပြန်ကြည့်နေတယ်။ အကြည့်ချင်းဆုံရင်းကပဲ ကျွန်တော် ခပ်တည်တည် ပြောချလိုက်တယ်။

"ကျုပ် မတောင်းပန်နိုင်ဘူး ဘကြီး၊ တကယ်ဆိုရင် စ,မှားတဲ့သူကပဲ ကျုပ်ကို ပြန်တောင်းပန်ရမှာ"

"ဟင်"

ကျွန်တော့်စကားကြောင့် ဘကြီးဟာ မျက်ဖြူလန်မတတ် ဖြစ်သွားလေရဲ့။ ပြီး သွေးပျက်သွားတဲ့ လေသံကြီးနဲ့ ...

"ဟာ ... ဟော့ ... ဟော့ကောင် စိုးခန့် ... မင်း ... ဘယ် ... ဘယ်လို ... ပြော ... ပြော"

ဘကြီးစကားမဆုံးခင်မှာပဲ နဒီရဲ့စကားသံဟာ ခပ်ပြတ်ပြတ်လေး ထွက်ပေါ်လာပါတယ်။

"တော်တော့ ဦးအောင်စိုး၊ သူပြောတာ ဟုတ်ပါတယ်၊ ကျွန်မဘက်က စမှားတာကိုး၊ ကျွန်မက အရင်တောင်းပန်ရမှာပေါ့"

ဘကြီးဟာ နဒီနဲ့ ကျွန်တော့်ကို သူ့ဘဝမှာ တစ်ခါမှ မမြင်ဖူးခဲ့တဲ့ လူတွေလို တအံ့တဩကြည့်တယ်။ အဲဒီအချိန်မှာပဲ နဒီက ပြုံးထေ့ထေ့လေးနဲ့ ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း ...

"ကျွန်မရဲ့လုပ်ရပ်အတွက် ရှင့်ကို တောင်းပန်ပါတယ်၊ အဲ ... တောင်းပန်ရုံမဟုတ်ဘဲ စိုသွားတဲ့ ရှင့်ယူနီဖောင်းကိုပါ အစားပြန်ပေးပြီး



နော်၊ ဒီတော့ ရှင် ကျေနပ်ပြီလား"

သူ့ပါးစပ်က အဲဒီလိုပြောလာမယ်မထင်လို့ ကျွန်တော် အတော်ပဲ အံ့ဩသွားမိတယ်။ အဲဒါကြောင့် စိတ်ကိုလျှော့လိုက်ရင်း ပြေပြေလည်လည် ပြန်ပြောလိုက်ပါတယ်။

"ကျုပ် ကျေနပ်ပါတယ် မနဒီ၊ ကျုပ်ဘက်က ပြောမှားဆိုမှား ရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးပါ"

ကျွန်တော့်စကားအဆုံးမှာပဲ နဒီရဲ့မျက်နှာဟာ မျက်နှာဖုံးတစ်ခု ပြောင်းတပ်လိုက်သလို ရုတ်တရက်တင်းမာလာပြီး ...

"ခွင့်လွှတ်ရမယ် ... ဟုတ်လား၊ ရှင့်ဘက်က ပြောမှားဆိုမှားတင် မဟုတ်ဘဲ ရှင့်လုပ်ရပ်ကြောင့် ရေခဲမုန့်ပြုတ်ကျပြီး ကျွန်မ့စကဒ် ညစ်ပတ်သွားတာကိုရော ဘယ်လိုလုပ်ပေးမှာလဲ၊ ပြောလေ"

သူ့စကားနဲ့ မျက်နှာပေးကိုကြည့်ရင်း ကျွန်တော် တဖြည်းဖြည်း သဘောပေါက်လာရတယ်။ တကယ်တော့ နဒီဟာ အထိုးခံလိုက်ရတဲ့မြှားကို ဆွဲနှုတ်ပြီး ကျွန်တော့်ဆီ ပြန်ပစ်လိုက်တာကိုး။

ကျွန်တော်လည်း ကိုယ့်အလှည့်ကျ မနဲ့စတမ်းလို့ အောင့်သက်သက် တွေးလိုက်ရင်း ...

"အဲဒီကိစ္စအတွက် ကျုပ် တောင်းပန်ပါတယ် မနဒီ"

"ဟင် ... ရှင့်အလှည့်ကျ တောင်းပန်ရုံနဲ့ ပြီးရောလား၊ ကျွန်မတုန်းကတော့ တောင်းပန်တဲ့အပြင် ရှင့်ယူနီဖောင်းကိုပါ အသစ်လဲပေးခဲ့တာနော်"

"ဒီတော့ မနဒီက ဘယ်လိုဖြစ်ချင်လို့လဲ"

ကျွန်တော့်စကားဆုံးတော့ နဒီက တဟင်းဟင်းရယ်တယ်၊ ပြီးမှ

www.burmeseclassic.com

"ရှင်းပါတယ်၊ ကျွန်မလည်း ညစ်ပေသွားတဲ့စကာဒ်အတွက် တစ်ထည်အစား ပြန့်လိုချင်တယ်၊ ဘယ်လိုလဲ"

"ဒါ . . . ဒါတော့ . . . ကျုပ် . . . ကျုပ်"

ကျွန်တော့်စကားမဆုံးခင်မှာပဲ နဒီက . . .

"ရှင် ယောက်ျားတော့ ဟုတ်ပါတယ်နော် စိုးခန့်"

ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ နဒီ အကျပ်ကိုင်နေပြီဆိုတာတော့ နားလည်နေတယ်။ သူ့ရဲ့လက်စားချေတတ်တဲ့ ဉာဉ်ကလေးကိုလည်း သတိထားလိုက်မိတယ်။

ဒါကြောင့် သက်ပြင်းသဲ့သဲ့ချလိုက်ရင်း . . .

"အဲဒါဆိုလည်း မနဒီသဘောပါ၊ ဒါပေမဲ့ ကျုပ်က ဘယ်လိုလုပ်ပြီး အဲဒီပစ္စည်းမျိုး သွားဝယ်လို့ ဖြစ် . . . ဖြစ်"

"အိုး . . . အဲဒါတော့ ကျွန်မ တွေးထားပြီးသားပါ၊ ဒီတော့ ဆိုင်သွားပြီး ရောက်ရင် ကျွန်မက အမျိုးအစားတူစကာဒ်ကို ရှာပေးမယ်၊ ရှင်က ငွေရှင်းပေါ့၊ လာ . . . သွားရအောင်"

စကားကိုဖြတ်ပြီးမှ နဒီက ဂျာကြီးဘက် မျက်နှာလှည့်လိုက်ရင်း—

"ဦးအောင်စိုး . . . သူ့ကို ကျွန်မ ခဏခေါ်သွားမယ်၊ ဘယ်အချိန်ပြန်ရောက်မလဲတော့ မပြောတတ်ဘူး"

ဂျာကြီးက မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပြရှာတယ်။ နဒီ လှည့်ထွက်သွားတော့မှ ဂျာကြီးက ကျွန်တော့်ကို စိတ်မသက်မသာတဲ့ပုံစံနဲ့ ခေါင်းခါပြတယ်။ မင်းတော့မင်း မလွယ်တော့ဘူးဆိုတဲ့ သဘောပေါ့။

သူ့ကားနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် ထွက်ခဲ့ကြတယ်။ နဒီ ဘယ်





ဆိုင်ကိုမောင်းနေလဲတော့ မသိဘူး။ ဘယ်ဆိုင်၊ ဘယ်စတိုးပဲ မောင်း မောင်း ခဲ ကျွန်တော့်ဆီမှာ ဒီနေ့မှ ပိုက်ဆံက ယူလာနေကျထက် ပိုပြီး နှစ်သောင်းလောက်ပါလာတယ်။ အဲဒီပိုက်ဆံနှစ်သောင်းက သူ့စကာဒ်တစ်ထည်အတွက် ဘယ်လိုမဆိုလောက်နိုင်တယ် မဟုတ်လား။ ဒီတော့ ကျွန်တော်လည်း အေးဆေးပေါ့။

နဒီဟာ ဖွင့်ထားတာမကြာသေးတဲ့ ရှော့ပင်းမောတစ်ခုရှေ့မှာ ကားရပ်လိုက်တယ်။ ကားပေါ်ကဆင်းပြီး အထဲဝင်သွားတော့ ကျွန်တော့်မှာ လိုက်ရပြန်တယ်။ အထဲရောက်ပြီး သိပ်မကြာလိုက်ဘူး မှန်အပြည့်ကာထားတဲ့ ဆိုင်ခန်းတစ်ခန်းရှေ့ရောက်တော့ . . .

"အရင်တစ်ခေါက် ဝယ်ဖူးတာတော့ ဒီဆိုင်ကပဲ၊ တစ်ချက်ဝင်ကြည့်ရအောင်"

ဆိုင်ထဲကို လှမ်းကြည့်တော့ ကျွန်တော် နည်းနည်းဖြုံသွားတယ်။ ဆိုင်ထဲက ပစ္စည်းတွေဟာ နာမည်ကြီးဘရမ်းတစ်ခုလို့ ကျွန်တော် သိရုံသိထားပြီး တစ်ခါမှ ဝယ်မဝတ်ဖူးတဲ့ အမျိုးအစားပါ။

ကျွန်တော် စဉ်းစားနေတုန်းမှာပဲ နဒီဟာ ဆိုင်ထဲကို ကော့ကော့လေးလှမ်းဝင်သွားပါပြီ၊ ကျွန်တော်လည်း ခပ်မျော့မျော့ပုံစံလေးနဲ့ လိုက်ဝင်ရတော့တာပေါ့။

ဆိုင်ထဲမှာ ကျွန်တော် ရပ်နေလိုက်တယ်၊ နဒီကတော့ သူ့စကာဒ်နဲ့ ယူတဲ့ နောက်တစ်ထည်ကို ဝန်ထမ်းကောင်မလေး အကူအညီနဲ့ ရှာနေတယ်။ သိပ်မကြာလိုက်ပါဘူး။ သူဝတ်ထားတဲ့စကာဒ်နဲ့ တစ်ပုံစံတည်းတူတဲ့ နောက်တစ်ထည်ကိုကိုင်လို့ ကျွန်တော့်နား လျှောက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ရပြီ၊ ငွေရှင်းဖို့ ကောင်တာရှေ့ လိုက်ခဲ့လေ"

နှစ်ယောက်သား ကောင်တာရှေ့ရောက်တော့ နဒီက လက်ထဲက စာကဒ်ကို ကောင်တာပေါ်တင်ပေးလိုက်တယ်။ စာရေးမလေးက အဲဒီစာကဒ် ကိုယူပြီး တံဆိပ်ပါ ကွန်ပျူတာကုတ်ကို စက်နဲ့ရိုက်ပြီး ကြည့်လိုက်တယ်။ ပြီး ပေါ့ပေါ့ပါးပါးပဲ လှမ်းပြောလာပါတယ်။

"ခြောက်သောင်းခုနှစ်ထောင်ပါ မမ"

သွားပြီဆိုပြီး ကျွန်တော့်စိတ်ထဲက ရေရွတ်ရင်း မျက်နှာတစ်ခုလုံး ထူအမ်းသွားရတယ်။ စာကဒ်တစ်ထည် ဒီလောက်ဈေးကြီးလိမ့်မယ်လို့ လုံးဝ မထင်ထားမိတာ အမှန်ပါ။ ခုလည်း ဘာလုပ်ရမှန်းမသိဘဲ လက်ထဲက ပိုက်ဆံနှစ်သောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတယ်။

နဒီက ဘာမှမသိသလိုပုံစံလေးနဲ့ ကျွန်တော့်ကိုကြည့်ပြီး ...

"စိုးခန့် ... ပိုက်ဆံပေးလိုက်လေ၊ ခြောက်ဆယ့်ခွန်တဲ့"

ကျွန်တော် ဘာလုပ်နိုင်ဦးမှာလဲ။ အသက်ဝဝရှူရင်း နဒီ့ကို ခပ် တိုးတိုး ကပ်ပြောရတော့တယ်။

"ဟိုလေ မနဒီ ... ကျုပ်မှာက ပိုက်ဆံနှစ်သောင်းလောက်ပဲ ပါတာဗျ၊ အဲဒါ မလောက်လို့လေ"

စကားအဆုံးမှာပဲ နဒီဟာ မျက်နှာကို သုန်မှုန်ပစ်လိုက်ပြီး အသံ ခပ်ကျယ်ကျယ်နဲ့ ...

"ဟင် ... ယောက်ျားဖြစ်ပြီး ပိုက်ဆံလေး နှစ်သောင်းပဲပါတယ် ဟုတ်လား၊ ဒါနဲ့များ ဝယ်ပေးမယ်ဆိုပြီး လိုက်လာသေးတယ်"

ရေနွေးပူနဲ့ အပက်ခံလိုက်ရသလို ကျွန်တော့်မျက်နှာဟာ ပူပျစ်ဖေး





ထန်းသွားရတယ်။ စိတ်ကို အနိုင်နိုင်ထိန်းရင်း ပြောဖို့ စကားရှာနေချိန်မှာပဲ နဒီက ဘာမှမဖြစ်တော့တဲ့ပုံစံလေးနဲ့ ...

"ကဲပါ ... အဲဒီနှစ်သောင်းပဲပေး၊ ကျန်တာ ကျွန်မ စိုက်လိုက် မယ်"

ပြောရင်း သူ့လက်ကိုင်အိတ်ထဲက ထောင်တန်အုပ်ကိုထုတ်ပြီး လိုတဲ့ငွေကို ရေတွက်ပေးလိုက်တယ်။ ကျွန်တော့်မှာတော့ ဒေါသပဲ ဆက် ထွက်ရတော့မလို၊ အဲဒီဒေါသကို မျိုချပြီး ကျေးဇူးပဲ ပြောင်းတင်ရတော့မလို ဖြစ်လို့။

ဇာတ်လမ်းက အဲဒီမှာတင် မပြတ်သေးဘူး၊ ကားပေါ်ပြန်ရောက် ရောက်ချင်း မေးလာတဲ့စကားကြောင့် ကျွန်တော့်မှာ တွန့်သွားရပြန်တယ်။

"စိုးခန့် ... ငါ ခုနက စိုက်ပေးထားတဲ့ပိုက်ဆံကို ဘယ်တော့ပြန် ပေးမှာလဲ"

လာပြန်ပြီ နောက်တစ်မှု၊ ကျွန်တော် ခေါင်းပဲ တဖျင်းဖျင်းကုတ် မိတော့တယ်။ ခုလို ရက်ပိုင်းမှာ ပိုက်ဆံငါးသောင်းနီးပါးက ရှာလို့မလွယ် လောက်ဘူးလေ။ ဒီတော့ ခပ်တည်တည်ဟန်လုပ်ပြီး ...

"လောလောဆယ်တော့ ဘယ်လွယ်မလဲဗျ၊ ခင်ဗျားလို သူဌေး သမီးမှ မဟုတ်တာ၊ ဒါပေမဲ့ လကုန်လို့ လစာထုတ်ပြီးတာနဲ့ ကျုပ် ပြန်ပေး မယ်"

"ဘယ်ဖြစ်မလဲ၊ ဒီနေ့ကိစ္စ ဒီနေ့ အပြတ်ရှင်းရမှာပေါ့၊ ခုနကတောင် ဆိုင်ထဲမှာမို့လို့ ရှင့်ကို ကူညီတာနော်"

ပြန်ပြီးကျေးဇူးတင်ရမလိုတောင် ဖြစ်နေသေးတယ်။ ဒါပေမဲ့ လော


www.burmeseclassic.com

www.burmeseclassic.com

လောဆယ်မှာတော့ ဘယ်လိုမှ မတတ်နိုင်တဲ့ အခြေအနေမို့လို့ ...

"ဒီနေ့တော့ ဘယ်လိုမှ မတတ်နိုင်ဘူး မနုဒီရာ၊ ခင်ဗျားလိုချင်ရင် အဲဒီပိုက်ဆံနဲ့တန်တဲ့ ကျုပ်အသားကိုပဲ လှီးယူသွားတော့"

စကားအဆုံးမှာ နုဒီက ဝင့်ခနဲ ပြုံးတယ်။ မိထားတဲ့သားကောင်ကို ခြေထောက်နဲ့ နင်းထားပြီး အောင်မြင်မှုရလိုက်တဲ့ မုဆိုးတစ်ယောက်ရဲ့အပြုံး မျိုးပေါ့။ ပြီး စကားကိုလည်း စီးစီးပိုင်ပိုင်ပြောလာတယ်။

"နင့်စကားကိုတော့ ကြိုက်သွားပြီ စိုးခန့်၊ ဒါပေမဲ့ နင့်အသားကို တော့ လှီးမယူချင်ပါဘူး၊ အဲဒီပိုက်ဆံနဲ့ တန်တဲ့ လုပ်အားတစ်ခုတော့ ပြန် ပေးရလိမ့်မယ်"

"ပြီးရောဗျာ၊ ခင်ဗျားသဘော"

စိတ်ပေါက်ပေါက်နဲ့ ပြောပစ်လိုက်တယ်။ နုဒီဟာ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ကျွန်တော့်ကို အငြိုးတကြီး လက်စားချေချင်နေတယ်ဆိုတာ ပိုပြီး သဘောပေါက်လာရတယ်၊ အဲဒါကြောင့် ကျွန်တော် ချောင်ပိတ်မိအောင် ဖက်ထားတဲ့ ဖဲတွေကို တစ်ချပ်ပြီးတစ်ချပ် လှန်ပြနေတာပေါ့။ ခုလည်း စိုက်ထားတဲ့ပိုက်ဆံနဲ့တန်အောင် ဘာလုပ်ခိုင်းဦးမလို့လဲ မသိဘူး။

ကျွန်တော် ဘာစကားမှ ထပ်မပြောဘဲ ငြိမ်နေတော့ သူကလည်း ပါးစပ်ပိတ်ပြီး ကားကိုမောင်းနေပါတယ်၊ မိနစ်နှစ်ဆယ်လောက်ကြာတဲ့ အချိန်မှာတော့ ကားလေးဟာ ဆိတ်ငြိမ်ရပ်ကွက်ထဲက ခြံတစ်ခြံရှေ့မှာ ထိုးရပ်သွားတယ်။ ကားဟွန်းနှစ်ချက်လောက် တီးလိုက်တော့ ခြံတံခါးက ပွင့်လာပါတယ်။ တိုက်ရှေ့ ပေါ်တီခုံအောက်အရောက်မှာ နုဒီက ကားရပ် လိုက်ရင်း ...



"စိုးခန့် ... ကားပေါ်ကဆင်းပြီး အောက်မှာ ခဏစောင့်နေဦး ... ဒေနေ ငါ ပြန်လာခဲ့မယ်"

သိပ်မကြာလိုက်ပါဘူး၊ နုဒီ ပြန်ရောက်လာပြီး ကျွန်တော့်ကို မောင်း ပါလေရော။ ပထမ သူ့ကားကို ရေဆေးခိုင်းတယ်၊ ပြီး ... ခြံထဲမှာ အမှိုက် တွေ ရှင်းခိုင်းတယ်။ အဲဒီလောက်ထိ ရပါသေးတယ်။ ကျွန်တော်က ငါး သောင်းနီးပါးပိုက်ဆံကို လုပ်အားနဲ့ ပေးဆပ်နေရတာကိုး။ ဒါပေမဲ့ နေ့လယ် ပိုင်းရောက်တော့ ထမင်းကျွေးမလားမှတ်တယ်၊ ဘယ်ဟုတ်မလဲ၊ ရေနွေး ကြမ်းတစ်အိုးနဲ့ ထန်းလျက်တစ်ပန်းကန် လာချပေးတာဗျ။ မတတ်နိုင်တော့ ဘူးလေ။ ဗိုက်ဆာလာတော့လည်း ထန်းလျက်ခဲကိုပဲ ရေနွေးနဲ့ မြှောချရ တော့တာပေါ့။

ရေနွေးကြမ်းသောက်ရင်း အမောဖြေနေချိန်မှာပဲ နုဒီရောက်လာ ပြီး ပန်းအိုးတွေရွှေ့ပေးဖို့ ထပ်ပြောတယ်၊ သူညွှန်ပြတဲ့ ပန်းအိုးတွေရွှေ့နေချိန် မှာပဲ ခြံထဲကို ကားတစ်စီး ထပ်ဝင်လာပြီး ကားပေါ်က ကောင်မလေး လေးယောက် ဆင်းလာကြပြန်တယ်၊ အဲဒီလေးယောက်ဟာ ဆူညံပွက်လော ရိုက်လို့ နုဒီ့အနားရောက်လာကြပြီး တစ်ယောက်က အရင် ...

"ဟဲ့ နုဒီ ... မနက်က နင် ခွေးသွားဝယ်တာဆို၊ ဘယ်မှာလဲ၊ ငါတို့က နင့်ခွေးကိုကြည့်ရိုင်း မုန့်လာစားတာ"

နုဒီက မျက်နှာလေးကို ရှုံ့မဲ့လိုက်ရင်း ...

"ခွေးဝယ်တဲ့ဆီကို မရောက်လိုက်ပါဘူးဟာ၊ ဒီမှာလေ ခွေးမရဘဲ အလုပ်သမားပဲ ရလာတယ်"

အဲဒီစကားက ကျွန်တော့်ကို မေးငေါ့ပြီး ပြောလိုက်မှန်း မကြည့်ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com

သိပါတယ်။ စိတ်ထဲမှာ ခံပြင်းပြီး သူတို့အားလုံးကို ဆတ်ခနဲ မော့ကြည့်လိုက်မိတယ်။ ကျွန်တော့်အကြည့်ကြောင့် အဲဒီကောင်မလေးတွေဟာ ကြောက်ဟန်လေးတွေနဲ့ ပခုံးကိုယ်စီ တွန့်လိုက်ကြတယ်။

တစ်ယောက်က ကျောချမ်းဟန်လေးနဲ့ ...

''ဟဲ့ နဒီ ... အိမ်ထဲသွားရအောင်၊ တော်ကြာ နင့်ရဲ့ခွေးမဟုတ်တဲ့ အလုပ်သမားက ထကိုက်နေဦးမယ်''

စကားအဆုံးမှာ နဒီက ကျွန်တော့်ကိုကြည့်ပြီး ...

''စိုးခန့် ... အဲဒီပန်းအိုးတွေအားလုံး ရွှေ့ပြီးမှ ရုံးပြန်၊ ကြားလား''

ဘာမှပြန်မပြောဘဲ ကိုယ့်အလုပ်ကို ကိုယ် ဆက်လုပ်နေလိုက်တယ်။ တစ်ချက်တစ်ချက် အိမ်ထဲမှာ ဟီလာတိုက်နေကြတဲ့ နဒီတို့အုပ်စုရဲ့အသံတွေကိုလည်း ကြားနေရတယ်။ ကျွန်တော့်အတင်း ပြောနေကြတာဖြစ်မှာပေါ့လို့ ခပ်ချဉ်ချဉ် တွေးမိသေးတယ်။

တကယ်တော့ ဒီနေ့ကိစ္စကို ပြန်စဉ်းစားကြည့်ရင် ကျွန်တော် ပညာအပေးခံရတာပါ။ ချမ်းသာတဲ့မိန်းကလေးတွေရဲ့ ဉာဉ်အတိုင်း အနိုင်ယူတာလည်း ဖြစ်နိုင်ပါတယ်။ စဉ်းစားရင်း စဉ်းစားရင်း ကျွန်တော့်ဘက်က နာတယ်ပေါ့လို့ တွေးမိလာတယ်။

ငါ ... ဘာပြန်လုပ်ရင်ကောင်းမလဲ။

စဉ်းစားရင်း ခြံဝလှမ်းကြည့်တော့ လမ်းဘေးခွေးလေခွေးလွင့်တစ်ကောင်ကို လှမ်းတွေ့လိုက်ရတယ်။

ထပ်စဉ်းစားတယ်။ ငါ ဒီအလုပ်က အပြုတ်ခံနိုင်လား?

ဆုံးဖြတ်ချက်တစ်ခု ချပြီးချိန်မှာတော့ ထန်းလျက်ပန်းကန်လေးကိုင်ပြီး ကျွန်တော် ခြံဝကို ထွက်လိုက်တယ်။ ခြံရှေ့လမ်းမပေါ်မှာ ဟိုဒီကြည့်နေတဲ့ ကိုရွှေခွေးဝဲစားတစ်ကောင်ကိုလည်း အသင့်တွေ့လိုက်ရပါတယ်။ ကျွန်တော်က ထန်းလျက်ခဲနှစ်လုံးလောက် ပစ်ကျွေးပြီး အဲဒီခွေးကို အရင်မြူဆွယ်ကြည့်လိုက်တယ်။ ထန်းလျက်ခဲဆိုတာကလည်း ဒင်းလို လမ်းဘေးခွေးအဖို့ သည်းခြေကြိုက်ဆိုတော့ အမြီးလေးနန့်ပြီး ပါလာတာပေါ့။

ထန်းလျက်ခဲကို တစ်လုံးချင်း ချကျွေးပြီး အိမ်ခြံဝင်းထဲထိ ခွေးကို မျှားခေါ်လာခဲ့တယ်။ ခွေးနဲ့ကျွန်တော် ပေါ်တီအောက် ရောက်တဲ့အထိ ပန်းကန်ထဲမှာ ထန်းလျက်ခဲက ဆယ်လုံးလောက်တောင် ကျန်သေးရဲ့။

အိမ်ထဲက နဒီတို့ရဲ့ ရယ်သံတွေကို ကြားနေရသေးတယ်။ ခွေးကလည်း ကျွန်တော့်ကို ထန်းလျက်ခဲ ထပ်ကျွေးဦးမလား မျှော်လင့်တကြီးမော်ကြည့်တယ်။

ကျွန်တော် ကျောပိုးအိတ်ကို အရင်လွယ်လိုက်ပါတယ်။ အသင့်အနေအထားပြင်ဆင်ပြီးချိန်မှာတော့ ခွေးကို ထန်းလျက်ခဲတွေပြပြီး အိမ်အဝကနေ တစ်ခဲချင်း အထဲထိ လှမ့်သွင်းပေးလိုက်ပါတယ်။ ကိုရွှေခွေးကလည်း ထန်းလျက်ခဲဖော့နဲ့ အိမ်ထဲကို အမြီးနန့်ပြီး ပြေးဝင်သွားလေရဲ့။

ပေါ်တီအောက်က ကျွန်တော် ထွက်လာတဲ့အချိန်မှာတော့ ခုနက နဒီတို့ရဲ့ ရယ်မောသံတွေအစား ခွေးနဲ့လူ ဝရုန်းသုန်းကားဖြစ်ပြီး အော်ဟစ်ပြေးလွှားသံတွေသာ ဆူညံလို့ ကျန်ရစ်ခဲ့ပါတယ်။

တစ်ဆက်တည်း နောက်နေ့ ကျွန်တော် အလုပ်သွားစရာမလိုတော့ဘူးဆိုတာကိုလည်း တိတိကျကျ နားလည်လိုက်ပါတယ်။

■







www.burmeseclassic.com

www.burmeseclassic.com

## (၄)

"မင်းပြောပုံအရဆိုရင် မင်းက အလုပ်ပြုတ်လာတာမှ မဟုတ်တာ၊ မင်းဟာမင်း နောက်နေ့ မသွားတော့တာလေ"

ကျွန်တော့်စကားအဆုံးမှာ ကိုကြီးဇော်က စောဒကတက်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့နှစ်ယောက်စလုံး လက်ဖက်ရည်ဆိုင်ထဲကို ရောက်နေပါပြီ။ ကော်ဖီလက်ဖျော်ကို တစ်ငုံငုံလိုက်ရင်း ကျွန်တော်က . . .

"အတူတူပါပဲ ကိုကြီးဇော်ရာ၊ အဲဒီနေ့က မပြုတ်လည်း နောက်နေ့ သက်ဦးပြန်လာတော့ ဖြုတ်စာပါလာတယ်ဗျ"

"ထားပါတော့၊ ဒါနဲ့ပဲ မင်းက ငါ အလုပ်လုပ်နေတဲ့ကုမ္ပဏီမှာ အလုပ်ဝင်လျှောက်တာပေါ့၊ ဒီလိုလား"

"အင်းလေ . . . ကုမ္ပဏီမှာ ကိုကြီးဇော်လို လူခံရှိတော့ အလုပ်များ





ရလွယ်မလားလို့ပါ"

စကားအဆုံးမှာ ကိုကြီးဇော်က အမြန်ပဲ လက်ကာပြလာတယ်။ ပါးစပ်ကလည်း . . .

"ဟာ . . . ဟော့ကောင် မောင်ကျုပ် ငါက ကုမ္ပဏီမှာ ဒရိုင်ဘာ အဆင့်ပဲ ရှိတာနော်၊ မင်း အလုပ်ရဖို့အတွက် ဘာမှဝင်မပြောပေးနိုင်ဘူးကွ"

"သိပါတယ်၊ ဒါပေမဲ့ . . . ကျုပ်ရဲ့လျှောက်လွှာကိုတော့ တင်ပေး နိုင်သေးတာပဲ၊ မဟုတ်ဘူးလား"

ကိုကြီးဇော်က သက်ပြင်းသဲ့သဲ့ချတယ်။ ပြီးမှ . . .

"ငါ ကူညီနိုင်သလောက်ကတော့ ကူညီပါတယ် မောင်ကျုပ်ရာ၊ မင်းကိုလည်း အလုပ်ရစေချင်ပါတယ်၊ အဲဒါကြောင့်လည်း မင်းသိဖို့ လိုအပ်တဲ့ ကုမ္ပဏီရဲ့ တချို့အကြောင်းတွေကို ငါ ကြိုပြီးပြောပြထားတာပေါ့"

ဟုတ်ပါတယ်။ သူတို့ကုမ္ပဏီမှာ လျှောက်လွှာတင်စဉ်ကတည်းက ကုမ္ပဏီနဲ့ပတ်သက်ပြီး သိသင့်တဲ့အကြောင်းလေးတွေကို ကိုကြီးဇော်က ပြောပြထားပါတယ်။ ဒီကုမ္ပဏီဟာ ဆေးဝါးဖြန့်ဖြူးတဲ့ကုမ္ပဏီဆိုတာရယ်၊ တခြားဘာညာသရကာပေါ့ဗျာ။ ကိုကြီးဇော်အပြောကတော့ အင်တာဗျူး ဖြေရင် လွယ်အောင်လို့ ဆိုလား။

မနက်စာ စားသောက်ပြီးစီးတော့ လက်ဖက်ရည်ဆိုင်ကနေ ကိုကြီး ဇော်တို့ကုမ္ပဏီကို ချီတက်ခဲ့ကြတယ်။ ရောက်တော့ ကိုကြီးဇော်က ကျွန်တော့် ကို အင်တာဗျူးဖြေရမယ့်နေရာကို ညွှန်ပြပြီး အလုပ်လုပ်ဖို့ ပြန်ထွက်သွား တယ်။

အင်တာဗျူးဖြေမယ့်အခန်းရှေ့မှာ ကျွန်တော့်လို လာဖြေကြတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ခြောက်ယောက်၊ ခုနစ်ယောက်လောက်တောင် ရှိမလားမသိဘူး။ ကျွန်တော်လည်း လွတ်နေတဲ့ခုံတစ်ခုံမှာ အသာဝင်ထိုင်နေလိုက်တယ်။ ခုမှ သေသေချာချာကြည့်မိတော့ လာဖြေကြတာက ကျွန်တော်မပါဘဲ ယောကျ်ားလေး သုံးယောက်၊ မိန်းကလေးသုံးယောက်တောင်ဗျ။ ကျွန်တော်နဲ့ပါဆို အားလုံး ခုနစ်ယောက်ပေါ့။ ဒီခုနစ်ယောက်ထဲကမှ ဘယ်နှယောက်ခေါ်မလဲတော့ မသိဘူး။ အဲဒီအချိန်မှာပဲ ကျွန်တော်နဲ့ အနီးဆုံးရှိနေတဲ့ ကောင်မလေးတစ်ယောက်က နှုတ်ဆက်သလို မဝံ့မရဲလေး လှမ်းပြောလာတယ်။

"ဟို . . . ဒီက အစ်ကိုကလည်း အင်တာဗျူး လာဖြေတာလား မသိဘူး"

လှမ်းပြောလာတဲ့ ကောင်မလေးက ကျွန်တော့်ထက် ငယ်မယ့်ပုံပါ။ အသားညိုညိုလေးနဲ့၊ ရုပ်ကလေးကလည်း မဆိုးပါဘူး။ ဒါပေမဲ့ . . . သူ့အမေးကို ရယ်ချင်သွားလို့ ပြုံးစစနဲ့ ပြန်ပြောလိုက်တယ်။

"ဟော့အေး . . . ကျုပ်က ဒီနေရာကို ပျင်းလို့လာထိုင်နေတာ"

"အာ အစ်ကိုကလည်း . . . လုပ်တော့မယ်"

ပြောရင်း ကောင်မလေးက ရှက်ရယ် ရယ်ပါတော့တယ်။ ဟုတ်တယ်လေ။ ဒီနေရာရောက်နေတဲ့သူကို အင်တာဗျူး လာဖြေတာလားဆိုတော့ ကျွန်တော်က နောက်မိတာပေါ့။

ခဏနေတော့ ထုံးစံအတိုင်း ကောင်မလေးက အရင်မိတ်ဆက်လာပါတယ်။ အဟဲ . . .။

"အစ်ကို . . . ကျွန်မနာမည်က ပန်းအိပါ"

ကျွန်တော်က ခေါင်းညိတ်လိုက်ရင်း . . .





"အေး . . . ကျုပ်နာမည်ကတော့ စိုးခန့်တဲ့၊ မှတ်ထားပေါ့"

ပန်းအိက ပြုံးပါတယ်။ ပြီးတော့မှ . . .

"ဒါနဲ့ . . . ကိုစိုးခန့်က ရန်ကုန်ကပဲလားဟင်"

"ဟော့အေး . . . နယ်ကပါ၊ ဒါပေမဲ့ ဒီမှာနေနေတာတော့ ကြာပြီ"

"ပန်းအိကလည်း နယ်ကပါ၊ အဝေးသင်နဲ့ ကျောင်းပြီးတော့မှ အလုပ်လုပ်ဖို့ ရောက်လာတာ"

ကျွန်တော် သက်ပြင်းသဲ့သဲ့ချမိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘွဲ့ရပညာတတ်ဖြစ်ပေမယ့် ကိုယ့်မြို့ ကိုယ့်ရွာမှာနေပြီး အလုပ်လုပ်ဖို့ဆိုတာ ခုချိန်ထိ မဖြစ်နိုင်သေးပါဘူး။ တော်ရုံတန်ရုံ ဘွဲ့လောက်နဲ့ကတော့ ရွာမှာ လယ်ပြန်လုပ်ချင်လုပ်၊ ဒါမှမဟုတ် ရန်ကုန်တက်ပြီး ရရာအလုပ်ကိုသာ ဝင်လုပ်တော့၊ ဒါပဲ ရှိတယ်။ ခုချိန်ထိ အရှေ့ကို မျှော်လေတိုင်း ရာဇဝင်တွေတာ ရှိုင်းနေသေးပါတယ်။

"ကိုစိုးခန့် ဘာတွေစဉ်းစားနေတာလဲ၊ ပန်းအိမေးတာ မကြားဘူးလား"

ပန်းအိအသံကြောင့် ကျွန်တော့်အတွေးစဟာ လွင့်ထွက်သွားရပြီး–

"ဪ . . . အေး၊ ဘာလဲ မေးလေ"

"ဒီလိုပါ၊ ကိုစိုးခန့်က လုပ်ငန်းအတွေ့အကြုံ . . . အဲ ဟိုအရင်က ကုမ္ပဏီတွေ ဘာတွေမှာ အလုပ်လုပ်ဖူးလားဟင်"

"အင်း . . . လုပ်တော့ လုပ်ဖူးပါတယ်"

"ဘယ်ကုမ္ပဏီမှာလဲဟင်၊ ပြီးတော့ ဘာတွေလုပ်ရတာလဲ"

သူ့စကားကြောင့် ကျွန်တော် မသိမသာ စိတ်တိုသွားရပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . အင်တာဗျူးက အထဲမှာဖြေရမှာလား၊ ညည်းဆီမှာ အရင်ဖြေရမှာလား"

ကျွန်တော့်စကားကြောင့် ပန်းအိမျက်နှာဟာ ကွက်ခနဲပျက်သွားပြီး အားတုံ့အားနာပုံစံလေးနဲ့ . . .

"အာ . . . ဆော . . . ဆောရီးနော် ကိုစိုးခန့်၊ ပန်းအိက အတွေ့အကြုံမရှိတော့ လုပ်မိတဲ့ ကိုစိုးခန့်ကို မေးကြည့်တာပါ၊ မကြိုက်ရင် မမေးတော့ပါဘူး"

အဲဒီလိုဆိုတော့လည်း ကျွန်တော် သူ့ကို သနားသွားမိတယ်။ ဒါနဲ့ပဲ ကျွန်တော် ဘယ်ကုမ္ပဏီမှာ လုပ်ဖူးတယ်၊ ဘာတွေလုပ်ရ၊ ကိုင်ရတယ် ဆိုတာ နည်းနည်းပါးပါး ပြောပြဖြစ်တယ်။

ကျွန်တော်နဲ့ပန်းအိ စကားကောင်းနေကြတဲ့အချိန်မှာပဲ ရုံးခန်းထဲက ကောင်မလေးတစ်ယောက် ထွက်လာပြီး အင်တာဗျူးဖို့ လူတွေကို တစ်ယောက်ချင်း စ,ခေါ်ပါတော့တယ်။

ဖြေရတဲ့နေရာမှာ ပန်းအိက ကျွန်တော့်ထက် စောပါတယ်၊ ဖြေပြီး ပြန်ထွက်လာတော့ ပန်းအိက . . .

"အဆင်ပြေအောင်တော့ ဖြေခဲ့တာပဲ၊ ရ,မရတော့ မသိဘူး။ သွားတော့မယ်နော် ကိုစိုးခန့်"

"အေး, အေး . . . ငါ့အလှည့်ကတော့ စောင့်ရဦးမယ်နဲ့ တူတယ်"

ပန်းအိ နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ တကယ်တမ်းကျတော့လည်း ကျွန်တော်က နောက်ဆုံးမှ ဖြေရတာပါ။





ရုံးခန်းထဲဝင်သွားတော့ ဥပဓိရုပ်သန့်တယ်လို့ ပြောလို့ရတဲ့ အသက်လေးဆယ်အရွယ် လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ အသားဖြူဖြူ ခေါင်ကောင်းဟန်ရှိပေမယ့် နဖူးကတော့ နည်းနည်းပြောင်နေပြီ၊ အဲဒီလူဟာ ကိုကြီးဇော်ပြောတဲ့ မန်နေဂျာဦးသန့်ဇင်ပဲ ဖြစ်ရမယ်လို့ ကျွန်တော် တွေးမိတယ်။

စားပွဲရှေ့ရောက်တော့ အဲဒီပုဂ္ဂိုလ်ကပဲ လက်ညွှန်ပြရင်း . . .

"ထိုင်ပါ မောင်ရင်၊ ကိုယ့်နာမည်ကတော့ သန့်ဇင်ပါ၊ ဒီက မန်နေဂျာပဲ ဆိုပါစို့"

ကျွန်တော်လည်း ဝင်ထိုင်လိုက်ပြီး . . .

"ဟုတ်ကဲ့၊ ကျုပ်နာမည်ကတော့ စိုးခန့်ပါ"

စကားအဆုံးမှာ ဦးသန့်ဇင်က ဆတ်ခနဲ လှမ်းကြည့်တယ်။ ပြီးတော့ ပြောသေးဘဲ ကျွန်တော့်ရဲ့လျှောက်လွှာကို ပြန်ဖတ်တယ်။ ခေါင်းငုံ့ပြီး တဆတ်ဆတ်ညိတ်ရင်း နှစ်ခါလောက် အစုန်အဆန် ဖတ်ပြီးမှ . . .

"အင်း . . . ကိုစိုးခန့်က လုပ်ငန်းအတွေ့အကြုံရှိသားပဲ၊ အရင်လုပ်ခဲ့တဲ့ ရာထူးက"

"မတ်ကက်တင်း စူပါဘိုက်ဇာပါ"

"ကောင်းပါတယ်၊ ကုန်ပစ္စည်းချင်း မတူပေမယ့် ထမ်းဆောင်ရမယ့် တာဝန်က သိပ်မကွာလောက်ပါဘူး"

"ဟုတ်ကဲ့၊ ကျုပ်လည်း ကောင်းကောင်းကြိုးစားပြီး လုပ်မှာပါ"

ကျွန်တော်ကတော့ စိတ်ရင်းနဲ့ အရိုးခံပြောလိုက်တာပါ။ ဒါကို သူက ဘယ်လိုထင်တယ်မသိပါဘူး။ မျက်နှာခပ်မဲ့မဲ့နဲ့ ကြည့်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ . . . ကိုစိုးခန့်က စကားပြောရင် ကျုပ်, ကျုပ်နဲ့ ပြောတယ်နော်၊ အဲဒါ . . . တစ်မျိုးများ"

သူ့စကားမဆုံးခင်မှာပဲ ကျွန်တော်က လက်ကပျာကယာ ကာပြလိုက်ရင်း . . .

"ခဏ . . . ခဏလေး၊ အဲဒီကိစ္စက ဒီလိုပါ ဦးသန့်ဇင်"

"ကိုသန့်ဇင်လို့ပဲ ခေါ်ပါ၊ ကိုယ် ဒီလောက် အသက်မကြီးသေးပါဘူး"

အရေးထဲ ဒင်းက လာနေသေးတယ်၊ ကျွန်တော်က အလိုက်သင့် ခေါင်းညိတ်ပြလိုက်ပြီးမှ . . .

"ဟုတ်, ဟုတ်ကဲ့ ဟို . . . ခင်ဗျား . . . အဲ . . . ကိုသန့်ဇင် အသက်မကြီးသေးမှန်း ကျုပ် သိပါတယ်၊ ဒါပေမဲ့ တစ်ခု ကြိုတောင်းပန်ထားချင်တာက ကျုပ်ရဲ့အားနည်းချက်ကိုပါ၊ အဲဒါက စကားပြောရင် ကျုပ်ဟာ ခင်ဗျားနဲ့ကျုပ်နဲ့ ပြောတတ်တာ အရိုးစွဲနေပြီဗျ၊ ဘယ်သူ့ကိုမှ မလေးစားလို့ မဟုတ်ပါဘူး၊ အဲဒီလို အကျင့်ဖြစ်နေတာကိုတော့ ကျုပ်ကို နားလည်ပေးပါလို့ ကြိုပြီး တောင်းပန်ထားချင်တာပါ"

ကိုသန့်ဇင်ဟာ အောင့်သီးအောင့်သက်မျက်နှာကြီးနဲ့ ကျွန်တော့်ကို အရင်ကြည့်တယ်။ ပြီး သက်ပြင်းကိုလည်း မပေါ့မပါးပုံစံနဲ့ ချလိုက်ရင်း–

"အင်းလေ . . . ဒါကလည်း ခင်ဗျားရဲ့ အရိုးခံအကျင့်ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ လောလောဆယ် ခင်ဗျားကို အလုပ်ခန့်မခန့်ဆိုတာလည်း မသေချာသေးတော့ နောက်မှပဲ ဒီကိစ္စကို ပြောကြတာပေါ့၊ ဒီနေ့ အင်တာဗျူးကတော့ ဒီလောက်ပါပဲ၊ ခန့်ဖြစ်တယ်, မခန့်ဖြစ်ဘူးဆိုတာ



တော့ ခင်ဗျားဆီ ဆက်သွယ်ပြီး အကြောင်းကြားလိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ ကျုပ် မှန်းစောင့်နေပါ့မယ်"

ကျွန်တော့်စကားကြောင့် ကိုသန့်ဇင်က အနင်လက်ကျန်လေးနဲ့ ဆတ်ခနဲ လှမ်းကြည့်တယ်။ ပြီး . . . ကောင်းပါပြီကွာလို့လည်း ခပ်ဖော့ဖော့လေး ထပ်ပြောလိုက်သေးရဲ့။

ကျွန်တော်ကတော့ အင်တာဗျူးတစ်ခုကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ဖြေပြီးပြီမို့ ခပ်အေးအေးပဲ ပြန်ထွက်လာခဲ့ပါတယ်။

အပြန်လမ်းမှာ ကျွန်တော် တစ်ခုစဉ်းစားမိတယ်။ ကျွန်တော်တို့ဟာ ဘဝထဲက အင်တာဗျူးတွေကိုလည်း အသက်ရှုမရပ်သရွေ့ ဘယ်လောက်များ ဖြေနေရဦးမလဲ မသိဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ကျွန်တော် အိမ်ပြန်ရောက်တော့ နှစ်နာရီကျော်ပဲ ရှိသေးတယ်။ ဒါတောင် မြို့ထဲမှာ ထမင်းသွားစားပြီး ဟိုဒီလျှောက်ကြည့်နေလို့ အဲဒီလောက် ကြာသွားတာ။ ပျင်းပျင်းရှိတာကြောင့် ရုပ်ရှင်ဝင်ကြည့်မလားဆိုပြီး စဉ်းစားသေးတယ်။ နောက်တော့ ရုပ်ရှင်ပွဲချိန်ကလည်း ကိုးလိုးကန့်လန့်ဖြစ်နေတာမို့ စာအုပ်ဆိုင်မှာ စာအုပ်တချို့ဝယ်ပြီး အိမ်ကိုပဲ တန်းပြန်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့ ဘာမှမလုပ်ဖြစ်သေးဘဲ ခုတင်ပေါ်လှဲပြီး ကိုယ့်အကြောင်းကိုယ် ပါးပါးလေးစဉ်းစားမိတယ်။ ရန်ကုန်မှာနေချင်တဲ့ ကျွန်တော်ဟာ ကျောင်းပြီးလို့ ဘွဲ့ရပြီးကတည်းကပဲ နယ်ကိုမပြန်ဘဲ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ဒီမှာနေဖြစ်နေတာ ဒီနေ့ထိပဲ။ ဘွဲ့ယူတုန်းကတောင် နယ်က မိဘတွေက ကျွန်တော့်ဆီ လိုက်လာရတာ။



ကျွန်တော် မပြန်ဖြစ်ပေမယ့် နယ်မှာရှိနေတဲ့ အမေကတော့ နှစ်လတစ်ခါလောက် ကျွန်တော့်ဆီ လာပါတယ်။ သားတော်မောင် ဘာတွေလိုအပ်သလဲ လာထောက်ပံ့တာပါ။ နောက်ဆုံးတစ်ခေါက်လာတုန်းကတောင် ဆက်သွယ်ရတာ ပိုအဆင်ပြေအောင်ဆိုပြီး တန်ဖိုးနည်း ဖုန်းတစ်လုံး ဝယ်ပေးသွားသေးတယ်။ အဲဒါကြောင့် ကျွန်တော့်မှာ အလုပ်မရှိ အကိုင်မရှိပေမယ့် ဖုန်းနဲ့ကံနဲ့ ဖြစ်နေတာပေါ့။

အဲဒီလို တောင်တောင်အီအီ စဉ်းစားနေတုန်းမှာပဲ . . .

"ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ အမှတ် (၃၄) ရပ်ကွက်နေသူ မအေးအေးဇော်က တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်နေသူ သက်ပိုင်ဝင်းရွှေအတွက်၊ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်မှ မောင်မင်းဟန်က မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်နေထိုင်သူ မဖွေးဥအတွက်၊ ထန်းချောင်းမြို့နယ်မှ ကိုစိုးသူရက ဘိုကလေးမှ မနွေးနွေး နားဆင်ဖို့အတွက်"

အနီးအနားက ထွက်လာတဲ့ အသံကြောင့် မျက်လုံးပြူးသွားရတယ်။ ဘာလဲဟာဆိုပြီး ဆန်းစစ်ကြည့်လိုက်တော့မှ ဖုန်းက ထွက်လာတဲ့ အသံမှာ တိုကောင် သက်ဦး ကျွန်တော့်ဖုန်းကို ကလိပြီး ရိန်းတုန်းပြောင်းသွားတာပဲ ဖြစ်မယ်။ တွေးရင်းနဲ့ ဖုန်းကို ကမန်းကတန်း ဖွင့်ကိုင်လိုက်ရတယ်။

"ဟဲလို"

"အေး . . . သားလား၊ အမေပါ"

အမေ့အသံကြောင့် ရင်ထဲမှာ နွေးခနဲဖြစ်သွားရတယ်။ ချက်ချင်းပဲ ကျွန်တော်က . . .

"ပြော . . . အမေ"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အမေက နယ်ပြန်လာဖို့ဆိုတဲ့ ဓာတ်ပြားဟောင်းကို အရင်ဖွင့်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ဆိုတော့ . . .

“ပြန်မလာချင်ပါဘူး အမေရာ၊ ကျုပ်လယ်မလုပ်ချင်တာ အမေတို့ အသိပဲလေ၊ အဲဒီလယ်တွေက အစ်ကို ဦးစီးရုံနဲ့ အဆင်ပြေနေသားပဲဥစ္စာ”

“ဟုတ်တော့ ဟုတ်ပါတယ် သားရဲ့၊ ဒါပေမဲ့ သားအဖေက သိတဲ့ အတိုင်းပဲလေ၊ ရန်ကုန်မှာ အနေအစားကျပ်နဲ့ ကုတ်ခြစ်မနေဘဲ နယ်ကို ပြန်လာပြီး မိသားစုနဲ့အတူ လုပ်ကိုင်စားသောက်ပါလားတဲ့”

“တော်တော့ အမေ၊ ကျုပ် နယ်ကိုပြန်လာပြီး မိသားတစ်စုလောက် ရဲ့အရေးကို ကြည့်လို့မရဘူးဗျ၊ ဒီအချိန်ဟာ တိုင်းပြည်အတွက် အရမ်းအရေး ကြီးတဲ့အချိန်ကို ရောက်နေပြီ၊ အဲဒီအတွက် အုတ်တစ်ချပ်, သဲတစ်ပွင့်ပဲ ဖြစ်ဖြစ် ပါဝင်ကူညီလို့ရအောင် ကျုပ် ရန်ကုန်မှာ နေနေရဦးမှာပဲ၊ အဖေ့ကို ပြောလိုက်ပါ အမေ . . . လူငယ်ဆိုတာ နောက်ပြန်လှည့်ပြီး အနာဂတ်ကို ကျောမခိုင်းဘူးလို့”

ကျွန်တော့်စကားကြောင့် အမေ ခဏတော့ အသံတိတ်သွားတယ်။ ကျွန်တော်ကလည်း နယ်ကို မပြန်ချင်တဲ့စိတ်ရယ်၊ လက်ရှိ နိုင်ငံရေးအပြောင်း အလဲအခြေအနေရယ်ကို ရောပြီး ပြောဖြစ်သွားတာပါ။ အတန်ကြာတော့မှ အမေက လေသံပျော့ပျော့နဲ့ . . .

“သားပြောတာတွေကိုတော့ အမေ သိပ်နားမလည်ပါဘူးကွယ်၊ ပြန်မလာဖြစ်သေးဘူးဆိုလည်း ပြီးတာပဲ၊ လိုအပ်တာရှိရင် ဖုန်းဆက်လိုက် လေ၊ ဒါပဲနော်၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး”

ပြောပြီး အမေ ဖုန်းချသွားတယ်။ သူ့စကားကြောင့် တင်းထားတဲ့





ဆန္ဒလေးတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ ဘာပဲဖြစ်ဖြစ် အမေနဲ့ စကားပြောရတာဟာ သားတစ်ယောက်အတွက် အမြဲအားရှိပါတယ်။

အနာဂတ်ကိုငေးလို့ ဟိုတွေးဒီတွေး တွေးရင်း ကျွန်တော် မှေးခနဲ ဖြစ်သွားရတယ်။ ဘယ်လောက်အထိ အိပ်ပျော်သွားလဲဆိုရင် ငါးနာရီခွဲလို့ သက်ဦး လှုပ်နှိုးတော့မှ နိုးတော့တာ။

သက်ဦးက ကျွန်တော် မျက်စိဖွင့်ဖွင့်ချင်းပဲ . . .

“ဘယ်လိုလဲ မောင်ကျုပ် . . . အင်တာဗျူးသွားဖြေတာ အဆင်ပြေ ရဲ့လား”

ကျွန်တော်က မျက်စိနှစ်လုံးကို စုံပွတ်လိုက်ရင်း . . .

“ပြေလားဆိုတော့ တို့နိုင်ငံရဲ့ အင်တာဗျူးထုံးစံအတိုင်းပေါ့ကွာ၊ မေးချင်တာတွေမေး၊ ပြီး နောက်မှအကြောင်းပြန်မယ်ပေါ့၊ အဲ . . အကြောင်း မကြားလာရင်တော့ ဓာတ်ပုံထပ်ရိုက်ပြီး စီဗွီ (CV) ဖောင်သာ ထပ်ဖြည့်ထား ပေတော့”

ကျွန်တော့်စကားကြောင့် သက်ဦးက တဟားဟားရယ်တယ်။ ပြီးမှ—

“ဟုတ်ပါပြီ မောင်ကျုပ်ရာ၊ မင်းဓာတ်ပုံ ထပ်မရိုက်ပါစေနဲ့လို့ပဲ ငါ ဆုတောင်းပါတယ်”

အဲဒီအချိန်မှာပဲ ဖုန်းက ထမြည်လာပြန်တယ်။

ရိန်းတုန်းသံကြောင့် ကျွန်တော့်ဲ သက်ဦးကို စောင်းငန်းငန်းကြည့် လိုက်တော့ ခင်းက စပ်ဖြဲဖြဲပုံစံနဲ့ . . .

“ဟဲ ဟဲ . . . မင်းအတွက် ရိန်းတုန်းအသစ်အဆန်းလေးတွေ ဘလူးတုဒ်(ပ်)နဲ့ ပို့ပေးထားတာပါကွ၊ ဒီနေ့တောင် အသစ်ကလေးတွေထင်



www.burmeseclassic.com

www.burmeseclassic.com



ရလာသေးတယ်၊ ကြည့်ဦးမလား''

''တော်ပြီ၊ တော်ပြီ . . . ဟောကောင်၊ ကျုပ် အဲဒီလို အညီအဟောက်တွေ ဝါသနာမပါဘူး၊ မင်း အဲဒီလောက် ဖြန့်ဝေချင်ရင် ရပ်ကွက်ထဲက မျိုးမင်းမြတ်ကိုပဲ ပေးလိုက်၊ သူက သိပ်ဝါသနာပါတာ၊ သူ့ဖုန်းထဲက မင်မိုရီကတ် အိတ် (8) ဂစ်မှာတောင် အဲဒါတွေ အပြည့်ပဲ''

''အဟဲ . . . ဒါကတော့ ဝါသနာကိုးကွ''

သက်ဦးက ပြုံးဖြီးဖြီးနဲ့ ပြန်ပြောလာတယ်။ ဒီကောင့်အတွက် ဖုန်းတစ်လုံးရှိတာ တော်တော့်ကို အသုံးဝင်ပါတယ်။ ကျွန်တော့်လို ဖုန်းပြောရုံသက်သက် မဟုတ်ဘူး။ အင်တာနက်လိုင်းပါ ချိတ်ထားတော့ ကောင်းတာတွေရော၊ မကောင်းတာတွေပါ ဒီကောင့်ဖုန်းနဲ့ အကုန်ကြည့်လို့ ရတယ်။ ပထမတော့ ဒီကောင် ပြော,ပြောနေတဲ့ ဒေါက်တာချက်ကြီးဆိုတာကို ဆရာဝန်လို့ ထင်နေသေးတာ။ သေသေချာချာမေးကြည့်တော့မှ ဘယ်ကလာ ဆရာဝန် ဟုတ်ရမှာလဲ။

ထားပါတော့။ ခုလောလောဆယ် ဖုန်းဝင်လာလို့ အရင်ကိုင်လိုက်တယ်။ နံပါတ်က အစိမ်း။ အရောင်ကိုပြောတာ မဟုတ်ဘူး။ မသိတဲ့နံပါတ်လို့ ဆိုလိုတာ။ ဟဲလိုဆိုပြီး ထူးလိုက်တော့မှ . . .

''မောင်ကျုပ် . . . ငါပါကွ၊ ဇော်ကြီး''

''သြော် . . . ကိုကြီးဇော် ပြော . . . ဘာလဲ''

သူ့ကိုယ်သူ ဇော်ကြီးလို့ နာမ်စားသုံးပေမယ့် ကျွန်တော်တို့ကတော့ ကိုကြီးဇော်ပဲ ခေါ်တယ်။ ခုလည်း ဒင်းကြီးက . . .

''ဟေ့ကောင် . . . ဘာလဲ လုပ်မနေနဲ့၊ လမ်းထိပ်က ဘီယာဆိုင်





ကိုလာခဲ့၊ မင်းအတွက် သတင်းကောင်းပါတယ်၊ ဒါပဲ''

ပြောပြီးပြီးချင်းပဲ တစ်ဖက်သတ်ကြီး ဖုန်းချသွားတယ်။ ကျွန်တော့်အဖြေကိုတောင် မစောင့်ဘူး။

ဖုန်းကျသွားတော့မှ ကျွန်တော်က သက်ဦးကို ကြည့်ပြီး . . .

''သက်ဦး . . . ကိုကြီးဇော် ဆက်တာ''

သက်ဦးက မျက်လုံးလေးပင့်ရင်း . . .

''အေး . . . ဘာတဲ့လဲ''

''သတင်းကောင်းပါတယ် . . . တဲ့''

''အဲဒီတော့ . . .''

''ဘီယာဆိုင်ကို လာခဲ့တဲ့''

''ထားပါတော့၊ ဒါဆို မင်းသဘောက''

''အေးကွာ၊ သတင်းကောင်းပါတယ်ဆိုပေမယ့်လည်း''

''အေး''

''လမ်းထိပ်က ဘီယာဆိုင်ကိုတော့''

''မသွားတော့ဘူးလား''

''သွားမှာပေါ့ကွ၊ ပိုက်ဆံနည်းနေလို့ မင်း ထပ်ထည့်ခဲ့ဦးလို့ ပြောဆို့ကွ''

''ပြီးရောကွာ၊ ဒါလေး ပြောမယ့်ဟာကို''

သက်ဦးက ပိုက်ဆံအိတ်ယူရင်း ရှုပွပွနဲ့ ပြောလာတယ်။ တစ်ခါတစ်ခါ ကျွန်တော်ဆိုတဲ့ကောင်က စကားပြောရင်တောင် ဘာမဟုတ်တာကို ထိုင်ပတ်တတ်တဲ့ကောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲ ... တိုင်ပတ်တာက ကိစ္စမရှိသေးဘူး။ တိုင်မပျောက်အော တော့ ဂရုစိုက်ရသေးတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ပတ်စရာတိုင် မရှိမှ စိုးလို့လေ။ အဟဲ ...။

■



## ( ၆ )

ဘယ်သူ့အားကိုးနဲ့လဲတော့ မသိဘူး။ ဘီယာဆိုင်ရောက်တော့ ကိုကြီးဇော် မှာယူခင်းကျင်းထားတဲ့ အမြည်းပင်လယ်ကြီးကို အရင်တွေ့လိုက်ရတယ်။ သက်ဦးက လန့်တဲ့ပုံစံနဲ့ ကျွန်တော့်ကို ပခုံး မသိမသာတွန်းပြသာတယ်။ ကျွန်တော်လည်း အမြည်းပန်းကန်တွေကိုကြည့်ပြီး ရင်ဝခေါင့်တန်ခံလိုက်ရသလို ဖြစ်သွားတာမို့ ...

"ကိုကြီးဇော်"

"ဟေလကွာ ... ဘာလဲ"

အံမယ် ... ဒင်းက ပေါ့ပေါ့ပါးပါးပုံစံနဲ့ ပြန်ဖြေနေသေးတယ်။ ကျွန်တော်က ဝင်မထိုင်သေးဘဲ ခပ်စွေစွေကြည့်ပြီး ...

"ခင်ဗျား ဗျာ ... ကျုပ်ကို ဖုန်းလေးတစ်ချက်ပဲ လှမ်းဆက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

“အေးလေ ... ဘာဖြစ်လို့လဲ”

“ပြီး ... လမ်းထိပ်က ဘီယာဆိုင်ကို ပိုင်စိုးပိုင်နင်းနဲ့ ခေါ်တယ်”

“ခေါ်တယ်လေ”

“သတင်းကောင်း ပါတယ်လို့လည်း လာချင်အောင် မြူဆွယ်သေးတယ်”

“အေးလေ၊ ခု မင်းတို့ ရောက်လာပြီပဲ”

“ဒါပေမဲ့ ... ဗျာ”

“ဒါပေမဲ့ ... ဘာဖြစ်လဲ ဟေ့ကောင်”

“ခင်ဗျားကိုက မိုက်ရိုင်းလွန်းတယ်ဗျာ”

“ဘာ”

ကိုကြီးဇော် ပြူးပြူးပြဲပြဲနဲ့ ထအော်တော့တယ်။ သူ့ဆီက ဘာ စကားမှ ထွက်မလာခင်လေးမှာပဲ ကျွန်တော်က ...

“ဟုတ်တယ်လေ၊ ကျုပ်တို့က လူချမ်းသာတွေ မဟုတ်ဘူး အလုပ်တောင်မှ ခင်ဗျားအကူအညီနဲ့ လျှောက်ရတာ၊ ခုတော့ သတင်းကော ပါတယ်ဆိုတဲ့ စကားလေးနဲ့ ကျုပ်ကိုခေါ်ပြီး ခုလို ကိုယ်ချင်းမစာဘဲ အမြည် တွေ နင်းကန်မှာထားတာ ခင်ဗျား မိုက်ရိုင်းတာပေါ့ ကိုကြီးဇော်”

ကျွန်တော့်စကားလည်း ဆုံးရော ကိုကြီးဇော်မျက်နှာက စက္ကန့်ပိုင်း အတွင်းမှာ မီးပွိုင့်လို နီတစ်ခါ၊ ဝါတစ်လှည့်၊ စိမ်းတစ်ဖုံ အမျိုးမျိုး ပြောင်း လဲသွားလေရဲ့။ ပထမတစ်ဖြုတ်အပြီးမှာ မျက်နှာကြီးက တစ်ကျော့ပြန် လာရင်း ...

“ဟေ့ကောင် မောင်ကျုပ် ... စကားပြောရင် ဆင်ခြင်ပြောစ





ဒါ မင်းကို ထ,ထိုးမိလိမ့်မယ်၊ မင်းဆီက တစ်ဖြုန့်စ်ဖြုံ ခွစားရအောင် ငါက သောက်ချည့်ဖမ်းနေတဲ့ကောင်မို့လို့လား၊ ခုလည်း မင်းတို့ကို ကျွေးချင်မွေးချင် လို့ ငါ့ဟာငါ မှာထားတာ၊ သတင်းကောင်း ပြောမယ်ဆိုတာက သတ်သတ် မင်းကွာ ... မင်းကမှ တကယ့်သောက်တလွဲကောင်ပဲ မောင်ကျုပ်”

အဲဒီတော့မှ နားလည်မှုလွဲပြီဆိုတာ ကျွန်တော် သိလိုက်ရတယ်။ ချက်ချင်းပဲ မျက်နှာချိုသွေးပြီး အားတုံ့အားနာပုံစံလေးလုပ်ရင်း ...

“အဟီး ... အဲဒီလိုလား၊ ဆောရီးပါ ကိုကြီးဇော်ရာ၊ ကျုပ်က ပါလာတဲ့ပိုက်ဆံနဲ့ အမြည်းပန်းကန်တွေကြည့်ပြီး ရင်ဆို့သွားလို့ပါဗျ ... ဆောရီး ဆောရီး”

တောင်းပန်လိုက်တော့ သက်ဦးက ကျွန်တော့်ကို အပြစ်တင်တဲ့ လေသံနဲ့ ...

“မင်းကိုက မဆင်မခြင် စွတ်ပြောနေတာကိုးကွ၊ ကိုကြီးဇော်က အဲဒီလို လူမျိုးလားဆိုတာ အရင်စဉ်းစားဖို့ကောင်းတယ်၊ ငါကတော့ ဒီအခင်း အကျင်းကို မြင်ကတည်းက ကိုကြီးဇော် တစ်ခုခုပွဲခံလာလို့ ငါတို့ကို မြှူဆို ခေါ်လိုက်တာဆိုတာ အတပ်သိနေတယ်”

ခုမှ ဆရာကြီးပုံစံနဲ့ ချော်လဲရောထိုင်ပြောလာတဲ့ သက်ဦးကို ကျွန်တော် မကြည်သလို ကြည့်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကိုကြီးဇော်က ဆက်ကာပြရင်း ...

“ကဲ ကဲ ... တော်ကြပါတော့ လဒလေးတွေရယ်၊ မင်းတို့ရဲ့ အငြိုအချမှာတင် ငါ မျောတော့မယ်၊ ထိုင်စရာရှိတာ ထိုင်ကြ”

ကျွန်တော်တို့နှစ်ယောက်လည်း မျက်နှာငယ်လေးတွေ ဖင်တွင်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်ထိုင်လိုက်ကြတယ်။

ကိုကြီးဇော်က ဘီယာသုံးခွက် လှမ်းမှာလိုက်ရင်း . . .

"ဟော့ကောင်တွေ သောက်၊ အမြည်းတွေလည်း အကြိုက်စား၊ ငါ ဒီနေ့ ကားတစ်စီး ပွဲစားလုပ်ပေးတာ အလုပ်ဖြစ်လို့ မင်းတို့ကို ခေါ်ပြုစုတာကွ၊ အဲ . . . မောင်ကျူပ်အတွက် သတင်းကောင်းဆိုတာက"

အဲဒီနေရာမှာ ဘီယာနဲ့သောက်နေတဲ့ ကျွန်တော် ခေါင်းထောင်သွားတယ်။ ကိုကြီးဇော်က ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး . . .

"ဒီလိုကွာ . . . ဒီနေ့ ရုံးမဆင်းခင် မန်နေဂျာကိုသန့်ဇင်က ငါ့ကို ပြောတယ်၊ ခင်ဗျားလူက မဆိုးပါဘူးတဲ့၊ စကားပြောရင် ကျူပ် . . . ကျူပ်နဲ့ ပြောတတ်တာလေးတစ်ခုပဲ ပြင်ရမယ်တဲ့၊ အဲဒါ သတင်းကောင်းလေကွာ၊ အဲ . . . မင်းဘက်ကတော့ အဲဒီကိစ္စကို ပြင်ဖို့လိုလိမ့်မယ်"

"အဲဒါတော့ ကြိုးစားကြည့်ရမှာပဲ ကိုကြီးဇော်ရာ၊ ကျူပ်ကလည်း အရိုးစွဲနေပြီဆိုတော့"

ကျွန်တော့်စကားမဆုံးခင်မှာပဲ ကိုကြီးဇော်မျက်နှာဟာ ဆတ်ခနဲ တင်းသွားပြီး ဖြတ်ပြောလာတယ်။

"ဟော့ကောင် မောင်ကျူပ် . . . အရိုးစွဲနေလို့ မပြင်နိုင်ဘူး မပြောနဲ့၊ ပြင်စရာရှိရင် ပြင်ရမှာပဲကွ၊ ဘယ်အရာမှ တစ်သက်လုံး ဆုပ်ကိုင်ထားလို့ မရဘူး၊ မှားနေတာတစ်ခုကို မပြင်နိုင်ဘူးဆိုရင် မင်း လူ့ပတ်ဝန်းကျင်ရဲ့ စည်းဝိုင်းအပြင်ဘက်မှာ ထွက်နေလိုက်"

ကိုကြီးဇော်ရဲ့စကားဟာ ကျွန်တော့်တစ်ကိုယ်စာတင်မဟုတ်ဘဲ အကြောင်းအရာ တော်တော်များများနဲ့ပတ်သက်ပြီး လင်းပွင့်သွားစေပါတယ်။





အဲဒါနဲ့ပဲ ကျွန်တော် ကိုကြီးဇော်ကို ကတိပေးလိုက်တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကိစ္စကို ကျူပ် . . . အဲ . . . ကျူပ် ကျွန်တော် ရအောင်ပြင်မယ် ကိုကြီးဇော်၊ ကတိပေးတယ်"

ကျွန်တော့်စကားအဆုံးမှာ ကိုကြီးဇော်က သဘောထားပြည့်ဝတဲ့ အပြုံးမျိုး ပြုံးပြလာတယ်။ ပြီး . . . ပိုလို့တောင် သဘောထားကြီးတဲ့စကားကို ထပ်ဆိုလာသေးတယ်။

"ကဲ . . . မင်းတို့ ဒီနေ့ အမုန်းသောက်ကွာ၊ အမြည်းလည်း အကြိုက်ဆွဲ၊ ပြီးရင် . . . အဖမ်းမခံရသေးတဲ့ ကာရာအိုကေဆိုင်ကို ငါ ထိုက်ပို့ပေးဦးမယ်"

အဲဒီစကားကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံးဟာ ရီဝေနေတဲ့ စိတ်ကလေးနဲ့ ကိုကြီးဇော်ကို ဂုဏ်ပြုစကား ပြိုင်တူဆိုလိုက်မိပါတယ်။

"မြင့်မြတ်လှပါပေတယ် တို့ကိုကြီးဇော်"

■


www.burmeseclassic.com

www.burmeseclassic.com

## (၇)

ဖုန်းရိုန်းတုန်းသံ အဆက်မပြတ် မြည်နေလို့သာ အိပ်ရာက လန့်နိုး လာရတာ။ မဟုတ်ရင် တော်တော်နဲ့ ထဖြစ်ဦးမှာ မဟုတ်ဘူး။ ညက ကိုကြီးဇော်နဲ့ ရှာလွန်ရှက်တိုက်ပြီး ကဲလိုက်လို့ ညဉ့်နက်မှ အိမ်ပြန်ရောက် တာကြောင့်လည်း ပါတယ်။ ခုလည်း နိုးနိုးချင်း ခေါင်းတွေကိုက်လိုက်တာ လည်း မပြောပါနဲ့တော့။

လောလောဆယ်တော့ ခေါင်းကိုက်နေတာကို အမှုမထားနိုင်ဘဲ ဖုန်းဖွင့်ကိုင်လိုက်ရတယ်။

''ဟဲလို . . . ပြောပါ''

ကျွန်တော့်အသံက အိပ်ရေးမဝသေးတဲ့ အသံကြီးဖြစ်နေလို့လား မသိဘူး။ တစ်ဖက်က ချက်ချင်းပြန်ပြောမလာဘူး။ ဆယ်စက္ကန့်လောက်ကြာ



မှ အသံထွက်လာတယ်။

''ကိုစိုးခန့်လား မသိဘူးဗျ''

''ဟုတ်ပါတယ်၊ ကျုပ် . . . အဲ . . . ကျွန်တော် စိုးခန့်ပါ''

ကိုကြီးဇော်ကို ကတိပေးထားတာ သတိရလို့ စကားကိုထိန်းပြီး ပြောလိုက်တယ်။

တစ်ဖက်က ချက်ချင်းပဲ . . .

''ဟုတ်ကဲ့ . . . (           )ကုမ္ပဏီက ဆက်တာပါ၊ ကိုယ် . . . သန့်ဇင်ပါ ကိုစိုးခန့်''

ကုမ္ပဏီက ဆက်တာဆိုတဲ့အသိကြောင့် ကျွန်တော် လဲ့နေရာက မျက်နှာနဲ့ ထထိုင်လိုက်ရင်း . . .

''ဟုတ် ဟုတ်ကဲ့ . . . ပြောပါ ကိုသန့်ဇင်''

''ဩော် . . . ကိုစိုးခန့်က ကျွန်တော်တို့ကုမ္ပဏီမှာ အလုပ်လျှောက် သွားတာလေ၊ အဲဒါ ခင်ဗျားကို ခန့်ဖြစ်တယ်လို့ အကြောင်းကြားတာပါ''

''ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ''

''ရပါတယ်၊ အလုပ်က ခန့်လိုက်ပြီဆိုတော့ ခင်ဗျားကို မနက်ဖြန် ကစပြီး အလုပ်စဝင်ချင်တယ်ဗျ''

''ဟုတ်ကဲ့ . . . စိတ်ချပါ၊ မနက်ဖြန်ကစပြီး ကျုပ် . . . အဲ . . . ကျွန် တော် အလုပ်စဆင်းပါ့မယ်''

ကိုသန့်ဇင် ဖုန်းချသွားပါတယ်၊ အလုပ်ရပြီဆိုတဲ့စိတ်ကြောင့် ခေါင်း ကိုက်တာတောင် ခဏပျောက်သွားသလိုပဲ။ ပြီး . . . ကိုကြီးဇော်ကိုပေးထား တဲ့ ကတိအတိုင်း 'ကျုပ်' ဆိုတာကြီးကို ပြင်ဖို့ သတိထားရတော့မယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

တွေးမိတယ်။

အိပ်ရာကထပြီး ရေမိုးချိုးလိုက်တော့မှပဲ လူက အတော်လေး လန်းသွားတယ်။ နာရီကြည့်လိုက်တော့ ဆယ်နာရီခွဲ။ အချိန်က ကိုးလိုးကန့်လန့်မို့ မနက်စာ စားမနေတော့ဘဲ နေ့လယ်စာ တစ်ခါတည်း စားလိုက်ရင် ကောင်းမယ်လို့ စိတ်ကူးမိတယ်။ အဲဒီအတွေးနဲ့ပဲ စားနေကျထမင်းဆိုင်ကို ချီတက်လိုက်တယ်။

ကျွန်တော်နဲ့ သက်ဦးက နှစ်ယောက်စလုံး လူလွတ်တွေဆိုတော့ အဆင်ပြေရင် ပြေသလို ကြုံတဲ့နေရာမှာ ဝင်စားတာ များတယ်။ ဒါပေမဲ့ ရပ်ကွက်ထဲက ထမင်းဆိုင်ကတော့ နေ့တိုင်းနီးပါးလိုလို စားဖြစ်တဲ့ဆိုင်ပါ။

ဆိုင်ထဲရောက်တော့ ငါးခူကြော်နှပ်တစ်ပွဲ မှာပြီး ကြိတ်မလို့ ပြင်ဆင်နေတုန်း ...

"ကို ... ကိုစိုးခန့် ... ဟုတ်ပါတယ်နော်"

အသံကြားလို့ မော့ကြည့်လိုက်မိတယ်။ တွေ့လိုက်ရတာက ကျွန်တော်နဲ့ အလုပ်လျှောက်တုန်းက ဆုံပြီး စကားပြောဖြစ်ခဲ့တဲ့ ကောင်မလေး။ မှတ်မိပေမယ့် ရုတ်တရက် ပြန်နှုတ်ဆက်ဖို့ကျတော့ သူ့နာမည်ကို သတိမရဘူး ဖြစ်နေတယ်။

"အဲ ... ဟို ... မင်း ... မင်းက ... ဟို"

ကျွန်တော့်ပုံစံကိုကြည့်ပြီး သူက ရယ်ပါတယ်။ သူ့ဘေးနားက ကောင်မလေးကလည်း ပြုံးစိစိနဲ့။ ကျွန်တော် ကြည့်နေတုန်းမှာပဲ သူက စကားထပ်ပြောလာတယ်။

"ဟို ... ကိုစိုးခန့် ကျွန်မကို မှတ်မိတယ်မဟုတ်လား။ ကျွန်မ





ပန်းအိလေ"

အဲဒီတော့မှ ကျွန်တော်လည်း ရှက်ရယ်ရယ်လိုက်ရင်း ...

"အဟင်း ... မှတ်တာက မှတ်မိပါတယ်၊ ပြန်နှုတ်ဆက်ဖို့ နာမည်ကို မေ့နေလို့ဗျ"

"ဖြစ်ရမယ်"

ပြောရင်း ပန်းအိက သူ့ဘာသာ သဘောကျသလို ရယ်နေသေးတယ်။ ပြီးမှ ...

"ပန်းအိက ဒီရပ်ကွက်ထဲကို ပြောင်းလာတာ မကြာသေးဘူး ကိုစိုးခန့်ရဲ့၊ ရက်ပိုင်းလောက်ပဲ ရှိသေးတာ၊ နယ်က အသိတွေနဲ့ အိမ်စုငှားပြီး နေတာလေ"

"ဟုတ်လား ... ကျွန်တော်လည်း ဒီရပ်ကွက်ထဲမှာ နေတာလေ၊ လိုအပ်တဲ့ အကူအညီရှိရင် ပြောပေါ့"

"ကျေးဇူးပါပဲ၊ လိုအပ်ရင် ပြောပါ့မယ်၊ ခုလောလောဆယ်တော့ [illegible]အိတ်တို့က ထမင်းလာစားတာ"

"ဪ ... အဲဒီကိစ္စလောက်တော့ ကူညီနိုင်ပါတယ်၊ ထိုင်ကြ[illegible] ကျွန်တော် ထမင်းကျွေးပါ့မယ်"

ကျွန်တော့်စကားအဆုံးမှာ ပန်းအိ တွေခနဲဖြစ်သွားတယ်။ ပြီး မျက်နှာပေါ်မှာလည်း ရှက်ရိပ်တွေ သန်းလာရင်း ...

"အာ ... ကိုစိုးခန့်ကလည်း လုပ်တော့မယ်၊ အကူအညီတောင်း[illegible]ဆိုတာ ထမင်းဒကျွေးခိုင်းဖို့ မဟုတ်ပါဘူးနော်"

"နောက်တာပါဗျာ ... အဟဲ"


www.burmeseclassic.com

www.burmeseclassic.com

စကားအဆုံးမှာ အားလုံးပဲ ရယ်ဖြစ်ကြတယ်။ ပန်းအိက နယ်က လာတာဆိုပေမယ့် ရိုးသားပွင့်လင်းတဲ့ မိန်းကလေးလို့ ကျွန်တော် မြင်မိတယ်။ နံ့တာတို့ အ,တီးအ,တပုံစံမျိုးတို့ ရှိမနေဘဲ စကားပြောရင်လည်း သွက်သွက် လက်လက်မို့ ခင်စရာလည်း ကောင်းပါတယ်။ ခုလည်း ကျွန်တော့်ဝိုင်းမှာ ထမင်းအတူ ဝင်စားရင်း သူနဲ့ကျွန်တော် ပထမတစ်ကြိမ်တွေ့စကထက် ပို ရင်းနှီးသွားကြတယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း မိန်းကလေး ခပ်ချော ချောတွေဆိုရင် ရုပ်ရည်ကိုမကြည့်ဘဲ ခင်တတ်ပါတယ်။ အဲဒါ မှန်သော စကားပါ။ တခြား ဘာစိတ်မှရှိလို့ရယ် မဟုတ်ပါဘူး။

ခုလည်း စားနေသောက်နေရင်း ပန်းအိက . . .

"ဒါနဲ့ ကိုစိုးခန့် . . . ဟို အလုပ်လျှောက်ထားတဲ့ဆီက အကြောင်း ကြားသေးလားဟင်"

ပြောမှ သတိရသွားတာနဲ့ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရင်း–

"အင်း . . . ဒီမနက်ပဲ ဖုန်းဆက်ပြီး အကြောင်းကြားတယ် ပန်းအိ ရဲ့၊ မနက်ဖြန် အလုပ်စဆင်းလို့ရပြီလို့ ပြောတာပဲ"

"ဟင်"

အံ့သြသလို ရေရွတ်လိုက်ပြီးမှ ပန်းအိမျက်နှာလေးဟာ ညှိုးကျ သွားတယ်။ ပြီး . . . လေသံယဲ့ယဲ့လေးနဲ့ . . .

"ပန်းအိဆီကိုတော့ အကြောင်းမကြားပါဘူး၊ အလုပ်ခန့်တဲ့အထဲ မပါလို့ ထင်ပါရဲ့"

သူ့ပုံစံနဲ့ သူ့အပြောလေးကိုကြည့်ပြီး ကျွန်တော်တောင် သနား သွားမိတယ်။ ဘေးက သူ့သူငယ်ချင်းကလည်း . . .



"အဲဒါ စိတ်ပျက်စရာမှ မဟုတ်တာ ပန်းအိရာ၊ ပြီးတော့ ဒီကအစ်ကို ကိုလည်း မနက်ကမှ အကြောင်းကြားတာလေ၊ ငါတို့က အိမ်က အစော ကြီး ထွက်လာတာမလား၊ ငါတို့မရှိတဲ့အချိန် အိမ်နားကဖုန်းကို ဆက်ပြီး အကြောင်းကြားထားရင်လည်း ထားမှာပေါ့"

အဲဒီကောင်မလေးစကားအဆုံးမှာ ကျွန်တော်လည်း အလိုက်အ ထိုက် ဝင်ပြောလိုက်တယ်။

"ဟုတ်တာပေါ့၊ အဲဒါလည်း ဖြစ်နိုင်တာပဲလေ၊ ကျုပ် . . . အဲ ကျွန်တော့်ဆီကိုတောင် မနက်ဆိုပေမယ့် ခုနက ဒီကိုမလာခင်လေးမှ လှမ်း အကြောင်းကြားတာဗျ"

အဲဒီတော့မှ ပန်းအိမျက်နှာလေးဟာ ကြည်ကြည်လင်လင်လေး ပြန်ဖြစ်လာတယ်။ စားသောက်ပြီးစီးလို့ ပြန်ခါနီးကျတော့ ပန်းအိက . . .

"သွားတော့မယ်နော် ကိုစိုးခန့်၊ တကယ်လို့ အလုပ်ခန့်တဲ့အထဲမှာ ပန်းအိပါတယ်ဆိုရင်တော့ မနက်ဖြန် တွေ့တာပေါ့၊ မပါရင်သာ"

သူ့စကားမဆုံးခင်မှာပဲ ကျွန်တော်က ဖြတ်ပြောလိုက်တယ်။

"အာ . . . ပါနိုင်ပါတယ် ပန်းအိရဲ့၊ ခုခေတ် ကုမ္ပဏီတွေက ပန်းအိ လို ရုပ်ချောပြီး သွက်သွက်လက်လက်ရှိတဲ့ ကောင်မလေးတွေကို ဦးစား ပေးပြီး ခန့်တာလေ"

ကျွန်တော့်အပြောကြောင့် ပန်းအိက ရှက်စနိုးလေး ပြုံးလိုက်ရင်း–

"ပန်းအိက မြှောက်ပြောတာ ကြိုက်တယ်နော် . . . ထားပါ၊ ကိုစိုး ခန့် ပြောတဲ့အတိုင်းပဲ ဖြစ်ပါစေ"

နှုတ်ဆက်ပြီး ပန်းအိတို့ ဆိုင်ထဲက ထွက်သွားကြတယ်၊ အလုပ်ခန့်



www.burmeseclassic.com

www.burmeseclassic.com

တာမှာ သူ ပါ့မပါတော့ မသိဘူး။ လောလောဆယ် ကျွန်တော့်စကားကြောင့် သူ စိတ်အားပြန်တက်သွားမှာတော့ အမှန်ပဲ။ ဖြစ်နိုင်ရင် တစ်နိုင်ငံလုံးက အလုပ်လက်မဲ့တွေကို ထိုက်သင့်တဲ့အလုပ်တွေ ရှိစေချင်ပါတယ်ဗျာ။ အဲဒီကိစ္စကို ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းပြည်ခေါင်းဆောင်တွေ အလေးထားဆောင်ရွက်ပါစေလို့လည်း အမြဲဆုတောင်းမိပါတယ်။ မျက်ကွယ်ပြုထားရင်တော့ ကျွန်တော်တို့ အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်နေရဦးမယ် မဟုတ်ပါလား။

ထမင်းဆိုင်ကအပြန် အိမ်ရောက်တော့ ဖတ်လက်စ မပြီးသေးတဲ့ စာအုပ်ကို ဖတ်နေလိုက်တယ်။ အဲဒီစာအုပ်က ဝန်ကြီးချုပ်ဟောင်း 'ဦးနု' ကိုယ်တိုင် ရေးသားထားတဲ့ 'တာတေစနေသား' ဆိုတဲ့စာအုပ်။ ကျွန်တော့်ကို အသိတစ်ယောက်က လက်ဆောင်ပေးထားတာပါ။ စာအုပ်ထဲမှာ စာရေးသူ 'ဦးနု' ရဲ့ ဘဝဖြတ်သန်းမှုတွေ၊ သူ့ဒသနတွေ၊ နိုင်ငံရေးလှုပ်ရှားမှုတွေ အားလုံးဟာ အစီစဉ်တကျ ရောထွေးပါဝင်နေပါတယ်။ လူကြီးလူငယ်မရွေး ဖတ်ရှုသင့်တဲ့ စာအုပ်ကောင်းတစ်အုပ်ပါ။

စာဖတ်ရင်း စိတ်နစ်မျောနေလို့ အချိန်တွေ ဘယ်လိုကုန်သွားမှန်း တောင် မသိလိုက်ဘူး။ ကျောပိုးအိတ်ကို ခုတင်ပေါ် ဘုန်းခနဲ ပစ်ချသံ ကြားလို့ လှမ်းကြည့်လိုက်တော့မှ ဘယ်အချိန် အိမ်ပေါ်ရောက်နေမှန်းမသိ တဲ့ သက်ဦးကို တွေ့လိုက်ရတယ်။ ကျွန်တော်က မျက်ခုံးပင့်ရင်း နာရီကို တစ်ချက်ကြည့်လိုက်ပြီးမှ . . .

''ဟေ့ကောင် . . . အလုပ်ကပြန်လာတာ စောလှချည်လားကွ''

ကျွန်တော်က အဲဒီကုမ္ပဏီမှာ လုပ်ဖူးတာမို့ မေးလိုက်မိတာပါ။ သက်ဦးက လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း . . .



''အေးကွာ . . . ဒီနေ့ ကုမ္ပဏီမှာ အရေးပေါ်ကိစ္စဖြစ်လို့ အားလုံးကို စောစောပေးဆင်းလိုက်တာ''

သက်ဦးစကားကြောင့် မျက်မှောင်ကြုတ်ရင်း ပြန်မေးဖြစ်တယ်။

''အရေးပေါ်ကိစ္စ . . . ဟုတ်လား၊ ဘာများဖြစ်လို့လဲ''

''အမ်ဒီဦးကောင်းဇော် ရုတ်တရက် ရောဂါဖြစ်ပြီး လဲကျသွားလို့ တစ်ရုံးလုံးကို ဝရုန်းသုန်းကားဖြစ်သွားတာ''

''ဟာ . . . ဒါနဲ့ ခု အမ်ဒီ့အခြေအနေကရော''

''အင်း . . . ဆေးရုံကိုတော့ အချိန်မီ ပို့လိုက်တာပဲ၊ ဘာဖြစ်ဦးမလဲဆိုတာကိုတော့ မသိရသေးဘူးကွ၊ အဲဒါနဲ့ ရုံးစောစော ပေးဆင်းလိုက်တာ''

''ဪ''

ကျွန်တော် ခပ်တိုးတိုး ညည်းလိုက်မိတယ်။ အမ်ဒီဦးကောင်းဇော်ဟာ စိတ်ထားကောင်းတဲ့လူကြီးပါ။ ကျွန်တော်နဲ့ငြိခဲ့တဲ့ သူ့သမီး မေနဒီနဲ့တော့ တခြားစီပဲ။ ခုလည်း ရင်းနှီးပတ်သက်ခဲ့ဖူးတာမို့ အမ်ဒီအတွက် စိတ်မကောင်းဖြစ်ရပါတယ်။

လောလောဆယ် ကျွန်တော့်ထက်ပိုပြီး ကြေကွဲ၊ ဝမ်းနည်း၊ စိတ်မကောင်းဖြစ်နေတာက သက်ဦး။ ဟုတ်တယ်လေ။ ဒီကောင်က ခုလက်ရှိ အဲဒီကုမ္ပဏီမှာ အလုပ်လုပ်နေတာ မဟုတ်လား။ ခုလည်း သက်ဦးက ဝမ်းနည်းကြေကွဲတဲ့ စိတ်အခံနဲ့ ကျွန်တော့်ကို ခပ်လေးလေးကြီး ပြောလာပါတယ်။

''စိတ်ထဲမှာ ဘယ်လိုမှမကောင်းဘူး မောင်ကျုပ်ရာ၊ လာကွာ

www.burmeseclassic.com

. . . ဘီယာသွားသောက်ရအောင်''

တဲ့။

တကယ်ပါ။ သက်ဦးဆိုတဲ့ ဝေဒီဟာ တစ်ခါတစ်ခါ အဲဒီလို ကိုယ်ချင်းစာတရား အပြည့်အဝရှိတဲ့ကောင်ပါ။

ခုလည်း သူ့အပူဟာ ကျွန်တော့်ကိုပါ ကူးစက်ပြီး ကျွန်တော်တို့ နှစ်ယောက်ရဲ့ခြေလှမ်းတွေက ဘီယာဆိုင်သို့ . . . ပေါ့။

■



## ( ၈ )

ဒီနေ့ဟာ ကျွန်တော် အလုပ်စဝင်ရမယ့်နေ့။ စာရေးဆရာတွေ ရေးဖွဲ့ကြသလို ကောင်းကင်တစ်ခုလုံး ကြည်လင်နေပြီး တစ်ချက်တစ်ချက် တိုက်ခတ်လာတဲ့ လေပြည်ထဲမှာ အမျိုးအမည်မသိတဲ့ ပန်းရနံ့တွေ ဆွတ်ပျံ့ ပါဝင်နေတဲ့နေ့မျိုးတော့ မဟုတ်ဘူးပေါ့ဗျာ။

ကောင်းကင်မှာ စိတ်ပုပ်နေတဲ့ တိမ်အုပ်တွေက ညိုညိုညစ်ညစ်နဲ့ မာန်တက်နေကြတယ်။ မကြာခင်မှာပဲ ဒေါသတကြီး ရွာချတော့မယ့်ပုံစံမျိုး။ လေပြည်ဆိုတာကိုတော့ မပြောနဲ့။ ခုကာလက လေတိုက်ရင် အနည်းဆုံး တစ်နာရီမိုင်သုံးဆယ်လောက်ရှိတာ။ သိတယ်မဟုတ်လား။ ခုတလော သတင်းစာတွေထဲမှာ ရေကြီးတာ၊ မြေပြိုတာ၊ မိုးတွင်းကြီးမို ယာရှော့ဖြစ်လို့ မီးလောင်တာ၊ ဒါမျိုးတွေကို ခဏခဏ တွေ့နေရတယ်လေ...



www.burmeseclassic.com

www.burmeseclassic.com



လူတွေမကောင်းကြတော့ သဘာဝတရားကြီးကလည်း ဘာခံနိုင်မှာလဲဗျာ . . . နော့။ ဒါတောင်မှ မြစ်ဆုံကို တရုတ်တွေလက်ထဲက ခဏပြန်လုယူထားနိုင်တာ သမ္မတကြီးကောင်းလို့ဗျ။ ထားပါတော့လေ . . . အဲဒါတွေသိသလောက်ပြောရင်တောင် စာမျက်နှာ သုံးရာကျော်သွားလိမ့်မယ်။

ခုတော့ ဖြစ်ပျက်နေတဲ့ ရာသီဥတုကို အရှိအတိုင်း လက်ခံပြီး အလုပ်ဝင်ရမယ့်ကုမ္ပဏီကို ကျွန်တော် ထွက်လာခဲ့တယ်။ ရောက်တော့ လက်ရှိဝန်ထမ်းတွေက သူလိုကိုယ်လို ဝတ်ကျေတန်းကျေအပြုံးတွေနဲ့ နှုတ်ဆက်ကြပါတယ်။ ကျွန်တော်ကလည်း ဟုတ်ဟုတ်, မဟုတ်ဟုတ် စိတ်ထဲက ပါပါ,မပါပါ နှစ်လိုဖွယ်ကောင်းတဲ့အပြုံးမျိုး ပြန်ပြုံးပြရတာပေါ့။ ဟုတ်တယ်လေ . . . ဒီလူတွေနဲ့ ဘယ်နှရာသီမှန်းမသိ စခန်းသွားရဦးမယ့်ဥစ္စာ။

အဲဒီအချိန်မှာပဲ ဝန်ထမ်းကောင်မလေးတစ်ယောက်က အနားကပ်ပြီး လာပြောတယ်၊ လက်တို့ပြီးတော့ ပြောတာတော့ မဟုတ်ပါဘူး။ သာမန်လေသံနဲ့ ပြောတာပါ။

''ဒီမှာ . . . ရှင်တို့ဝန်ထမ်းအသစ်တွေကို မန်နေဂျာက သူ့ရုံးခန်းထဲ ခေါ်ထားတယ်၊ ခု ရှင်တစ်ယောက်တည်း ကျန်တော့တာ . . . သွားလိုက်ဦး''

''ဟုတ်ကဲ့''

ခေါင်းညိတ်ပြန်ပြောရင်း ကျွန်တော် မန်နေဂျာရုံးခန်းကို တန်းသွားလိုက်တယ်။ တစ်ခါသွားဖူးထားတော့ သိနေပြီလေ။ ရုံးခန်းတံခါးက စေ့ထားလို့ ခေါက်လိုက်ရသေးတယ်။ အထဲက ဝင်ခဲ့ပါဆိုတဲ့ စကားသံကြားမှ တွန်းဖွင့်ပြီး ဝင်သွားလိုက်တယ်။

အထဲရောက်တော့ ကျောပေးထားတဲ့ လူသုံးယောက်နဲ့ အဝင်ဝဘက် မျက်နှာမူထိုင်နေတဲ့ မန်နေဂျာကိုသန့်ဇင်ကို တွေ့လိုက်ရတယ်။

မန်နေဂျာကိုသန့်ဇင်က ထိုင်ခုံလွတ်တစ်ခုကို မေးထိုးပြရင်း . . .

''ထိုင်ပါ ကိုစိုးခန့်၊ ကျွန်တော်တို့ ခင်ဗျားကို စောင့်နေကြတာ''

ကျွန်တော့်ကို စောင့်နေကြတာဆိုတော့ မဆီမဆိုင် ဘလိုင်းကြီး အဝင်မြင့်ချင်သွားတယ်။ ကျွန်တော်ဝင်ထိုင်လိုက်တော့ ကိုသန့်ဇင်ကပဲ–

''ခင်ဗျားတို့ ဝန်ထမ်းအသစ်တွေကို တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပေးရဦးမယ်၊ အဲ . . . သူတို့သုံးယောက်ကတော့ အချင်းချင်း သိသွားကြပြီ၊ ကဲ အားလုံးပဲ . . . ဒါက ခင်ဗျားတို့နဲ့အတူတူ အလုပ်ဝင်လာတဲ့ ကိုစိုးခန့်တဲ့၊ ကိုစိုးခန့် . . . သူက ကိုကျော်ဇင်၊ ဒီဘက်က ဉမ္မာမိုးဟိုဘက်အစွန်ကတော့ မပန်းအိတဲ့၊ အားလုံးမှတ်ထားကြပေါ့''

အားလုံးကို တစ်ယောက်ချင်း ပြုံးပြနှုတ်ဆက်ရင်း ပန်းအိအလှည့်ရောက်တော့ မျက်ခုံးလေးတောင် ပင့်ပြလိုက်မိတယ်။ အလုပ်ရသွားလို့လားသိဘူး။ ပန်းအိမျက်နှာလေးက ဝင်းတောက်နေတယ်။

အဲဒီနောက်မှာတော့ မန်နေဂျာကိုသန့်ဇင်က ကျွန်တော်တို့လေးယောက်ကို ကုမ္ပဏီအတွက် အားကိုးရမယ့် ဝန်ထမ်းကောင်းတွေ ဖြစ်လာမယ်လို့ ယုံကြည်မိကြောင်း၊ ကျွန်တော်တို့လေးယောက်ဟာလည်း ကုမ္ပဏီအတွက်ဆိုရင် အသက်ကို ပဓာနမထားဘဲ၊ အဲလေ . . . ကြိုးကြိုးစားစား လုပ်ကိုင်စေချင်ကြောင်း၊ တကယ်တမ်း ကြိုးစားတဲ့ဝန်ထမ်းအတွက် ကုမ္ပဏီဘက်ကလည်း ထိုက်သင့်တဲ့အခွင့်အရေးနဲ့ ရာထူးတွေကို ပေးဖို့အသင့်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ် . . . ဟယ် . . . ဟုတ်ပါဘူး။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

တို့ကို အလုပ်လုပ်ရမယ့်နေရာအသီးသီးဆီ လွှတ်လိုက်ပါတယ်။

ပြောရရင် ဒီကုမ္ပဏီမှာက အခြားသောကုမ္ပဏီတွေလိုပဲ ဌာနခွဲတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဝန်ထမ်းအသစ်လေးယောက်က မားကတ်တင်း (Marketing) ဌာနခွဲမှာ အလုပ်ဝင်လုပ်ရမှာပါ။ အဲဒီမားကတ်တင်းဌာနမှာလည်း အုပ်စုကွဲတွေ ရှိပါတယ်။ ရှင်းအောင်ထပ်ပြောရရင် မြို့ထဲပိုင်းကို အရောင်းထွက်တဲ့အဖွဲ့က (A) အဖွဲ့ဆိုရင် မြောက်ဥက္ကလာ၊ မြောက်ဒဂုံဘက်ကိုထွက်တဲ့အဖွဲ့က (B) အဖွဲ့ စသဖြင့် ရန်ကုန်တစ်မြို့လုံးရဲ့ ရိုးယာတွေကို အစိတ်အပိုင်းခွဲပြီး ကိုယ့်အဖွဲ့နဲ့ကိုယ် တာဝန်ယူရတာပါ။

ကျွန်တော်တို့လေးယောက်ကို အုပ်စုခွဲလိုက်တော့ ကျွန်တော်က (B) အဖွဲ့မှာ ကျတယ်။ ကျွန်တော်ရောက်သွားတဲ့ (B) အဖွဲ့က မြို့ထဲရိုးယာနဲ့ ရုပ်မြတ်ကတ်တွေ သီးသန့်ထွက်ရတဲ့ ဝေး (Way) ဗျ။ ပန်းအိကတော့ တောင်ဒဂုံဘက်သွားရတဲ့ (D) အဖွဲ့မှာ ကျတယ်လို့ လာပြောပါတယ်။ ကျန်တဲ့အသစ်နှစ်ယောက်ကိုတော့ ဘယ်အဖွဲ့ကျလဲလို့ မစပ်စုမိတော့ဘူး။

ဒီနေ့တော့ ကျွန်တော်တို့က ဝန်ထမ်းအသစ်တွေမို့ ဘယ်ဝေး (Way) မှ မထွက်ရသေးဘဲ ရုံးမှာပဲ ထိုင်နေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လိုက်ပါရမယ့်အဖွဲ့တွေက မနက်စောစောရုံးဖွင့်ချိန်ကပဲ Way ထွက်သွားကြလို့ပါ။

မန်နေဂျာကိုသန့်ဇင်ကတော့ ပြောပါတယ်။

''မင်းတို့လိုက်ရမယ့်အဖွဲ့တွေက ဝေး (Way) ထွက်သွားကြတော့ သူတို့ ပြန်ဝင်လာမှပဲ မိတ်ဆက်ပေးမယ်၊ ဒီနေ့တော့ ရုံးမှာပဲ သိချင်





တာလေးတွေ မေးထားကြပေါ့''

ကျွန်တော်တို့လည်း ရုံးမှာနေရင်း ကိုယ်ရောင်းရမယ့် ဆေးပစ္စည်းတွေကို တာဝန်ခံတစ်ယောက်ဆီမှာ မေးပြီးလေ့လာနေလိုက်တယ်။ နေ့လယ်ထမင်းစားချိန်ရောက်တော့ ထမင်းချိုင့်မပါတဲ့ ကျွန်တော်က ကုမ္ပဏီနားက ထမင်းဟင်းပါရတဲ့ လက်ဖက်ရည်ဆိုင်မှာ သွားစားလိုက်တယ်။ ပန်းအိကတော့ သူ့ထမင်းချိုင့်ထဲက ယူစားဖို့ ပြောပါသေးတယ်၊ ဒါပေမဲ့ အားနာတာနဲ့ ကျွန်တော် ငြင်းလိုက်တယ်။

ထမင်းစားပြီးတော့လည်း သိသင့်သိထိုက်တာလေးတွေကို ထပ်လေ့လာနေလိုက်တယ်။ အဲ ... ကျွန်တော့်အသိ ကိုကြီးဇော်ကိုလည်း ရုံးမှာမတွေ့မိဘူးခင်ဗျ၊ သူကလည်း ဒရိုင်ဘာဆိုတော့ ဝေး (Way) ပါသွားတယ်ထင်တာပဲ။

ဒီလိုနဲ့ ညနေလေးနာရီခွဲလောက်ကျတော့ ကုမ္ပဏီခြံဝင်းထဲကို အရောင်းထွက်တဲ့ကားတွေ တစ်စီးပြီးတစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဝင်လာကြပါတယ်။ အားလုံးပေါင်း ရှစ်စီးလောက်တောင် ရှိမလားပဲ။

ခဏကြာရင်ပဲ ရုံးပေါ်ကိုတက်လာကြတဲ့ ဝန်ထမ်းတွေကို တွေ့လိုက်ရတယ်။ ခုမှပဲ တစ်ရုံးလုံး လူတွေပြည့်သွားသလိုပဲ။ ယူနီဖောင်းကိုယ်စီနဲ့ ဝန်ထမ်းတွေကို မြင်ရတာ တစ်မျိုးတော့ ကြည့်လို့ကောင်းပါတယ်။

ကျွန်တော် ငေးနေတုန်းမှာပဲ ဝန်ထမ်းတစ်ယောက်က ...

''ဒီက ... ဘယ်သူလဲ မသိဘူး''

''ကျုပ် ... အဲ ... ကျွန်တော် စိုးခန့်ပါ''

အဲဒီဝန်ထမ်းက ခေါင်းညိတ်ပြရင်း ...


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ကိုစိုးခန့်ကို ဂျာကြီး . . . အဲ . . . ကိုသန့်ဇင်က ခေါ်ခိုင်းလိုက်လို့ပါ"

အဲဒီဝန်ထမ်းနောက်က အသာလိုက်သွားလိုက်တယ်။ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ ကိုသန့်ဇင်ဟာ သူ့အုပ်စုနဲ့သူ ရပ်နေကြတဲ့ ဝန်ထမ်းတွေကို ဘာတွေမှန်းမသိ မြွက်ကြားနေပါတယ်။

ကျွန်တော့်ကိုလည်း မြင်ရော ကိုသန့်ဇင်က . . .

"လာ ကိုစိုးခန့်၊ ခင်ဗျားက (B) အဖွဲ့မှာနော်၊ အဖွဲ့ခေါင်းဆောင်နဲ့ ကျွန်တော် မိတ်ဆက်ပေးမယ်"

သူခေါ်လို့ ကျွန်တော် အနားတိုးသွားလိုက်တယ်။ ကိုသန့်ဇင်က ပဲ . . .

"ကိုစိုးခန့် . . . သူက မေပန်းချီတဲ့၊ ဘီ (B) အဖွဲ့ရဲ့ လီဒါ (Leader) ပေါ့၊ မနက်ဖြန် ခင်ဗျား သူတို့နဲ့အတူတူ ဝေး (Way) ထွက်ရလိမ့်မယ်"

အဲဒီစကားသံတွေဟာ ကျွန်တော့်နားထဲ အတိအကျရောက်လာပါတယ်။ နားထောင်ရင်း ဆတ်ခနဲဖြစ်သွားစေတာက အဖွဲ့ခေါင်းဆောင် မေပန်းချီဆိုတဲ့ နာမည်ပဲ။ သိစိတ်၊ မသိစိတ်တွေ ရောပြွမ်းပြီး အဲဒီ မေပန်းချီ ဆိုတာကို ကြည့်လိုက်မိတယ်။ ဟာလို့ စိတ်ထဲက ရေရွတ်လိုက်မိရင်း ကျွန်တော့်ရင်ထဲက အံ့ဩမှုတွေက လက်လက်ကို ထ,သွားလေရဲ့။

မမှားဘူး။ အဲဒီ မေပန်းချီဆိုတာ ကျောင်းတက်တုန်းက ကျွန်တော်နဲ့အတူ နှစ်ပါးသွားကခဲ့တဲ့ ကျွန်တော့်ရဲ့ရည်းစားဟောင်း။ အကြောင်းကိစ္စတစ်ခုကြောင့် ကျောင်းမပြီးခင်လေးမှာ တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးနာကြည်းပြီး လမ်းခွဲခဲ့ရတဲ့ ကျွန်တော့်ရဲ့တစ်ချိန်က အချစ်ဦး။





ဘယ်ကံတရားကများ ကျွန်တော်တို့နှစ်ယောက်ကို ဒီနေရာမှာ ဖန်ဆုံပေးတာပါလိမ့်။ အံ့ဩမှုတွေ ရှုပ်ပြီး ကျွန်တော် စဉ်းစားနေမိတယ်။

သူကလည်း . . .

သူဆိုတဲ့ မေပန်းချီကလည်း ကျွန်တော့်ကို တစ်မိနစ်လောက် မျက်တောင်မခတ်ဘဲ ကြည့်နေတယ်။ ဘယ်သူမှ မရိပ်မိလိုက်တဲ့ သူ့မျက်နှာပေါ်မှာ အရိပ်အမျိုးမျိုးတွေက ဖြတ်စီးသွားလို့ပေါ့။ သူ့မျက်နှာကို အလွတ်ရခဲ့တဲ့ ကျွန်တော်ကတော့ အဲဒီအရိပ်အယောင်တွေဟာ အံ့ဩခြင်း၊ တုန်လှုပ်ခြင်း၊ မုန်းတီးခြင်းနဲ့ တွေဝေခြင်းတို့ တစ်လှည့်စီ ဖျတ်ခနဲ ပြောင်းလဲသွားတာကို သိမိလိုက်ရဲ့။

ခဏပါပဲ၊ မေပန်းချီဟာ ဟန်ဆောင်မျက်နှာဖုံးကို ချက်ချင်းကောက်တပ်လိုက်သလို ကျွန်တော်ကလည်း အပြုံးတုကို နှုတ်ခမ်းထက်မှာ ဆွဲချိတ်လိုက်ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ဟန်ဆောင်မှုကိုယ်စီနဲ့ ကြည့်မိ။

မေပန်းချီနှုတ်ခမ်းက စကားသံဟာ အသက်မပါသလို မတိုးမကျယ် ထွက်ပေါ်လာပါတယ်။

"ကျွန်မတို့အဖွဲ့က ကြိုဆိုပါတယ် ကိုစိုးခန့်"

အံ့မယ်။ ဆရာမက စာသံပေသံနဲ့ ခင်ဗျ။ ကျွန်တော်ကလည်း ဘယ်ရမလဲ။ တစ်ချိန်တုန်းက ကိုခန့်လို့ သူ ချစ်စနိုးခေါ်ခဲ့တဲ့ စိုးခန့် (ခေါ်) မောင်ကျုပ်ပဲလေ။ စာသံပေသံလေးနဲ့ပဲ ပြန်လည်လို့ နှုတ်ဆက်လိုက်တာပေါ့ဗျာ။

"ဟုတ်ကဲ့၊ မမေပန်းချီတို့နဲ့ အတူတူ အလုပ်တွဲလုပ်ရမှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကျူပ် အများကြီး ဂုဏ်ယူမိပါတယ်''

ကျွန်တော်ပြောလိုက်တဲ့ စကားစဥ်ကြောင့်လား၊ ဒါမှမဟုတ် ကျွန်တော့်ပါးစပ်က မထိန်းနိုင်ဘဲ 'ကျူပ်' ဆိုတဲ့နာမ်စား လွတ်ခနဲ ထွက်သွားလို့လားမသိဘူး။ မေယန်းဆီရဲ့နှုတ်ခမ်းထောင့်စွန်းဟာ သိသိသာသာလေး ကွေးညွတ်သွားပါတယ်။

အဲဒါကို အနီးစပ်ဆုံး မြင်သာအောင်ပြောရရင် မဲ့ပြုံး၊ သရော်ပြုံးလို့ ခေါ်တယ်ခင်ဗျ။

မှတ်မှတ်ရရ . . .

ကျွန်တော်ဆိုတဲ့ကောင်ဟာ အလုပ်အသစ် စဝင်တဲ့နေ့မှာပဲ ရည်းစားဟောင်းနဲ့ ပြန်လည်ရင်ဆိုင်လိုက်ရပါတယ်။

ဘာပဲပြောပြော . . .

တစ်ချိန်တုန်းကတော့ သူဟာ . . .

ကျွန်တော့်ရဲ့ . . .

ကျွန်တော်ဟာ . . .

သူ့ရဲ့ . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

ပေါ့ဗျာ . . .။

■



အဆိုတော် 'ဗဒင်' ရဲ့

သီချင်းတစ်ပုဒ်ထဲက စာသားအတိုင်း ညည်းရရင်တော့ . . .

''မှတ်မှတ်ရရရှိနေဆဲပါ . . .

စုန်းပိုးတောင်းတဲ့ ချစ်သူရယ်'

ပေါ့ . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဘာ . . . ဘယ်လို ဘယ်လို၊ မင်းနဲ့ ပန်းချီနဲ့ ပြန်ဆုံတယ် . . . ဟုတ်လား"

သက်ဦးက မြန်မာဗီဒီယိုတွေထဲကအတိုင်း အလန့်တကြား မေးလာပါတယ်၊ ကျွန်တော်လည်း လေပူတစ်ချက်ကို သိသိသာသာမှုတ်ချလိုက်ရင်း . . .

"ဟုတ်တယ်ကွ၊ ကျုပ် . . . အဲ . . . ငါလည်း ဘယ်လိုမှ ထင်မထားတော့ တော်တော့်ကိုအံ့ဩသွားတာ၊ ပိုဆိုးတာက ငါ အလုပ်လုပ်ရမယ့် အဖွဲ့ထဲမှာ သူက ခေါင်းဆောင်ဖြစ်နေတယ်"

"တိုက်ဆိုင်လိုက်တာ မောင်ကျုပ်ရာ၊ ဒါနဲ့ ပန်းချီက မင်းကိုရော မှတ်မိရဲ့လား"





ကျွန်တော် ဟက်ခနဲ ရယ်လိုက်တယ်။ ပြီးမှ . . .

"မမှတ်မိဘဲ နေပါ့မလားကွ၊ တစ်နှစ်ခွဲလောက် သူနဲ့ငါက ချစ်သူတွေ ဖြစ်ခဲ့ကြတာလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းတို့ လုံးဝမတွေ့ဖြစ်ကြတော့တာလည်း သုံးနှစ်နီးပါး ရှိပြီဆိုတော့လေ"

"သုံးနှစ်လောက် ရှိတော့ရော ဘာဖြစ်မှာမို့လို့လဲ"

ကျွန်တော် စောဒကတက်လိုက်တော့ သက်ဦးက မချိမချဉ်မျက်နှာနဲ့ . . .

"ဩော် . . . သုံးနှစ်လောက်ရှိပြီဆိုတော့ ပန်းချီလည်း အိမ်ထောင်တွေ ဘာတွေကျ၊ ကလေးတွေ,ဘာတွေလည်း ရနေလောက်ပြီလို့ စဉ်းစားမိလို့ပါ"

"ဟော့ကောင် . . . မင်းပါးစပ်ပုပ်ကြီးနဲ့ ရမ်းသန်းပြောမနေနဲ့ကွ၊ မေ့ပုံစံက အလတ်ကြီး၊ အဲ . . . မင်းပြောသလို အိမ်ထောင်ကျသွားတဲ့ပုံစံမျိုး မဟုတ်ဘူး"

(ဒီနေရာမှာ ဖြတ်ပြောချင်တာက ချစ်သူဘဝတုန်းက ကျွန်တော် မေပန်းချီကို သူများတွေခေါ်သလို 'ပန်းချီ' လို့ မခေါ်ဘဲ 'မေ' လို့ ခေါ်ခဲ့ပါတယ်)

ကျွန်တော့်စကားအဆုံးမှာ သက်ဦးက ငေါ်သံလေးနဲ့ . . .

"ဩော် မောင်ကျုပ် မောင်ကျုပ် . . . မင်းဟာက နာမည်နဲ့ တော်တော်လိုက်တယ်"

"အောင်မာ . . . ဘာဆိုင်လို့လဲ"



www.burmeseclassic.com

"ဆိုင်တာပေါ့၊ မောင်ကျုပ်ဆိုတဲ့ မင်းဟာ မှန့်ကြော်နေတဲ့ကောင် ... အဲလေ ... ခုနက စကားအတိုင်းဆိုရင် ပန်းချီကို သံယောဇဉ် မပြတ်သေးတာ သေချာတယ်"

သက်ဦးစကားကြောင့် ကျွန်တော် တွေဝေသွားရတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်လိုက်တော့ တဒင်္ဂအတွင်းမှာပဲ မေပန်းချီ အပေါ် စိတ်မကုန်သေးဘူးဆိုတာကို အံ့ဩဖွယ်ရာ ရှာတွေ့လိုက်ရပါတယ်။

အဲဒီအတွေးနဲ့ ကျွန်တော်က ခေါင်းခပ်ဖြည်းဖြည်း ညိတ်လိုက်ရင်း ...

"ဟုတ်တယ် သက်ဦး၊ ခုလို မေနဲ့ ပြန်ဆုံလိုက်ရတော့ သူ့အပေါ် ငါ ချစ်နေသေးတယ်ဆိုတာ ငါ့ကိုယ်ငါ ဝန်ခံမိတယ်၊ ဒါပေမဲ့ ဒီနေ့ တွေ့လိုက်ရတဲ့ သူ့မျက်နှာကတော့ ငါ့အပေါ် မုန်းတီးနာကြည်းနေသေးတဲ့ပုံစံပဲကွ"

သက်ဦး သက်ပြင်းဖွဖွချတယ်။ ပြီးမှ ...

"ဒါကတော့ကွာ၊ ဖြစ်ခဲ့တဲ့ ပြဿနာမှာ မင်းဘက်ကချည်းပဲ မှားခဲ့တာမှ မဟုတ်တာ၊ ပန်းချီ အထင်လွဲခဲ့တာလည်းစ ပါတယ်လေ"

"ဒါပေမဲ့ ... ငါ ရှင်းပြခွင့်မှမရခဲ့ဘဲ သက်ဦးရ"

"တကယ်တော့ အဲဒီတုန်းက မင်းလည်း သည်းခံပြီး ရအောင် ရှင်းပြသင့်တယ်၊ မင်းက အဲဒီလိုမဟုတ်ဘဲ ရွဲ့ပြီး နောက်တစ်ယောက်နဲ့ တွဲပြလိုက်တော့ အားလုံး ပိုဆိုးကုန်တာပေါ့"

"အဲဒီလိုတော့ မပြောနဲ့ကွာ၊ တကယ်တမ်းဆိုရင် သူ့ဘက်က အရင် ဟိုတစ်ယောက်နဲ့ တွဲပြခဲ့တာလေ၊ အဲဒီတော့ ငါလည်း တင်းပြီး



www.burmeseclassic.com

ပြန်လှုပ်မိတာပေါ့"

ကျွန်တော့်လေသံ နည်းနည်းမာသွားလို့ သက်ဦးက ပြုံးတယ်။ ပြီး လက်အသာကာပြရင်း ...

"ခဏလေး ခဏလေး ... အဲဒါကြောင့် မင်းတို့ဖြစ်တဲ့ကိစ္စမှာ မင်းရော ပန်းချီပါ မှားတယ်လို့ ငါက ပြောချင်တာပါ"

သက်ဦးက ကျွန်တော်နဲ့ ကျောင်းအတူတူတက်ခဲ့တာမို့ ဒီဇာတ်လမ်းကို အစအဆုံးသိသူပါ။ ခုလည်း သူ ထပ်ပြောလာတာက ...

"ခု ငါစဉ်းစားမိတာတစ်ခုက မင်း ခုချိန်ထိ ပန်းချီကို ချစ်နေသေးတာ မှန်ပေမယ့် ပန်းချီ့ဘက်ကတော့ မင်းလိုခံစားမှု ရှိချင်မှ ရှိတော့မှာကွ၊ အဲဒါကိုတော့ မင်း ထည့်စဉ်းစားစေချင်တယ်"

အဲဒီအချိန်မှာပဲ ...

"ဟေ့ကောင်တွေ ... ဘာတွေကို စဉ်းစားစေချင်နေတာလဲ"

အသံကြားလို့ ကြည့်လိုက်တော့ ကိုကြီးဇော်ကို တွေ့လိုက်ရတယ်။ ကျွန်တော်နဲ့သက်ဦးက အိမ်ပေါ်မှာ စကားပြောနေကြတာပါ။ ခုလည်း အိမ်ကိုရောက်လာတဲ့ ကိုကြီးဇော်က နားစွန်နားဖျားကြားပြီး လှမ်းမေးလိုက်တာ။

ကျွန်တော်က ခေါင်းခါရင်း ...

"ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီလိုပဲ စကားပြောနေကြတာပါ"

"ဟေ့ကောင် မောင်ကျုပ် ... လျှောက်မညာနဲ့၊ ဒီလို ကိုကြီးဇော်ရေ ... ဒီနေ့ ဒီကောင် အလုပ်မှာဆုံခဲ့တဲ့ မေပန်းချီဆိုတဲ့ ကောင်မလေးတ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

ကျွန်တော် လှမ်းဟန့်လိုက်ပေမယ့် သက်ဦးက သောက်ဂရုတောင် မစိုက်ပါဘူး။ တစ်ဆုံး ဆက်ဖွတော့တယ်။

"အဲဒီ မေပန်းချီဆိုတာ ကျောင်းတုန်းက ဒီကောင်နဲ့ ကြိုက်ခဲ့ကြတာလေ၊ အထင်လွဲပြီး တစ်ယောက်နဲ့တစ်ယောက် ပြတ်သွားကြတာ၊ ခုမှ ပြန်ဆုံလို့ ဒီကောင့်ရောဂါပိုးတွေ ပြန်ကြွနေတာ ကိုကြီးဇော်ရ"

"ဟော့ ... ဟုတ်လား"

မျက်ခုံးပင့်ရင်း အံ့ဩသံကြီးနဲ့ ကိုကြီးဇော်က မေးလာတယ်။ ကျွန်တော်လည်း ခေါင်းပဲ အသာညိတ်ပြလိုက်တယ်။

ကိုကြီးဇော်ကပဲ ...

"ဒီနေ့မှ အလုပ်စဝင်တော့ မင်းကို အဆင်ပြေရဲ့လားလို့ လာမေးတာပါ၊ ခုတော့ မင်းက အချစ်ဟောင်းနဲ့ပါ ပြန်ဆုံနေတာကိုး၊ မောင်ကျူပ်ရာ မင်းကတော့ ဖြစ်ရမယ်"

စကားဆုံးတော့ သက်ဦးက ထပ်မေးလိုက်တယ်။

"ဒါနဲ့ ... ကိုကြီးဇော်က အဲဒီကုမ္ပဏီမှာ ကြာပြီဆိုတော့ မေပန်းချီအကြောင်း ဘာတွေများ သိထားသေးလဲဟင်"

ကိုကြီးဇော်မျက်နှာဟာ မဆိုစလောက်လေး တည်သွားတယ်။ ကျွန်တော့်ကိုလည်း တစ်ချက်စွေကြည့်လာပြီး ...

"အင်း ... ကောင်မလေးက တော်ပါတယ်၊ အလုပ်နဲ့ပတ်သက်ပြီးတော့လည်း အားကိုးရတယ်"

"မဟုတ်ဘူးလေ၊ ကျွန်တော် သိချင်တာက"





သက်ဦးအမေးကြောင့် ကိုကြီးဇော်က လက်ကာပြလိုက်ရင်း–

"မလောနဲ့ သက်ဦး၊ မင်းသိချင်တာကို ငါ ပြောမှာပါ၊ မေပန်းချီကို ကြည့်ရသလောက် ရည်းစားတွေ,ဘာတွေ ရှိဟန်မတူဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ အဲဒီမှာ အလုပ်လုပ်တဲ့ နှစ်နှစ်အတွင်းမှာလည်း ဘယ်သူ့စိမ်းယောက်ျားလေးနဲ့မှ တွဲတာ မမြင်ဖူးဘူး"

"အဲဒါပဲ ... လိုချင်တာ အဲဒါပဲ"

သက်ဦးက မဆီမဆိုင် ဝမ်းသာအားရ ထ,ပြောတယ်။ ဘာပဲဖြစ်ဖြစ် ကိုကြီးဇော်စကားကြောင့် ကျွန်တော်လည်း ကျိတ်ပြီး ဝမ်းသာသွားမိတယ်။

ကျွန်တော့်ကိုကြည့်ပြီး သက်ဦးက ...

"မောင်ကျူပ် ... ကြားတယ်နော်၊ ပန်းချီက အရင်အတိုင်းပဲတဲ့၊ ခု မင်းကလည်း သံယောဇဉ်မပြတ်ဘဲ ချစ်နေသေးတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ပြန်ကြိုးစားကြည့်ကွာ"

ကျွန်တော် ဘာမှပြန်မပြောသေးခင်မှာပဲ ကိုကြီးဇော်က ...

"နေဦး ... ငါ့စကား မဆုံးသေးဘူးကွ၊ မေပန်းချီမှာ ရည်းစားမရှိဘူးဆိုတာ သေချာနိုင်ပါတယ်၊ ဒါပေမဲ့ တစ်ခုရှိတာက ငါတို့ရဲ့ မန်နေဂျာလူပျိုကြီး ကိုသန့်ဇင်က မေပန်းချီကို အသည်းအသန်ကြိုက်နေတာကွ"

"ဟင် ... ဒါ ... ဒါဆို မေပန်းချီဘက်ကရော"

"ကောင်မလေးဘက်ကတော့ ပုံမှန်ပါပဲ၊ ဟိုကလည်း မန်နေဂျာဆိုတော့လေ၊ လူပျိုကြီးကသာ နွားသိုးကြိုးပြတ် ဖြစ်နေတာပါ"

တော်သေးတာပေါ့လို့ တွေးရင်း ကျွန်တော် သက်ပြင်းညင်သာစွာ ချမိ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ကိုကြီးဇော်ကတော့ သတိပေးသလို စကားထပ်ဆိုလာသေးတယ်။

"အပျို လူပျို ကြိုက်လို့လိုက်တာတော့ မဆန်းဘူးပေါ့ကွာ၊ ဒါပေမဲ့ . . . လုပ်ငန်းခွင်ထဲမှာတော့ မင်းကို ရှောင်စေချင်တယ်၊ မဟုတ်ရင် ကိုသန့်ဇင်က မင်းကို မျက်မုန်းကျိုးသွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ကိုကြီးဇော်၊ ကျုပ် . . . အဲ ကျွန်တော် ဆင်ဆင်ခြင်ခြင် နေပါ့မယ်"

"ဟေ့ကောင် . . . မင်းကို ငါ တားနေတာမဟုတ်ဘူးနော်၊ သိသင့်တယ်ထင်လို့ သတိပေးတာ၊ ကိုသန့်ဇင်ကလည်း ကြိုက်နေတာဆိုတော့ မင်းကို ဆင်ဆင်ခြင်ခြင်လေးလှုပ်ရှားလို့ ပြောတာ၊ တစ်ခုတော့ ရှိပါတယ် . . . မင်းတို့က တစ်ချိန်က သမီးရည်းစားတွေဖြစ်ခဲ့ကြတော့ ပြန်ပြီးအဆင်ပြေသွားနိုင်တာပဲ"

ကျွန်တော်က ပခုံးအသာတွန့်လိုက်ရင်း . . .

"ငါးဆယ်၊ ငါးဆယ်ပါပဲဗျာ၊ ပြန်အဆင်ပြေသွားနိုင်သလို ပိုပြီးတော့လည်း ဆိုးသွားနိုင်တယ်လေ"

"ဟုတ်ပါပြီ မောင်ကျုပ်ရာ၊ မင်း အဆင်ပြေပါစေလို့ ငါ ဆုတောင်းပေးပါ့မယ်၊ ကဲ . . . နေညိုလာပြီဆိုတော့ လေမပြုခင် ငါ လစ်လိုက်ဦးမယ်ကွ"

ဘီယာဆိုင် သွားတော့မယ်လို့ ကိုကြီးဇော်က ပြောလိုက်တာပါ။ သူ မသွားခင်မှာ ကျွန်တော် စကားတစ်ခွန်း လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ကိုကြီးဇော် . . . ကျွန်တော်နဲ့မေ . . . အဲ မေပန်းချီတို့ ပတ်သက်



ခဲ့တဲ့ကိစ္စကို ရုံးမှာ ဘယ်သူမှ မသိပါစေနဲ့ဗျာ၊ သူ့အတွက်ပါ"

တွေခနဲဖြစ်သွားပြီးမှ ကိုကြီးဇော်က ပြတ်ပြတ်သားသား ပြန်ဆိုလာပါတယ်။

"အေးပါ"

တဲ့ . . .။

■


www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

ကမ္ဘာကြီးတစ်ခုတည်းမှာ အတူတူအလုပ်လုပ်ကြလို့ ကျွန်တော်နဲ့ မေပန်းချီတို့ မကြာခဏ မျက်နှာချင်းဆိုင်မိတာ မဆန်းပါဘူး။ နောက်ပြီး သူနဲ့ကျွန်တော်က အုပ်စုတစ်စုထဲမှာဆိုတော့ ပိုလို့တောင် ရှောင်လို့မရသေးတယ်။ အဲ . . . ရှောင်လို့ရရင်တောင် ကျွန်တော်က မရှောင်ဘဲ ထိပ်တိုက်တိုးချင်နေတဲ့ကောင်ပါ။ ဒါမှ သူ့မျက်နှာလေးကို မြင်နေခွင့်ရမှာမဟုတ်လား။

အချိန်ကာလတွေလည်း တော်တော်လွန်ခဲ့ပြီဆိုတော့ အရင်သွေးပူတုန်းကလို မေပန်းချီအပေါ် စိတ်ခု၊ စိတ်နာတာမျိုး ကျွန်တော့်ရင်ထဲမှာ မရှိတော့ပါဘူး။ မမျှော်လင့်ဘဲ ပြန်ဆုံတွေ့လိုက်ရတော့ ပြာဖုံးနေတဲ့ အချစ်တွေဟာ မီးခဲလို ရဲရဲတောက်လာကြတယ်။ သက်သေပြရမယ်ဆိုရင်တောင် မေပန်းချီနဲ့ ဝေးခဲ့ပြီးနောက်ပိုင်းမှာ ဘယ်ရည်းစားမှ မထားခဲ့တာ ကျွန်တော့်





ရဲ့ မသိစိတ်က သစ္စာပါပဲ၊ မေပန်းချီဘက်ကတော့ ကျွန်တော့်အပေါ် ဘယ်လိုသတ်မှတ်ထားလဲ မသိသေးပါဘူး။

အဲဒီအတွေးနဲ့ မေပန်းချီကို လှမ်းကြည့်မိတယ်။ တစ်စက်မှ မလျော့သေးတဲ့ အလှတရားတွေနဲ့ သူ့မျက်နှာလေးဟာ လင်းသန့်တောက်ပနေတုန်းပဲ။ မနက်ပိုင်း အရောင်းမထွက်ခင် ပစ္စည်းစာရင်းလုပ်နေတဲ့ သူ့ကို ကျွန်တော် ငေးကြည့်နေမိတာပါ။

အဲဒီအချိန်မှာပဲ ဆတ်ခနဲ လှမ်းကြည့်လာလို့ ကျွန်တော်နဲ့ အကြည့်ချင်း ဆုံမိသွားတယ်။ ပြုံးပြဖို့ ကြိုးစားလိုက်ပေမယ့် မေပန်းချီ့မျက်နှာက ပြီးသုန်မှုန်သွားလို့ ကျွန်တော့်အပြုံးဟာ ခလုတ်တိုက်သွားရတယ်။ သက်ပြင်းချရင်း ကျွန်တော် အကြည့်ကို လွှဲလိုက်မိတယ်။ အဲဒီအချိန်မှာပဲ . . .

"ကိုစိုးခန့် . . . ဝေး (Way) ထွက်တော့မှာလား"

ပန်းအိက လာမေးတာပါ။ ကျွန်တော်က အသာပြုံးပြလိုက်ရင်း–

"အင်း . . . ခဏနေရင်တော့ သွားတော့မှာပါ၊ ဘာဖြစ်လို့လဲဟင် ပန်းအိ"

အားနာသလို အမူအရာလေးနဲ့ ခဏစဉ်းစားဟန်လုပ်ပြီးမှ ပန်းအိက . . .

"ဟိုလေ . . . ပန်းအိနဲ့ ကိုစိုးခန့်နဲ့က တစ်ရပ်ကွက်ထဲ နေတာဆိုတော့ ညနေရုံးဆင်းရင် အတူတူပြန်ရအောင်လို့ အဖော်လာစပ်တာပါ၊ ပန်းအိက တစ်ယောက်တည်း ပြန်ရတာဆိုတော့ . . ."

သူ့စကားမဆုံးခင်မှာပဲ ကျွန်တော်က . . .

"ဟာ . . . ရပါတယ်၊ ဝေး (Way) ပြန်ဝင်တဲ့အခါ ပန်းအိစော



www.burmeseclassic.com

www.burmeseclassic.com



လည်း စောင့်နေလေ၊ ကျွန်တော်စောရင်လည်း စောင့်ပေးမယ်''

''ကျေးဇူးပဲနော် ... သွားပြီ ကိုစိုးခန့်''

မျက်နှာချိုချိုလေးနဲ့ နှုတ်ဆက်ပြီး ပန်းအိ လှည့်ထွက်သွားပါတယ်။ အဲဒီအချိန်မှာပဲ ဘာရယ်မဟုတ် ကျွန်တော် မေပန်းချီကို ဆတ်ခနဲ ထပ်ကြည့်မိတယ်။ အားပါး ... သူကလည်း ကျွန်တော့်ကို ကြည့်နေတယ်ခင်ဗျ။ ပန်းအိနဲ့ စကားပြောနေတုန်းကပဲ ကြည့်နေလား မသိဘူး။ ခုလည်း ကျွန်တော့်အကြည့်ကြောင့် မလုံမလဲပုံစံနဲ့ မျက်နှာပြန်လွှဲသွားတယ်။ ဘာပဲပြောပြော အဲဒီလို သူ့ရဲ့အမူအရာလေးကြောင့် ကျွန်တော် သေးသေးလေး ကျိတ်ကျေနပ်သွားတယ်။

ကျွန်တော်လည်း ရုံးအောက်ထပ်ကိုဆင်းပြီး စတိုထဲက ပစ္စည်း သွားထုတ်လိုက်တယ်။ အကူကောင်လေးကို ပစ္စည်းတွေ ကားပေါ်တင်ခိုင်း လိုက်ပြီး ရုံးပေါ် ပြန်တက်လာခဲ့တယ်။

ရုံးပေါ်ပြန်ရောက်တော့ မေပန်းချီအနားသွားပြီး ကားပေါ်တင်ထား တဲ့ ပစ္စည်းစာရင်းကို ကမ်းပေးလိုက်ရင်း ...

''မမေပန်းချီ ... ဒါ ကားပေါ်တင်ထားတဲ့ ပစ္စည်းစာရင်းပါ အားလုံး စစ်ပြီးပါပြီ၊ ဟို ... ဝေး (Way) ထွက်မယ်ဆိုရင် အသင့်ဖြစ်ပြီ လို့ လာပြောတာ''

မေပန်းချီက စာရင်းစာရွက်ကို ဆတ်ခနဲ လှမ်းယူရင်း ကျွန်တော့် ကို မကြည့်ဘဲ ...

''ခဏစောင့်ဦး၊ ဒီမှာ လက်ကျန်စာရင်းတွေ မပြတ်သေးဘူး''

''ဟုတ်ကဲ့''





ကျွန်တော် သူ့အနားမှာပဲ ရပ်စောင့်နေလိုက်တယ်။ သူကတော့ စားပွဲမှာထိုင်ရင်း စာရင်းတွေကို သဲကြီးမဲကြီး ငုံ့လုပ်နေတယ်။ သူ့အနားမှာ ရပ်နေတဲ့ ကျွန်တော့်မှာ သူ့ကိုယ်သင်းနံ့လေးကို အတင်းမရှူဘဲ ရနေပြန် ရဲ့။ ဪ မေရယ် ... အချိန်တွေသာ ပြောင်းသွားပေမယ့် ကိုယ်သင်းနံ့ လေးကတော့ မပြောင်းလဲဘဲ အရင်အတိုင်းပဲနော်ဆိုပြီး ကြည်ကြည်နူးနူး တွေးနေမိသေးတယ်။

ဒါပေမဲ့ ကျွန်တော်ရဲ့ကြည်နူးမှုလေးဟာ သက်ဆိုးမရှည်လိုက်ပါ ဘူး။ အနားကို ဘယ်လိုရောက်လာမှန်းမသိတဲ့ မန်နေဂျာကိုသန့်ဇင်ရဲ့အသံ ကြောင့် အရှိန်ပျက်သွားရတယ်။

ကိုသန့်ဇင်က ကျွန်တော့်ကို စူးစမ်းသလိုကြည့်ပြီး ...

''ကိုစိုးခန့် ... ဒီမှာ ဘာလုပ်နေတာလဲ''

သူ့အသံကြောင့် မေပန်းချီလည်း ခေါင်းထောင်လာပါတယ်။ ကျွန်တော်က မေပန်းချီကို မေးထိုးပြပြီး ...

''ဝေး (Way) ထွက်ဖို့ အဆင်သင့်ဖြစ်ပြီလို့ မေပန်းချီကို လာပြော တာပါ၊ သူက ခဏစောင့်ဆိုလို့ စောင့်နေတာခင်ဗျ''

ကျွန်တော့်စကားကြောင့် မေပန်းချီ မျက်မှောင်လေးကြုတ်သွား ရင်း ...

''အာ ... စောင့်ဆိုတာက ကားနားမှာလို့ ပြောတာရှင့်၊ ဒုက္ခပါပဲ ရှင် ဒီမှာ ရပ်စောင့်နေတာ ကျွန်မတောင် သတိမထားမိဘူး''

''မသိဘူးလေ၊ ကျုပ် ... အဲ ... ကျွန်တော်ကလည်း စောင့်ဆို လို့ စောင့်နေတာ၊ ပြီးတော့ ... မမေပန်းချီ သိတယ်ထင်လို့''



www.burmeseclassic.com

www.burmeseclassic.com

"အာ . . . မသိပါဘူး၊ ကျွတ် (စ်) . . . ဘယ်လိုလူလဲ မသိဘူး"

ပြောရင်း မေပန်းချီက သူ့မျက်နှာလေးကို သုန်မှုန်ပစ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကိုသန့်ဇင်က ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး . . .

"ကိုစိုးခန့်က အသစ်မို့လို့ မသိတာနေမှာပါ၊ ကဲ ကိုစိုးခန့် . . . နောက်နေ့တွေဆိုရင်လည်း အဆင်သင့်ဖြစ်ပြီဆိုရင် ကားနားမှာပဲ စောင့်နေပါ၊ ပန်းချီ အလုပ်ပြီးရင် ဆင်းလာလိမ့်မယ်"

"ဟုတ်ကဲ့"

မေပန်းချီကို တစ်ချက်စိုက်ကြည့်ရင်း ကျွန်တော် ဆတ်ခနဲ လှည့်ထွက်လာခဲ့တယ်၊ ဘယ်လိုလူမှန်းမသိဘူးဆိုတဲ့ သူ့စကားကြောင့် ရင်ထဲမှာ မျက်ခနဲဖြစ်သွားတာတော့ အမှန်ပဲ၊ ဒါပေမဲ့လည်း အပြစ်မမြင်ရက်ပါဘူး မေပန်းချီ။

"ပန်းချီလေး . . . ဘာတွေလိုသေးလဲဟင်၊ လိုအပ်တာရှိရင် ကိုယ့်ကိုပြောနော်"

လှည့်အထွက်မှာ ကြားလိုက်ရတဲ့ ကိုသန့်ဇင်ရဲ့ချွဲပျစ်ပျစ်စကားသံပါ။ ရပါတယ်လို့ ပြောရင်း ရယ်လိုက်တဲ့ မေပန်းချီရဲ့အသံလေးကိုတောင် ကြားဖြစ်အောင် ကြားလိုက်မိသေးရဲ့၊ ဒီတစ်ခါမှ ရင်ထဲမှာ တကယ်မကောင်းဖြစ်သွားရတယ်။

ရုံးအောက်ထပ်ဆင်းပြီး ကားနားမှာပဲ ကျွန်တော် စောင့်နေလိုက်တယ်။ ဝေး (Way) ထွက်ရမှာက ကျွန်တော်ရယ်၊ မေပန်းချီရယ်၊ ပစ္စည်းသယ်မယ့်အကူကောင်လေးတစ်ယောက်ရယ်ပါ။ ကားဒရိုင်ဘာနဲ့ဆို လေးယောက်ပေါ့။ ထပ်ပြောရရင် ကျွန်တော်နဲ့ မေပန်းချီက ကားရှေ့ခန်းမှာ



ထိုင်ရမှာခင်ဗျ။ အကူကောင်လေးကတော့ နောက်ခန်းမှာပေါ့။

ခဏကြာတော့ အိတ်ကလေးလွယ်၊ ဖိုင်ကလေးကိုင်ရင်း မေပန်းချီ ဆင်းလာပါတယ်။ ကားနားရောက်တော့ ဒရိုင်ဘာဦးလေးကြီးကိုကြည့်ပြီး–

"ဦးထင် . . . သွားရအောင်၊ နောက်ခန်းထဲမှာရော ဖိုးဇော် ရောက်ပြီလား"

"ရောက်ပါပြီ အစ်မ"

ဖိုးဇော်ဆိုတဲ့ ကောင်လေးက နောက်ဘက်က လှမ်းအော်ပါတယ်။ ဒရိုင်ဘာ ကားပေါ်ရောက်တဲ့အချိန်မှာပဲ မေပန်းချီက ကျွန်တော့်ကိုကြည့်ပြီး . . .

"ရှင် အရင်တက်လေ"

"ဩော် . . . ဟုတ် . . . ဟုတ်ကဲ့"

ကားပေါ်ကို ကျွန်တော် အရင်တက်လိုက်တယ်။ ကျွန်တော့်နောက်က သူလိုက်တက်လာပြီး ထိုင်တော့ ကျွန်တော်နဲ့ အသားချင်း နည်းနည်းထိသွားတယ်။ ဒါကို သူက စိတ်ရှုပ်ဟန်လေးနဲ့ . . .

"ဟိုဘက် နည်းနည်းတိုးဦးလေ၊ ဒီလောက် အချောင်ကြီးကို"

ကျွန်တော်ကပဲ အသားယူပြီး ထိုင်နေတယ်လို့ ထင်နေလား မသိဘူး။ ဘာမှပြန်မပြောဘဲ ဒရိုင်ဘာဦးထင်ဘက် ကပ်ပေးလိုက်ပါတယ်။ အဲလို လုပ်လိုက်ပြန်တော့လည်း ဦးထင်က . . .

"ကောင်လေး . . . ဒီဘက်လည်း သိပ်မတိုးနဲ့ကွ၊ ဂီယာထိုးရတာ မလွတ်ဘူး"

"ဗျာ . . . ဟုတ်, ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့ဘဲ ဒူးနှစ်လုံးကိုစေ့ပြီး ပေါင်ကြားထဲ လက်ထည့်ရင်း ခန္ဓာကိုယ်ကို ကျုံ့ထားလိုက်တော့တယ်။ ကျွန်တော့်ပုံစံကိုကြည့်ပြီး မေပန်းချီ ရယ်ချင်သွားလို့လားမသိဘူး။ မအောင့်နိုင်ဘဲ ခစ်ခနဲ ရယ်သံလေး ထွက်လာပါတယ်။ ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ဒင်းကလေးက မသိချင်ယောင်ဆောင်ပြီး ကားပြတင်းက နေ အပြင်ကို ငေးတော်မူနေသေးတယ်ခင်ဗျ။

ခဏနေတော့ မေပန်းချီကပဲ . . .

"ဦးထင် . . . စီးတီးမတ်ကို မဝင်ခင် ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ခဏရပ်ပေးပါ၊ သမီး မနက်စာ ဘာမှမစားရသေးဘူး"

"အေး . . . သမီး"

နောက် ငါးမိနစ်လောက်ကြာတဲ့အချိန်မှာတော့ ဦးထင်ဟာ သူ မောင်းလာတဲ့ကားကို လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပါတယ်။

ကားပေါ်က မေပန်းချီ ဆင်းပြီး ဆိုင်ထဲဝင်သွားတော့ ဦးထင်က ကျွန်တော့်ကို . . .

"ကောင်လေး . . . ဆင်းလေကွာ၊ လက်ဖက်ရည်လေး ဘာလေး သောက်ရအောင်"

"ဪ . . . ဟုတ်ကဲ့ ဦးထင်"

ကျွန်တော်နဲ့ဦးထင်တို့ ဆိုင်ထဲ အတူဝင်သွားလိုက်တယ်။ ဆိုင်အဝင်ဝရောက်တော့ . . .

"ကောင်လေး . . . ထိုင်ဦးကွာ၊ ဦးထင် အပေါ့သွားလိုက်ဦးမယ်"





ဦးထင် ဆိုင်နောက်ဘက် ဝင်သွားတော့ ကျွန်တော် ဆိုင်ထဲ မျက်စိဝေ့ကြည့်လိုက်တယ်။ စားပွဲတစ်ခုမှာ မေပန်းချီနဲ့ ဖိုးဇော်တို့ ထိုင်နေတာတွေ့လို့ လျှောက်သွားပြီး ဝင်ထိုင်လိုက်တယ်။

သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တဲ့ ကျွန်တော့်ကို မေပန်းချီက တစ်ချက် ဆတ်ခနဲကြည့်တယ်။ ဘာမှတော့ မပြောသေးဘူး။ ဖိုးဇော်ဆိုတဲ့ ကောင်လေးကလည်း မှာထားတဲ့ စားသောက်စရာတွေကို မျှော်နေတယ်။

အဲဒီအချိန်မှာပဲ စားပွဲထိုးလေးတစ်ယောက် ပိုင်းနားကို ထပ်ရောက်လာပြီး . . .

"ဒီက အစ်ကိုကရော ဘာမှာဦးမလဲဗျ"

ခုနကမှ ဝင်ထိုင်လိုက်တာမို့ ထပ်ပြီး လာမေးတာနဲ့ တူတယ်။ ကျွန်တော်က တစ်ချက်စဉ်းစားသလို ဟန်လုပ်လိုက်ပြီးမှ . . .

"အဲ . . . ကော်ဖီပဲပေးကွာ၊ လက်ဖျော်နော်"

ဒီနေရာမှာ ကျွန်တော် တကယ်သတိထားပြီး မှာလိုက်တာပါ။ ကျွန်တော်မှာလိုက်တဲ့ ကော်ဖီက လက်ဖျော်ဆိုလို့ တခြားကော်ဖီတွေက ခြေထောက်နဲ့ ဖျော်တာမဟုတ်ပါဘူး။ ကော်ဖီမစ်မဟုတ်ဘဲ ကော်ဖီမှုန့်စစ်စစ်နဲ့ ဖျော်တဲ့ကော်ဖီလို့ ဆိုလိုတာပါ။ အဲဒီလို လက်ဖျော်ကော်ဖီ မှာရတာကလည်း အကြောင်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ မေပန်းချီတို့ ချစ်သူဘဝကို အတူလက်တွဲပြီး လှင်းလင်းရဲရဲ ဖြတ်သန်းခဲ့တုန်းက နှစ်ယောက်စလုံး ကော်ဖီလက်ဖျော်ကိုပဲ မက်မက်စက်စက်သောက်ခဲ့ကြတာလေ။ ခုလည်း အဲဒီကာလကို ကျွန်တော် အမှတ်ရနေသေးတယ်ဆိုတာ သူ့ကို သိစေချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှာလိုက်တော့ စားပွဲထိုးလေးက ...

"ဒါဆို ကော်ဖီလက်ဖျော်က နှစ်ခွက်ပေါ့နော်၊ ခုနက ဒီက အစ်မလေးကလည်း တစ်ခွက်မှာထားတယ်ဆိုတော့"

ကျွန်တော် ကျိတ်ပြီး ဝမ်းသာသွားမိတယ်။ မေပန်းချီလည်း ကော်ဖီလက်ဖျော်ကို မှတ်မှတ်ရရ သောက်သုံးနေဆဲဆိုတာကို သိလိုက်ရလို့ပါ။

စားပွဲထိုးလေးရဲ့ စကားသံကြောင့် မေပန်းချီမျက်နှာဟာ မသိမသာလေး တည်သွားတယ်။ ချက်ချင်းပဲ စားပွဲထိုးလေးကို ပြန်ကြည့်ပြီး ...

"ဟော့အေး ... အစ်မက ကော်ဖီမယူတော့ဘူး၊ ရှယ်ပုံမှန်တစ်ခွက်ပဲ ပေးတော့"

သူ့စကားသံကြောင့် ဘေးနားက ဖိုးဇော်ကတောင် မေပန်းချီကို အံ့ဩသလို လှမ်းကြည့်သည်။ မေပန်းချီ လက်ဖက်ရည်သောက်တာဟာ သူ့အမြင်မှာ ထူးဆန်းနေလို့လားမသိပါဘူး။ ကျွန်တော်ကတော့ ကျွန်တော်နဲ့ မတူအောင် ပြောင်းမှာလိုက်တယ်ဆိုတာကို ရိပ်မိပါတယ်။

မှာထားတာတွေ ရောက်လာတော့ ကျွန်တော်က ကော်ဖီတစ်ငုံ ငုံလိုက်ရင်း ...

"အားပါး ... ဒီဆိုင်က ကော်ဖီက ကောင်းလှချည်လား"

ကျွန်တော့်စကားသံကြောင့် မေပန်းချီက မသိမသာ မျက်စောင်းထိုးတယ်။ ဘေးက ဖိုးဇော်ကလည်း ထောက်ခံသလို ခေါင်းညိတ်ပြရင်း-

"ဟုတ်တယ် ကိုစိုးခန့်ရဲ့၊ ဒီဆိုင်က ကော်ဖီကောင်းလွန်းလို့ မပန်းချီဆို တကူးတက လာလာသောက်တာ၊ ဒီနေ့မှ မပန်းချီက ဘယ်လိုဖြစ်ပြီး ..."





ဖိုးဇော်စကားမဆုံးခင်မှာပဲ မေပန်းချီက ယောင်ယောင်လေးတင်းနေတဲ့မျက်နှာနဲ့ လှမ်းကြည့်လိုက်ပြီး ...

"ဖိုးဇော် ... စကားအပိုတွေ ပြောမနေနဲ့၊ စားစရာရှိတာ မြန်မြန်စား၊ အလုပ်ရှိသေးတယ်"

နားမလည်တဲ့ မျက်နှာလေးနဲ့ ဖိုးဇော် ဇက်ပုသွားလေရဲ့။ ခဏနေတော့ ဖိုးဇော်က အပေါ့သွားမလို့လားမသိပါဘူး၊ ထိုင်နေရာက ထပြီး ဆိုင်နောက်ဘက်ထဲကို ဝင်သွားတယ်။

နှစ်ယောက်တည်း ကျန်ခဲ့အချိန်ကျမှ ကျွန်တော် မေပန်းချီကို စိုက်ကြည့်လိုက်တယ်။ သူကတော့ ကျွန်တော့်ကို အနားမှာရှိနေတယ်လို့တောင် သတိမထားမိတဲ့ပုံစံနဲ့ ဆိုင်အပြင်ဘက်ကို ငေးနေတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော်က အသံခပ်အုပ်အုပ်နဲ့ ...

"မေ"

ခေါ်သံကြောင့် သူ့ခန္ဓာကိုယ်လေးဟာ ဆတ်ခနဲ တွန့်သွားတယ်။ ဒါပေမဲ့လည်း မကြားချင်ယောင်ဆောင်ပြီး အပြင်ကို ဆက်ငေးနေတယ်။ ကျွန်တော်က အသံကို ဘော်လွန်းမြှင့်ပြီး ထပ်ခေါ်လိုက်တယ်။

"မေ ... ကျုပ် အဲ ကျွန်တော်နဲ့ စကားနည်းနည်းလောက်ပြောရအောင်"

ဒီတစ်ခါတော့ သူ့မျက်နှာဟာ ကျွန်တော့်ဘက်ကို ဆတ်ခနဲလှည့်လာပြီး တိတိကျကျ စူးစူးစိုက်စိုက်လေး ကြည့်လာပါတယ်။ အကြည့်ထဲမှာ စိတ်ရှုပ်သွားတဲ့အရောင်တွေ ပါသလို ထွက်လာတဲ့စကားသံကလည်း အကြည့်နဲ့ တစ်ထပ်တည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ... ရှင် ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ကျွန်မကို ခုလို ခေါ်စရာမလိုဘူး၊ ရှင်နဲ့ကျွန်မ အလုပ်ကိစ္စကြောင့် ဒီလောက်ပတ်သက်နေရတယ်ဆိုတာကိုပဲ နားလည်ထားပါ"

"မေကလည်းကွာ၊ ကျွန်တော် ပြောချင်တာကလေ"

မျက်နှာငယ်လေးလုပ်ပြီး တောင်းပန်သလို ပြောလိုက်တဲ့ ကျွန်တော့်စကားဟာ မဆုံးလိုက်ပါဘူး။ သူက စိမ်းစိမ်းခက်ခက် ထပ်ပြောလာပြန်တယ်။

"ရှင့်ကို ကျွန်မ ပြောပြီးပြီနော်၊ ဘာအကြောင်းနဲ့မှ ဒီလိုမခေါ်နဲ့ဆိုတာ၊ ပြီးတော့ ... ရှင်နဲ့ကျွန်မဟာ သူစိမ်းပဲ၊ အလုပ်ကိစ္စကလွဲပြီး အပိုစကား မပြောရင်ကောင်းမယ်၊ ခုလောလောဆယ်လည်း ရှင် တခြားဝိုင်းပြောင်းထိုင်လိုက်ရင် ကောင်းမယ်"

"မေ ... ရာ"

"တော်တော့လို့ ပြောနေတယ်လေ၊ ရှင် ခုချက်ချင်း ထမသွားရင် ပိုပြီး ရုပ်ပျက်လိမ့်မယ်နော်"

ခြိမ်းခြောက်သလို ပြောလာတာမို့ ကျွန်တော်လည်း လေပြေမထိုးရဲတော့ဘဲ ကော်ဖီခွက်ကလေး ကိုင်ပြီး ဝိုင်းထဲက ထ,ထွက်လိုက်တယ်။

အဲဒီအချိန်မှာပဲ ...

"ကောင်လေး ... ဒီမှာလာထိုင်လေကွာ"

ခေါ်သံကြောင့် ကြည့်လိုက်တော့ နောက်ဘက်ဝိုင်းမှာထိုင်နေတဲ့ ဦးထင်ကို တွေ့လိုက်ရတယ်။ ဦးထင်က ဆေးလိပ်မီးခိုးတွေ မှုတ်ထုတ်ရင်း ခေါင်းတစ်ချက် ဆတ်ပြတယ်၊ လာဆိုတဲ့ သဘောပါ။ ကျွန်တော်နဲ့ မေပန်းချီ





တို့ ပြောဆိုနေသံတွေကို နားစွန်နားဖျား ကြားသွားလား မသိပါဘူး။

သူ့ဝိုင်းမှာ ဝင်ထိုင်ရင်း ကျွန်တော် မေးလိုက်မိတယ်။

"ဒါနဲ့ ... ဦးထင်က ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်း ထိုင်နေတာလဲ"

ဦးထင်က ဆေးလိပ်ကို ထပ်ဖွာလိုက်ရင်း ပြုံးစစနဲ့ ...

"သြော် ... အဲဒါက ဒီလိုကွ၊ ဦးထင်က ဆေးလိပ်သောက်တယ်လေ၊ သမီးပန်းချီက ဆေးလိပ်ငွေ့ ခံလို့မရဘူးဆိုတော့ အနှောင့်အယှက်မဖြစ်အောင်ပါ"

ဟုတ်သားပဲလို့ တွေးရင်း ကျွန်တော့်ပါးစပ်က စကားထပ်ထွက်သွားတယ်။

"ဟုတ်တာပေါ့၊ ကျွန်တော်တောင် ဟိုးအရင်တုန်းက ဆေးလိပ်သောက်တာဗျ၊ အဲ ... တက္ကသိုလ်တက်တော့မှပဲ ကောင်မလေးတစ်ယောက်ကြောင့် ဖြတ်လိုက်တာ"

ကျွန်တော့်စကားကြောင့် ဦးထင်က မျက်ခုံးပင့်တယ်၊ ကျွန်တော်ကလည်း မေပန်းချီကြားနိုင်လောက်တဲ့အသံနဲ့ ပြောလိုက်တာလေ၊ တကယ်လည်း ဆေးလိပ်ငွေ့မခံနိုင်တဲ့သူ့ကြောင့် ကျွန်တော် ဆေးလိပ်ဖြတ်ခဲ့တယ်ဆိုတာ သူ့ကို ပြန်ပြီးအမှတ်ရစေချင်ပါတယ်။

ခဏနေတော့ ဦးထင်က အသံခပ်အုပ်အုပ်နဲ့ မေးလာတယ်။

"ကောင်လေး ... မင်း ပန်းချီကို သိလို့လား"

ဦးထင်အမေးကြောင့် ကျွန်တော် ရယ်ကျဲကျဲနဲ့ ပြန်ပြောလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီလား၊ သိတာပေါ့ဗျ။ ပန်းချီဆိုတာ ဆွဲရတာလေ ... အပေါင်း"

ကျွန်တော့်အပြောကြောင့် ဦးထင် တစ်ချက်ကြောင်သွားသေးတယ်။ ပြီးမှ မျက်နှာထားကို တည်တည်ကြီးလုပ်ပြီး ...

"ကောင်လေး ... ဦးထင်ဆိုတဲ့ ငါကလည်း ငယ်ရာက ကြီးလာတာပါကွ၊ ခုနက မင်းနဲ့ပန်းချီတို့ ပြောနေတာတွေကို ဦးထင် ကြားပါတယ်၊ ကဲ ... ပြောစမ်းပါဦး"

ပြောရရင် ဦးထင်ကလည်း လူပါးကြီးပါ။ ခုလည်း အချက်ကျကျ မေးလာလို့ ကျွန်တော် စပ်ဖြဲဖြဲရယ်ပြလိုက်တယ်။ ပြီးမှ လက်ညှိုးကို နှုတ်ခမ်းနဲ့ တေ့ပြီး ...

"ရှူး ... တိုးတိုး ဦးထင်၊ ကျွန်တော် အဲဒီကိစ္စကို နောက်မှရှင်းပြမယ်၊ လောလောဆယ်တော့ ဦးထင်သိသလောက်ကို စိတ်ထဲမှာပဲ ထားပေးပါနော်၊ အဲဒီကိစ္စကို ရုံးမှာ မပွစေချင်လို့ပါ"

ဦးထင်က ခေါင်းတစ်ချက် ညိတ်ပြရင်း ...

"အေးပါ ကောင်လေးရာ ... ဦးထင် နားလည်ပါတယ်"

ဦးထင်အပြောကြောင့် ကျွန်တော် စိတ်အေးသွားရတယ်။ မေပန်းချီတို့ဝိုင်းကို မသိမသာ ငဲ့ကြည့်လိုက်တော့ စားပွဲထိုးခေါ်ပြီး ပိုက်ဆံရှင်းနေတာကို တွေ့လိုက်ရတယ်။

ခဏနေတော့ မေပန်းချီက မတ်တတ်ထရပ်ရင်း ဦးထင်ကိုကြည့်ပြီး လှမ်းပြောလိုက်တယ်။

"ဦးထင် ... သွားရအောင်၊ သမီး ပိုက်ဆံရှင်းပြီးပြီ"





"အေး အေး ... သမီး၊ ဦးထင်တို့လည်း ပြီးပါပြီ"

ပြောရင်း ဦးထင်ထရပ်လိုက်လို့ ကျွန်တော်က ...

"ဦးထင် ... ကျွန်တော်တို့ သောက်ထားတာတွေ ရှင်းရဦးမယ်လေ"

ကျွန်တော့်စကားကြောင့် ဦးထင် တွေခနဲဖြစ်သွားပြီးမှ မေပန်းချီကို လှမ်းကြည့်ရင်း ...

"သမီး ပန်းချီ ... ဒီကကောင်လေး သောက်ထားတာရော ရှင်း ... ရှင်း"

စကားမဆုံးခင်မှာပဲ မေပန်းချီက လှည့်တောင်မကြည့်ဘဲ ...

"ရှင်းပြီးပြီ ရှင်းပြီးပြီ ... အားလုံး ရှင်းပြီးပြီ"

ပြောရင်း တောက်ဆတ်ဆတ်နဲ့ လျှောက်သွားလေရဲ့။ သူ့အပြုအမူနဲ့ အပြောလေးကြောင့် ကျွန်တော် ကျိတ်ပြီး ဝမ်းသာသွားမိတယ်။ ဩော် ... ငါ့အပေါ်မှာ သံယောဇဉ်လက်ကျန်လေးတော့ ရှိသားဟ ... ဆိုပြီးတော့ပေါ့။ အဲဒီအတွေးနဲ့ ကျွန်တော်ဟာ ဦးထင်ကို ကြည့်လိုက်တော့ ဦးထင်ပြန်ပြောလာတဲ့စကားကြောင့် အင့်ခနဲနေအောင် နင်သွားရပါတယ်။

"ကျိတ်ပြီးဝမ်းသာမသွားနဲ့ ကောင်လေး၊ မင်းမို့လို့ ရှင်းသွားတာမဟုတ်ဘူး၊ သမီးပန်းချီက သူ့လက်အောက်က ဝန်ထမ်းတွေဆိုရင် ဒီလိုပဲ ကျွေးမွေးတတ်တာ အရင်ကပဲကွ၊ သူ့လောက် အဆင်မပြေတဲ့လူကို လှူတဲ့သဘောတဲ့"

"အင်"

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

ဒီလိုနဲ့ အဲဒီကုမ္ပဏီမှာ ကျွန်တော် အလုပ်ဝင်တာ တစ်ပတ်ဆယ်ရက်လောက် ရှိပါပြီ။ ဒါပေမဲ့ ကျွန်တော်နဲ့ မေပန်းချီရဲ့ဆက်ဆံရေးက သာမန်ထက်ပိုပြီး ထူးခြားမလာသေးပါဘူး။ တစ်ခါတစ်ခါ စစ်အေးတိုက်ပွဲအသွင်တောင် ဆောင်နေသေးတယ်။ စစ်အေးတိုက်ပွဲဆိုလို့ တစ်ယောက်နဲ့တစ်ယောက် ရေခဲတုံးတွေနဲ့ ပစ်ပေါက်နေကြတာမျိုးလည်း မဟုတ်ပါဘူး။ အသံမထွက်ဘဲ စိတ်ထဲကနေ ကျိတ်ပြီး ရန်ဖြစ်နေကြတာမျိုးပါ။

ဒီကြားထဲ တစ်ခုကောင်းတာက ကျွန်တော်နဲ့ မေပန်းချီတို့ရဲ့ တစ်ချိန်က ပတ်သက်ခဲ့မှုကို ကုမ္ပဏီက တခြားလူတွေမသိအောင် ဦးထင်နဲ့ ဖိုးဇော်တို့က ဖုံးဖိထားပေးကြပါတယ်။

အဲဒီအတွက် သူတို့ကို ကျေးဇူးတင်တဲ့အနေနဲ့ တစ်ရက် စား





သောက်ဆိုင်တစ်ဆိုင်မှာ လိုက်ကျွေးရင်း ကျွန်တော်နဲ့မေပန်းချီတို့ရဲ့အတိတ်က အကြောင်းတချို့ကို ပြောပြဖြစ်တယ်။

ကျွန်တော် စကားဆုံးတော့ ဦးထင်ဟာ အရင် . . .

"ဘာပဲဖြစ်ဖြစ် ကောင်လေးရာ . . . မင်းတို့က တစ်ယောက်နဲ့တစ်ယောက် အထင်လွဲပြီး ဝေးခဲ့ကြတာဆိုတော့ ဦးထင်လည်း ပြန်ပြီးအဆင်ပြေစေချင်ပါတယ်"

ဦးထင်စကားအဆုံးမှာ ဖိုးဇော်ကလည်း အားပေးရှာပါတယ်။

"ပြန်ရအောင်လိုက်ဗျာ ကိုစိုးခန့်၊ ဝေး (Way) ထဲမှာလည်း အဆင်ပြေရင်ပြေသလို ကျွန်တော်နဲ့ ဦးထင် ရှောင်ပေးမယ်"

"ဟာ ဖိုးဇော်ကလည်း . . . အဲဒီလိုကြီးတော့ ကောင်းပါ့မလား"

"ဘာဖြစ်လို့ မကောင်းရမှာလဲ ကိုစိုးခန့်ရာ၊ အချစ်နဲ့စစ်မှာ နေရာရွေးလို့မရဘူးဗျ။ မဟုတ်ရင် ဂျာကြီးက လက်ဦးသွားလိမ့်မယ်၊ ကျွန်တော်က ဂျာကြီးကို ကြည့်လို့ရတာမဟုတ်ဘူး။ သူ့ရုပ်, သူ့အသက်အရွယ်နဲ့ မပန်းချီကို ကြိုက်နေတာတောင် လွန်လှပြီ"

ဖိုးဇော်ရဲ့ ဒသနနဲ့ ပုဂ္ဂလိကခံစားချက်ကြောင့် ကျွန်တော့်မှာ ပြုံးမိသေးတယ်။ အားပေးတာပဲပြောပြော၊ မြှောက်ပေးတာပဲဆိုဆို သူတို့နှစ်ယောက်ရဲ့အပြောကြောင့် ကျွန်တော့်မှာ အားတက်ရပါတယ်။ မေပန်းချီနဲ့ပတ်သက်ပြီး မန်နေဂျာကိုသန့်ဇင်ကိုတော့ သတိထားရမယ်လို့ တွေးမိတယ်၊ ဒီကြားထဲ ရုံးမှာရှိနေတဲ့အချိန်တွေဆိုရင် ပန်းအိကလည်း ကျွန်တော့်အနားကို လာပြီး စကားတွေ ပြောသေးတယ်ခင်ဗျ။ သူ့ဘက်က ခင်မင်စိတ်တလေးနဲ့ လာပြောတာဖြစ်သလို ကျွန်တော့်ဘက်ကလည်း ရိုးသားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပန်းအိ အနားလာပြီဆိုရင် မေပန်းချီက ကျွန်တော့်ကို အလုပ်တစ်ခု မဟုတ် တစ်ခု ခိုင်းတော့တာပဲ။ ဒါကိုလည်း မေပန်းချီရဲ့မသိစိတ်က သဝန် တိုတာလို့ ကျွန်တော် ပိုင်စိုးပိုင်နင်း သတ်မှတ်ထားလိုက်တယ်။

အဲဒီအကြောင်းတွေကို ရှုံးပိတ်တဲ့တစ်ရက် သက်ဦးတို့ကို ပြောပြ ဖြစ်တယ်။ သက်ဦးတို့လို့ ပြောရတာကလည်း သက်ဦးနဲ့ ကိုကြီးဇော်တို့ နှစ်ယောက်မို့လို့ပါ။ ကိုကြီးဇော်နဲ့ ကျွန်တော်က တစ်ရုံးတည်းပေမယ့် ဝေး (Way) ချင်းမတူလို့ ရုံးမှာ သိပ်ဆုံဖြစ်ကြတာ မဟုတ်ဘူး။ ဆုံရင်တောင် ခဏတစ်ဖြုတ် နှုတ်ဆက်ရုံပဲ။ အဲဒါကြောင့် ခုလို အားလပ်တဲ့ရုပါဆန်းဒေး လိုနေ့မျိုးမှာ ဘီယာဆိုင်ထိုင်ပြီး အေးအေးဆေးဆေးပြောပြဖြစ်တာပါ။ ဒကာ ကတော့ ကာယကံရှင် ကျွန်တော်ပဲပေါ့။

ခုလည်း ကျွန်တော့်စကားဆုံးတော့ သက်ဦးက အမြည်းတစ်ဖတ် ကောက်ဝါးလိုက်ရင်း ရီဝေဝေလေးနဲ့ . . .

"ဘာပဲဖြစ်ဖြစ် ဆက်ကြိုးစားကွာ မောင်ကျော်၊ စီးတဲ့ရေ ဆည် တဲ့ကန်သင်းဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲဥစ္စာ"

"အင်"

ဘာမှလည်းမဆိုင်ဘူး။ ဒီကောင့်အပြောကြောင့် ကျွန်တော်နဲ့ကိုကြီး ဇော်တို့ ခါးမတ်သွားကြတယ်။ ကိုကြီးဇော်က အရင်စောင်းငန်းငန်းကြည့်လိုက် ပြီး . . .

"ဟေ့ကောင် သက်ဦး . . . ဒီကောင့်ကိစ္စနဲ့ မင်းပြောတဲ့ စကားပုံက ဘာဆိုင်လို့လဲ"

အဲဒီတော့မှ သက်ဦးက ပြုံးကြောင်ကြောင်နဲ့ ပြန်ကြည့်လာရင်း-





"ဟင် . . . မဆိုင်ဘူးလား။ ဆောရီးကွာ၊ ငါလည်း ဒီမှာ ကန့်စွန်း ပလိန်းစားနေတော့ ရောသွားတာ၊ တကယ်တော့ မင်းကိစ္စကို သုံးသပ်ရရင် မောင်ကျော်ရာ"

သူ့စကားမစလာခင်မှာပဲ ကျွန်တော်က အမြန်လက်ကာပြီး တား လိုက်ရတယ်။

"တော်ပြီ တော်ပြီ . . . သက်ဦး။ မင်းရဲ့မဟာအတွေးအခေါ်ဒဿန တွေကို မဖွင့်ဆိုပါနဲ့တော့ကွာ၊ တော်ကြာ ငါတို့ အမူးပြေသွားပါဦးမယ်၊ မင်းပြောသလို ပန်းချီနဲ့ အဆင်ပြေအောင် ငါကြိုးစားမယ် . . . ဟုတ်ပြီလား"

ကျွန်တော့်စကားဆုံးတော့ သက်ဦးက ခေါင်းတဆတ်ဆတ်ညိတ် တယ်။ ပြီး . . .

"ကောင်းတယ် . . . မောင်ကျော်ပြောတာ ကောင်းတယ်၊ ဒါနဲ့ သတိရတုန်း မင်းကို တစ်ခုလောက်တော့ ပြောရဦးမယ်"

"ဟေ . . . ဘာလဲ"

"ဒီလိုကွာ . . . ခု ငါတို့ကုမ္ပဏီမှာ အမ်ဒီဦးကောင်းဇော် လေဖြတ် ထဲ . . . ကျန်းမာရေးကြောင့် ဆေးရုံတက်နေရတော့ သူ့သမီး မေနဒီက အမ်ဒီရာထူးယူပြီး ရုံးထိုင်နေတယ်ကွ"

"ဩော် . . . ငါနဲ့ငြိခဲ့တဲ့ မေနဒီလား"

ကျွန်တော့်အပြောကြောင့် သက်ဦးက နှာခေါင်းရှုံ့လိုက်ရင်း . . .

"ဟေ့ကောင် မောင်ကျော် . . . စကားကို ကြည့်ပြောကွာ၊ မင်းပြော ပုံက ဘေးလူကြားရင် မေနဒီနဲ့မင်းနဲ့ပဲ သမီးရည်းစားဖြစ်ခဲ့တဲ့ ပုံစံမျိုး"

"အာ . . . ငါဆိုလိုချင်တဲ့ ငြိတယ်ဆိုတာက . . ."



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင်မှာပဲ သက်ဦးက ဖြတ်ပြီး . . .

"သိပါတယ်၊ သူ့စကားနဲ့ မင်းသွားနဲ့ ငြိတာမျိုး"

"ဟော့ကောင် . . . မမိုက်ရိုင်းနဲ့"

"ဟား ဟား . . . နောက်တာပါကွာ၊ ဟုတ်တယ် မောင်ကျုပ် . . . မင်းနဲ့စကားများတဲ့ မေနဒီကိုပြောတာ၊ ခု သူက အမ်ဒီကွ"

"အဲဒါ ဘာဖြစ်လဲ၊ ငါက ဘာလုပ်ရမှာလဲ"

"နားထောင်ဦးလေကွာ၊ မနေ့က အမ်ဒီက ငါ့ကို သူ့ရုံးခန်းထဲ ခေါ်ပြီး . . . အဟဲ"

ရယ်ပြီး လဒက စကားကိုဖြတ်ထားလိုက်သေးတယ်။ ပြောပုံကိုက သူနဲ့မေနဒီကပဲ ဘာလိုလိုနဲ့၊ ကျွန်တော်လည်း ကြည့်မရတာနဲ့ နှိပ်ကွပ်ပစ်လိုက်တယ်။

"ဘာလဲ . . . ရုံးခန်းထဲခေါ်ပြီး တစ်ပတ်လုံးဝတ်ထားတဲ့ သူ့အဝတ်အစားတွေကို လျှော်ခိုင်းတာလား"

'ဗွီ'

မျက်နှာကြီး ရှုံ့တွပြီး ဒင်းက တံတွေးတောင် ထွေးလိုက်သေးတယ်။ ပြီးမှ . . .

"မောင်ကျုပ် မနောက်နဲ့ကွာ၊ အမ်ဒီ . . . အဲ မနဒီက ဘာခေါ်ပြော လဲဆိုတော့ မင်းကို အလုပ်ပြန်ဆင်းပါလားတဲ့၊ မင်းနဲ့ ဖြစ်ခဲ့တာတွေကိုလည်း သူ့စိတ်ထဲမှာ ဘာမှမထားပါဘူးတဲ့၊ ဆိုလိုချင်တာကကွာ ဝန်ထမ်းအသစ် ခေါ်ရမှာထက် မင်းလို အတွေ့အကြုံရှိပြီးသားလူကိုပဲ ရာထူးတိုးပေးပြီး အလုပ်ပြန်လုပ်စေချင်တဲ့သဘောပဲ"





ကျွန်တော်က အတော်လေး အံ့သြသွားမိတယ်။ အမူးတောင်ပြေ လုလုပဲ။ စိတ်ထဲ တစ်ခုခုစဉ်းစားမိလို့ သက်ဦးကို ပြန်မေးလိုက်မိတယ်။

"ဒါနဲ့ မင်းက ငါ အလုပ်သစ်တစ်ခုမှာ ဝင်နေပြီလို့ မပြောလိုက်ဘူးလား"

သက်ဦးက ခေါင်းခါတယ်။

"ဟော့အေး . . . မင်းရဲ့သဘောက ဘယ်လိုမှန်းမသိသေးတော့ ငါလည်း မေးကြည့်လိုက်မယ်ဆိုပြီး ပြန်ပြောလိုက်တာပေါ့၊ ဒါနဲ့ မင်းသဘော ကရော"

စကားအဆုံးမှာ ကျွန်တော် စဉ်းစားဟန်လေးလုပ်လိုက်တယ်။ ပြီးမှ . . .

"အင်း . . . သာမန် သူလိုကိုယ်လို လူတစ်ယောက်အတွက်ဆိုရင် တော့ သိပ်ကောင်းတဲ့ ကမ်းလှမ်းချက်ပဲကွ၊ ဒါပေမဲ့ ငါ့အတွက်ကတော့ . . ."

"နေစမ်းပါဦး . . . မင်းက သာမန်လူမဟုတ်ဘဲ နဖူးမှာ ဟိုဟာ တက်ပေါက်နေလို့လား"

"ဘာကွ"

ကျွန်တော် အော်လိုက်လို့ သက်ဦးက . . .

"သြော် . . . မင်းက သာမန် သူလိုကိုယ်လိုလူ မဟုတ်ဘဲ နဖူးမှာ ချိုတက်ပေါက်နေလို့လားလို့ ပြောတာ"

"ဟော့ကောင် . . . စကားကို ဖြတ်မပြောနဲ့၊ ငါဆိုလိုချင်တာက တစ်အချက်၊ သူနဲ့ငါက အဖုအထစ်တွေ ရှိခဲ့တယ်၊ အဲဒီတော့ အလုပ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရင်တောင် နှိပ်ကွပ်ဦးမှာပဲ၊ နှစ်အချက်က အခု ငါ အလုပ်ရနေပြီ၊ သုံးအချက်ကတော့ အလုပ်သစ်မှာ ငါ့ရည်းစားဟောင်းနဲ့ ပြန်ဆုံရတယ်၊ ဒီတော့ မေနုဒီကို စိတ်ကူးယဉ်မနေနဲ့လို့ပဲ ပြန်ပြောလိုက်ကွာ''

ကျွန်တော့်စကားဆုံးတော့ သက်ဦးက ခေါင်းတဖျဉ်းဖျဉ်းကုတ်လိုက်ရင်း ...

''လျှာရှည်လိုက်တာ မောင်ကျုပ်ရာ၊ အလုပ်ပြန်မဝင်ဘူးဆိုလည်း ပြီးတာပဲဟာကို၊ ဒါနဲ့ မင်း ခုတစ်လော မင်း တော်တော်ပြောင်းလဲသွားတယ်နော်''

''ဟုတ်လား''

မျက်ခုံးလေးပင့်ပြီး ခပ်တည်တည် ပြန်ပြောလိုက်တော့ သက်ဦးက ငေါ့သံနဲ့ ...

''ဟုတ်တယ် ... ဟုတ်တယ်၊ ခုတစ်လော မင်းကို ငါ သတိထားကြည့်နေတာ၊ မင်း ... ကျုပ်, ကျုပ်နဲ့တောင် မပြောတော့ဘူးနော် မောင်ကျုပ်''

''အဟဲ ... ဒါကလည်း ပြင်သင့်တယ်ထင်လို့ ရအောင်ပြင်လိုက်တာပါကွာ''

''နောက်ပြီး ... ပန်းချီနဲ့ ပြန်တွေ့တော့ ယယ်မှုယယ်သွေးတွေလည်း ပြန်ကြွနေတယ် မဟုတ်လား''

''အခြေအနေနဲ့ အချိန်အခါအရပေါ့ကွာ ... ဟဲ ဟဲ''

''ထားပါတော့ကွာ၊ ငါ့စိတ်ထင် ပြောရရင် မင်း ယယ်မှုယယ်သွေး ကြွရုံတင်မဟုတ်ဘဲ စန်းပါထနေတယ် ထင်တယ်''





''ဟင် ... ဘာဖြစ်လို့လဲ''

ပခုံးအသာတွန့်ရင်း ကျွန်တော် မေးလိုက်တော့ သက်ဦးကပဲ ...

''စဉ်းစားကြည့်လေကွာ၊ မင်းလည်း ဦးနှောက်ရှိတာပဲ''

ဒင်းအပြောကြောင့် နှင်ရသေးတယ်။ မသိရင်ဘဲ ကျွန်တော်က ဦးနှောက်မရှိတဲ့ ငတုံးကြီး ဖြစ်ရဦးမယ်။ ဒါပေမဲ့ ဒင်းကပဲ ဆက်ပြောလာပါတယ်။

''ပထမတစ်ချက် အလုပ်သစ်မှာ မင်း ပန်းချီနဲ့ ပြန်ဆုံတယ်၊ ပြီးတော့ ပန်းအိဆိုတဲ့ ကောင်မလေးကလည်း မင်းအပြောအရ မင်းကို တွယ်တာနေပုံပဲ၊ နောက်တစ်ခု ထပ်ပြောရရင် မင်းနဲ့ ပြဿနာဖြစ်ခဲ့တဲ့ မေနုဒီလိမိန်းကလေးမျိုးကတောင် မင်းကို အလုပ်ပြန်လုပ်ပါလားလို့ ကမ်းလှမ်းနေသေးတယ်လေ၊ အဲဒါ မင်း စန်းပွင့်တာမဟုတ်ဘူးလား''

''အေးကွ ... သက်ဦးပြောတာလည်း ဟုတ်တုတ်တုတ်ပဲ မောင်ကျုပ်''

တစ်ချိန်လုံး ငြိမ်နေတဲ့ ကိုကြီးဖော်ကပါ ထောက်ခံသလို ဝင်ပြောလာတယ်၊ သူတို့စကားတွေ နားထောင်ပြီး ကျွန်တော် မသိမသာ ဘဝင်မြင့်ချင်သွားတယ်။ စဉ်းစားကြည့်တော့လည်း ဟုတ်သလိုဗျ၊ ဘဝမှာ အဲဒီလို တစ်ခါမှ အထင်မခံရဘူးတော့ မနေတတ် မထိုင်တတ်တောင် ဖြစ်ရသေးတယ်။ ငါကလည်း ရုပ်ရှိတာကိုးဆိုပြီး ပြောလိုက်ချင်ပေမယ့် သောက်မြင်ကတ်သွားမှာစိုးလို့ အထွန့်ထပ်မတက်လိုက်တော့ဘူး။

ဒါပေမဲ့ အဲဒီညနေစကားဝိုင်းကတော့ ကျွန်တော်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေနဲ့ပဲ အဆုံးသတ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညတက်မှောင်ရီပျိုးချိန်မှ အိမ်ပြန်ရောက်တယ်။ သုံးယောက်စလုံး အတော်ကောင်းသွားကြသလို ကျွန်တော်လည်း ပိုက်ဆံ အတော်ပြောင်သွားပါတယ်။ ဒါတောင် သက်ဦးဆိုတဲ့ကောင်က အဖမ်းမခံရသေးတဲ့ ကာရာအိုကေဆိုလား၊ မာဆတ်ဆိုလား သွားချင်နေသေးတာ။ ကျွန်တော့်မှာ မနည်းချော့မော့ပြီး ပြန်ခေါ်လာခဲ့ရတယ်။

အိမ်ပြန်ရောက်တော့ ရီဝေဝေနဲ့ ခုတင်ပေါ်လှဲမလို့ ကြံတုန်းပဲ ရှိသေးတယ်။ ဖုန်းက မြည်လာပြန်တယ်။ နံပါတ်ကြည့်လိုက်တော့ မာတာမိခင်ကျေးဇူးရှင် နယ်က ဆက်တာခင်ဗျ။ ဘီယာသောက်ထားလို့ နည်းနည်းတောင် လန့်သွားသေးတယ်။ ပြီးမှ ကျွန်တော့်ရုပ်ကိုမှ မြင်ရတာမဟုတ်ဘဲဆိုတဲ့ အတွေးနဲ့ ဖုန်းဖွင့်ကိုင်လိုက်တယ်။

"ဟဲလို . . . အမေပြော၊ ဒီအချိန်ကြီးမှ ဘာကိစ္စရှိလို့လဲ"

ဆက်နေကျအချိန်မဟုတ်လို့ စိတ်ထဲမှာ ထူးဆန်းပြီးမေးလိုက်တာပါ။ ခဏအသံတိတ်နေပြီးမှ အမေက . . .

"သားအဖေက ပြောတယ်"

"ဟုတ်ကဲ့"

"ဟိုလေ . . . ရွာတောင်ပိုင်းက သားအဖေရဲ့သူငယ်ချင်း ဦးမျိုးအောင်ကို သိတယ်မဟုတ်လား"

"သိသားပဲ အမေရဲ့၊ ဘာလဲ ဆုံးသွားလို့လား"

"အိုး . . . မဟုတ်ပါဘူး၊ အမေပြောချင်တာက ဦးမျိုးအောင်ရဲ့ သမီး ချိုချိုအောင်လေးကို ပြောတာ"

"သြော် . . . သိပြီ၊ သိပြီ၊ အဲဒီ ချိုချိုအောင်ကရော ဘာဖြစ်လို့လဲ အမေရာ"

ကျွန်တော်က စိတ်မရှည်တော့သလို မေးလိုက်လို့ အမေကလည်း ကျွန်တော့်အမေဆိုတော့ ကျွန်တော့်ထက် စိတ်မရှည်တဲ့အသံနဲ့ . . .

"ပြောမယ်ဟေ့ ပြောမယ် . . . နင့်ကို နင့်အဖေက အဲဒီချိုချိုအောင်နဲ့ ပေးစားမလို့တဲ့၊ အဲဒါ နယ်ကို ပြန်လာခိုင်းနေတယ်"

"ဗျာ"

ခေါင်းမွေးတွေထောင်ပြီး တစ်ကိုယ်လုံး တွန့်သွားရတယ်။ အဖေ့ပုံစံကြည့်ရတာ ကျွန်တော့်ကို နယ်ပြန်ခေါ်ပြီး ဒုက္ခတွင်းထဲ ကန်ချမလို့နဲ့ တူတယ်။ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ ဒီကိစ္စကို လက်မခံနိုင်ပါဘူး။ ချိုချိုအောင်ဆိုတဲ့ နာမည်ကလည်း လက်မခံချင်တဲ့အဆင့်ထဲမှာ ထိပ်ဆုံးကရပ်တည်နေတယ်။

စဉ်းစားကြည့်လေဗျာ . . . အဖေက မျိုးအောင်၊ သမီးက ချိုချိုအောင်ဆိုတော့ သူတို့နဲ့ အမျိုးတော်စပ်ဖို့ တွေးတောင်မတွေးရဲဘူး။

အဲဒီတော့ အကြာကြီးစဉ်းစားမနေဘဲ အမေ့ကို ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်ပါတယ်။

"အမေ . . . အဲဒီကိစ္စ စီစဉ်မယ်ဆိုရင် ဘယ်တော့မှ နယ်ပြန်မလာဘူးလို့ အဖေ့ကို ပြောလိုက်၊ လိုအပ်ရင် အမွေပါ ဖြတ်ချင်ဖြတ်လို့၊ ကျုပ် ချိုချိုအောင်ကိုတော့ လုံးဝမယူနိုင်ဘူး"

"ဒါဆို နင်က ဘယ်သူ့ကို ယူမလို့လဲ"

အမေက ချက်ချင်း ပြန်မေးလာလို့ ထပ်ပြောလိုက်ရတယ်။

"ချိုချိုမအောင်တဲ့ အဲ . . . ချိုချိုအောင်မဟုတ်တဲ့ နောက်တစ်





www.burmeseclassic.com

www.burmeseclassic.com

ယောက်ပေါ့ဗျာ၊ ဒါပဲနော် အမေ ... သား မိန်းမရပြီးမှပဲ နယ်ပြန်လာခဲ့မယ်'

ပြောပြီး ဖုန်းအမြန်ချပစ်လိုက်တယ်။ အမေပြန်ပြောမယ့် ကျွန်တော့် စကားကို နားထောင်ပြီး အဖေတော့ ဆွေ့ဆွေ့ခုန်နေမှာ အမှန်ပဲ။ အဲ အတွက်တော့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီနည်းနဲ့လည်း မိဘကျေးဇူးကို မဆပ်ချင်တာ တကယ်ပါ။

စဉ်းစားရင်းနဲ့ အချက်တစ်ချက်ကို သွားတွေ့တယ်။ အဲဒါက ဟို ကောင် သက်ဦး ထင်မြင်ချက်ပေးခဲ့သလို ကျွန်တော့်စန်းတွေဟာ တကယ်ပဲ ပွင့်နေပြီလားလို့ပါ။

တကယ်ဟုတ်ရင်တောင် အဲဒီစန်းဟာ ကျွန်တော့်ရဲ့တစ်ချိန်တုန်း က ရည်းစားဟောင်း (ခုလည်း ချစ်သူပြန်တော်ချင်နေတဲ့) မေပန်းချီနဲ့ ပတ်သက်ပြီးပဲ ဖြစ်ချင်ပါတယ်။

ဒါပေမဲ့ ...

ဒါပေမဲ့လည်း ...။



## (၁၂)

ဒါပေမဲ့ ...

ဒါပေမဲ့လည်း ခုချိန်ထိ ကျွန်တော်တို့နှစ်ယောက်ရဲ့ အနေအထား ဟာ ထူးမခြားနားပတ်ပျိုး တီးနေရတုန်းပါပဲ၊ ဒီအခြေအနေကို ကျော်လွှန်ဖို့ ဂါဖာတ်ဆရာကို စောင့်နေလို့မရဘူးဆိုတာ ကျွန်တော် သိပါတယ်။ အဲဒါ ကြောင့်လည်း မေပန်းချီနဲ့ ပြန်နီးစပ်ဖို့အတွက် ကျွန်တော့်ဘက်ကပဲ အားသွန် ခွန်စိုက် ကြိုးစားရမယ်ဆိုတာ နားလည်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမျိုးကို မိန်းကလေးဘက်က စ,ကမ်းလှမ်းလာမှာမှ မဟုတ်ဘဲလေ။

ဒီတော့ နောက်ပိုင်းရက်တွေမှာ လစ်ရင်လစ်သလို မေပန်းချီနဲ့ တော်ကီပစ်ရဖို့ အခွင့်အရေးကိုပဲ ကျွန်တော် စောင့်နေမိတယ်။ ဦးထင်နဲ့ ဒေါ်တို့ကလည်း မသိမသာ ကူညီကြတော့ တစ်ရက် အဲဒီအခွင့်အရေးက

www.burmeseclassic.com

www.burmeseclassic.com

ကြုံလာတော့တယ်။

ဖြစ်ချင်တော့ အဲဒ်နေ့က ရန်ကင်းစင်တာကို ပစ္စည်းသွားပို့တုန်း လမ်းမှာ ကားပျက်တာခင်ဗျ။ စက်ပိုင်းချို့ယွင်းသွားတာမျိုးမဟုတ်ဘဲ ဘက်ထရီဒေါင်း သွားတာပါ။

ကားကို စစ်ဆေးကြည့်ပြီး ဦးထင်က . . .

"ကဲ . . . သမီးပန်းချီရေ ကားဘက်ထရီကတော့ လုံးဝဒေါင်းသွားပြီ အလုံးလိုက် ဖြုတ်လဲမှရမယ်နဲ့ တူတယ်"

ဦးထင်စကားကြောင့် မေပန်းချီက စိတ်ရှုပ်တဲ့ပုံစံလေးနဲ့ . . .

"ဒုက္ခပါပဲ ဦးထင်ရာ၊ အဲဒါဆို ခု ဘယ်လိုလုပ်ကြမလဲ၊ ရုံးကို ဖုန်းဆက်ကြည့်လိုက်ရမလား"

ဦးထင်က ခေါင်းခါလိုက်ရင်း . . .

"ဆက်မနေနဲ့တော့ သမီး၊ ဒီနေ့ စက်ပြင်ဆရာကိုဖော်ဖြိုးလည်း ခွင့်ယူထားတော့ ထူးမှာမဟုတ်ဘူး။ ဒီနေရာကနေ ရှေ့သုံးမှတ်တိုင်လောက် ဆိုရင်တော့ ဦးထင်အသိ ဘက်ထရီဆိုင်တစ်ဆိုင်တော့ ရှိတယ်၊ သူ့ဆီက ဘက်ထရီတစ်လုံး ခဏသွားငှားလိုက်ရင်တော့ အဆင်ပြေလောက်တယ်"

"အဲဒါဆိုလည်း ဦးထင် အဆင်ပြေသလိုသာ စီစဉ်တော့၊ သမီး လည်း ဘာမှနားလည်တာ မဟုတ်ဘူး"

"ကောင်းပြီလေ၊ ဒါဆိုလည်း ဦးထင်နဲ့ ဖိုးဇော်နဲ့ ဘက်ထရီအိုး သွားယူလိုက်မယ်၊ သမီး ဒီမှာ ခဏစောင့်နေလိုက်ပေါ့"

"ဟုတ်ကဲ့ ဦးထင်"

မေပန်းချီစကားအဆုံးမှာ ဦးထင်က ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ





တစ်ချက်လှမ်းကြည့်တယ်။ ကြည့်ကျက် လုပ်ရှားတော့ဆိုတဲ့သဘောပေါ့။ ဒါတောင် ကျွန်တော်က အတွန့်တက်လိုက်သေးတယ်။

"ဦးထင် ကျွန်တော်လည်း လိုက်ခဲ့မယ်လေ"

ကျွန်တော့်စကားကြောင့် ဦးထင်က မျက်မှောင်ကြုတ်ကာ ပြန် ကြည့်ရင်း . . .

"လိုက်မနေပါနဲ့ ကောင်လေးရာ၊ မင်းလိုက်လည်း အပိုပါပဲ၊ ပြီး တော့ ဒီမှာ သမီးပန်းချီတစ်ယောက်တည်း စောင့်နေလို့ အဆင်မပြေဘူး လေ"

"ဒါဆို ကျွန်တော်က အဖော်လုပ်ပေးရမှာပေါ့၊ ဒီလိုလား"

ကျွန်တော့်အပြောကြောင့် မေပန်းချီက စူးခနဲ မျက်စောင်းထိုးလာ တယ်၊ ဘာမှတော့ မပြောဘူး။

ဦးထင်နဲ့ဖိုးဇော်တို့ ထွက်သွားကြတော့ မေပန်းချီက ရပ်ထားတဲ့ ကားပေါ်ပြန်တက်ပြီး ထိုင်နေတယ်၊ ဒီတော့ ကျွန်တော်လည်း ဘယ်ရမလဲ၊ ကားပေါ် အသာလိုက်တက်လိုက်တာပေါ့။

ကားတံခါးဆွဲဖွင့်ပြီးတက်လာတဲ့ ကျွန်တော့်ကိုမြင်တော့ မေပန်းချီက အလန့်တကြားပုံစံလေးနဲ့ ကြည့်ပြီး . . .

"ရှင် . . . ရှင်က ဘာဖြစ်လို့ ကားပေါ်လိုက်တက်လာတာလဲ"

ကျွန်တော် ချက်ချင်းပြန်မဖြေသေးဘဲ ကားပေါ်မှာ ကျကျနနထိုင် လိုက်ပြီးမှ ကားတံခါးကို ဆွဲပိတ်ရင်း . . .

"အပြင်မှာ မိုးဖွဲတွေ ကျနေပြီလေ၊ တော်ကြာ မိုးရွာချလိုက်ရင် ကျွန်တော် စိုကုန်မှာပေါ့ဗျ၊ အဲဒါကြောင့် ကားထဲဝင်ထိုင်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

မေပန်းချီက ကားပြတင်းပေါက်ကနေ အပြင်ကိုခေါင်းပြူပြီး မော့ကြည့်တယ်။ ကျွန်တော်ပြောတဲ့အတိုင်း မိုးဖွဲတွေကျနေသလို ကောင်းကင်ဟာလည်း ညို့ဆိုင်းလာတာကြောင့် မသိမသာ သက်ပြင်းချလိုက်တယ်။ ပြီး . . . သူ့ပုံစံကြည့်ရတာ ကျွန်တော်နဲ့ ခုလို နှစ်ယောက်တည်းရှိနေတာကို အနေကျုံ့တဲ့ပုံပဲဗျ။ ကျွန်တော်ကတော့ ဘာမှမကျုံ့ပါဘူး။ ပြောရရင် ရင်ဘတ်ထဲက နှလုံးသားတောင် တလှုပ်လှုပ်ခုန်လာသေးတယ်။

အဲဒီအချိန်မှာပဲ ရုတ်တရက် မိုး ကသောကနဲရွာချလိုက်လို့ မိုးစက်တွေဟာ ကားထဲကို ခုန်ဝင်လာကြတယ်။ သူနဲ့ကျွန်တော်လည်း မတိုင်ပင်ထားဘဲ ဘေးတစ်ဖက်တစ်ချက်မှာ ရှိနေတဲ့ ကားမှန်တွေကို ကိုယ်စီတင်လိုက်ကြတယ်။ အဲဒီကိစ္စတွေပြီးသွားချိန်မှာ ကျွန်တော်က မတိုးမကျယ်လေး ညည်းလိုက်တယ်။

''အင်း . . . အချိန်ကတော့ အချိန်ကောင်းပဲ''

ကားထဲမှာက အသံလုံနေတော့ ကျွန်တော့်အသံကို သူ ကောင်းကောင်းကြားပုံပေါ်တယ်။ ချက်ချင်းပဲ ဆတ်ခနဲ ကြည့်လာပြီး . . .

''ဒီမှာ . . . ရှင် ခုနက ဘာသဘောနဲ့ ပြောလိုက်တာလဲ''

ကျွန်တော်က ရှုးချင်ယောင်ဆောင်လိုက်ရင်း . . .

''ဘာသဘောမှမဟုတ်ပါဘူး၊ မြင်တဲ့အတိုင်း ရာသီဥတုက အားကစားသမားအကြိုက်လေ၊ မိုးတွေ ဒီလောက်ရွာနေတော့ အချိန်ကောင်းလို့ ပြောတာပါ၊ မေက ဘယ်လိုထင်လို့လဲ''

''အောင်မာ . . . ဘာကို ဘယ်လိုထင်ရမှာလဲ၊ ပြီးတော့ ကျွန်မကို အဲလိုမခေါ်နဲ့လို့ ရှင့်ကို ပြောပြီးသားနော်''



သူ့အောင့်အောင့်လေး ပြောလာတဲ့ပုံစံကြောင့် ကျွန်တော် မျက်လုံးဝင့်လိုက်မိတယ်။ ပြီးမှ . . .

''ကျွန်တော်က ပြောင်းခေါ်ချင်ပါတယ်၊ ဒါပေမဲ့ . . . နှုတ်ကျိုးနေတော့ ဘယ်လိုလုပ်ရမလဲ မေရာ၊ ပြီးတော့ မေ့ကို ကျွန်တော် အနူးအညွတ်တောင်းဆိုပါတယ်၊ ဒီနေ့တော့ စကားပြောခွင့်ပေးပါလို့ . . . နော်''

ကျွန်တော့်စကားအဆုံးမှာ သူ တွေတွေလေး ဖြစ်သွားပါတယ်။ အပြင်မှာ အငြိုးတကြီးရွာချနေတဲ့ မိုးရေစက်တွေကို တစ်ချက်ကြည့်လိုက်ပြီးမှ . . .

''ရှင်က ဘာပြောမလို့လဲ၊ ရှင်နဲ့ကျွန်မကြားမှာ ကိုယ်ရေးကိုယ်တာ ပတ်သက်မှုမျိုး ရှိတော့တာမှမဟုတ်တာ''

''အဲဒါက မေ့ဘက်က သတ်မှတ်တာလေ၊ ကျွန်တော့်အတွက်ကတော့ မေဟာ လွန်ခဲ့တဲ့သုံးနှစ်တုန်းက မေပါပဲ''

''သွားစမ်းပါ၊ ရှင်နဲ့ကျွန်မ ဇာတ်လမ်းက လမ်းခွဲတော့မယ်လို့ ပြောစရာတောင် မလိုဘဲ ပြတ်စဲခဲ့တာလေ''

''အဲဒါကြောင့် ပြောတာပေါ့ မေရဲ့၊ တရားဝင်လမ်းခွဲမယ်လို့ ကျွန်တော်တို့နှစ်ယောက်စလုံးက မပြောခဲ့တော့ ဒီဇာတ်လမ်းဟာလည်း မပြီးသေးတဲ့သဘောပဲလေ၊ မဟုတ်ဘူးလား''

ကျွန်တော့်အပြောကြောင့် သူက မျက်နှာလေးကို သိသိသာသာ ရှုံ့မဲ့ပစ်လိုက်တယ်။ ပြီးမှ . . .

''ဒါဆိုရင်လည်း ရှင် သိပ်နားထောင်ချင်တဲ့ စကားကို ခုပဲ ပြောလိုက်မယ်၊ ရှင့်ကို ကျွန်မ ပြတ် . . .''


www.burmeseclassic.com

www.burmeseclassic.com

သူ့စကားမဆုံးခင်မှာ ကျွန်တော်က သူ့လက်ကလေးကို ဆတ်ခနဲ ကိုင်လိုက်လို့ စကားဟာ ရပ်ပြီး သူ့ခန္ဓာကိုယ်လေးလည်း တွန့်သွားတယ်။

ကျွန်တော်က သူ့မျက်နှာကို စိုက်ကြည့်ရင်း . . .

"အဲဒီစကားတော့ မပြောလိုက်ပါနဲ့မေ၊ ကျွန်တော် မကြားနိုင်လို့ပါ။ မေ့ကို ကျွန်တော် အရင်ကလည်း ချစ်ခဲ့တယ်၊ ခုထိလည်း ချစ်နေတုန်းပါ၊ အဲဒါကိုတော့ မေ ယုံစေချင်တယ်"

"လက်ကို လွှတ်ပါ"

ပြောရင်း ဆတ်ခနဲရုန်းလိုက်လို့ ကျွန်တော် သူ့လက်ကို လွှတ်ပေးလိုက်တယ်။ တစ်ဆက်တည်း သူက . . .

"ရှင် အဲဒီစကားတွေကို ကျွန်မကို ပြောရမှာမဟုတ်ဘူး၊ မေမီစိုးကို သွားပြောရမှာ"

ဇာတ်လမ်းဟောင်းကိုတော့ ပြန်စပြန်ပြီလို့ ကျွန်တော် တွေးလိုက်မိတယ်။ စိတ်ထဲမှာလည်း အတိတ်ကို ပြန်ရောက်သွားရင်း . . .

"မေမီစိုးကို ပြောရအောင် သူနဲ့ကျွန်တော်က တရားဝင်ချစ်သူတွေ ဖြစ်ခဲ့ကြတာမှမဟုတ်တာ၊ မေနဲ့ ဟိုကောင် မိုးအောင်တို့သာ"

ကျွန်တော့်စကားမဆုံးခင်မှာပဲ သူက ဖြတ်ပြီး . . .

"အို: . . . ကျွန်မတို့က ရိုးရိုးသားသားပါနော်"

"ဒါဆို ကျွန်တော်မေးခဲ့တုန်းက ဘာဖြစ်လို့ ဟုတ်သလိုလိုနဲ့ ငြိမ်နေလဲ . . . ပြောပါဦး"

"ဘာမှပြောစရာမရှိဘူး။ ရှင်သာ အဲဒီတုန်းက ကျွန်မအပေါ် သစ္စာမရှိဘဲ ကွယ်ရာမှာ မေမီစိုးနဲ့ တွဲနေတာလေ"





ကျွန်တော်က ကျွတ်(စ်)ခနဲ စုတ်သပ်လိုက်ရင်း . . .

"ဟာကွာ . . . အဲဒီတုန်းက ကျွန်တော် ရှင်းပြဖို့ ကြိုးစားခဲ့တယ်လေ၊ မေက လက်မခံဘဲ"

"တော်ပြီ တော်ပြီ . . . အဲဒီအကြောင်းတွေ ဘာမှပြန်မကြားချင်တော့ဘူး"

အသံစူးစူးလေးနဲ့ သူအော်ပါတော့တယ်။ ကျွန်တော်လည်း အားမလို အားမရဖြစ်သွားပြီး . . .

"မကြားချင်လည်း ပြောရမှာပဲ မေ၊ အဲဒီတုန်းက ကျွန်တော်လည်း မေ့အပေါ် အထင်လွဲပြီး ရှောင်နေခဲ့တာကို ဝန်ခံတယ်၊ စိတ်က မပြတ်နိုင်ပေမယ့် ယောကျ်ားမာနနဲ့ လာမတွေ့ခဲ့တာ၊ ကျောင်းတွေပိတ်သွားတော့ ကျွန်တော် ဘယ်လိုမှမနေနိုင်တော့ဘူး။ အဲဒါနဲ့ မေ့ကို အားလုံးရှင်းပြတောင်းပန်ဖို့ဆိုပြီး မေတို့အိမ်အထိ လိုက်လာဖို့ စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကျွန်တော် အပြင်က သူငယ်ချင်းတချို့နဲ့ လှုပ်ရှားမှုလေးတွေ လုပ်ဖြစ်တယ်၊ အဲဒီယုံကြည်ချက်ကြောင့် ကျွန်တော် အပြင်လောကနဲ့ အချိန်အတိုင်းအတာတစ်ခုထိ အဆက်အသွယ်ပြတ်ခဲ့ရတယ်၊ ပြန်ရောက်လာတော့ မေတို့အိမ်ကို လာခဲ့ပေမယ့် မေက အိမ်ပြောင်းသွားပြီလေ၊ ဘယ်လိုမှ ဆက်စုံစမ်းလို့မရဘဲ အဆက်အသွယ်ပြတ်ခဲ့ရတာပဲ မေ၊ ခု ကျွန်တော်ပြောပြတာဟာ အားလုံး အမှန်တရားတွေချည်းပဲ"

ကျွန်တော့်စကားဆုံးတဲ့အထိ သူ စူးစူးစိုက်စိုက်နားထောင်နေခဲ့တယ်။ ပြီးမှ ဟက်ခနဲ သရော်သလို ရယ်လိုက်ရင်း . . .

"ထားပါတော့လေ၊ ရှင်ပြောတာလည်း ရှင့်စကားပေါ့၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှင် ဘာပြောပြော စိတ်မဝင်စားဘူး၊ ပြီးတော့ . . . အဲဒီလိုတွေပြောပြီး ရှင် ကျွန်မကို ပြန်ချဉ်းကပ်မယ်ဆိုရင်လည်း ဆောရီးပါ စိုးခန့်၊ ရှင့်ကို ကျွန်မ့ခေါင်းထဲက ထုတ်ခဲ့တာ သုံးနှစ်သုံးမိုးတောင် မကတော့ဘူး . . . ရှင်းပါတယ်နော်''

သူ့အပြောနဲ့အမူအရာကြောင့် ကျွန်တော့်ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရတယ်။ မျက်လုံးချင်းဆုံအောင်ကြည့်ပြီး လှိုက်လှိုက်ခါခါပြန်ပြောလိုက်မိတယ်။

''မရှင်းဘူးမေ၊ လုံးဝမရှင်းဘူး၊ မေ ကျွန်တော့်ကို ခေါင်းထဲကပဲ ထုတ်လို့ရမယ်၊ မေ့ရဲ့ရင်ထဲမှာတော့ ကျွန်တော် ရှိနေဆဲပဲဆိုတာ ကျွန်တော် သိတယ်၊ ကိုယ့်ကိုယ်ကိုယ် မညာပါနဲ့ မေရာ''

ရုတ်တရက် မျက်နှာတည်သွားပြီး မေပန်းချီဟာ အူလှိုက်သည်းလှိုက်ပုံစံနဲ့ ရယ်ပါတော့တယ်။ နှစ်မိနစ်လောက် အားရပါးရရယ်ပြီးမှ မျက်နှာကို ပြန်တည်လိုက်ရင်း . . .

''ရှင် ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲ ကိုစိုးခန့်၊ ဒါမှမဟုတ်ရင်တော့ ရူးကြောင်ကြောင်နိုင်တဲ့အတွေးပဲလို့ ထင်တယ်''

''တော်ပြီကွာ၊ ကျွန်တော်ပြောတာကို လက်မခံ, မယုံကြည်နိုင်သေးရင်တောင် သရော်သလိုလို, စော်ကားသလိုလို မပြောပါနဲ့ မေ''

ကျွန်တော် ခံပြင်းစိတ်နဲ့ ပြောလိုက်တော့ . . .

''ဒါဆိုလည်း အဲဒီလို အပြောမခံရအောင် နောက်ကို ဒီအကြောင်းတွေ လာမပြောနဲ့ပေါ့ . . . ဟုတ်ပြီလား''

''ပြောမှာပဲကွာ၊ ပြောမှာပဲ၊ ဒီစကားတွေကို မေ လက်ခံလာတဲ့





အထိကို ပြောဦးမှာ''

''ကျွန်မဘက်ကလည်း မပြောင်းလဲဘူးဆိုတာ ရှင်သဘောပေါက်ထားရင်ပြီးတာပဲ''

အဲဒီလို တစ်ယောက်တစ်ခွန်းစီပြောရင်း ကျွန်တော်တို့နှစ်ယောက် စကားပြတ်သွားကြတယ်။ ကျွန်တော့်ရင်ထဲမှာ ခံပြင်းနေသေးသလို သူ့မျက်နှာပေါ်မှာလည်း မကျေလည်သေးတဲ့ အရိပ်အယောင်တွေ ဖြတ်သန်းနေတုန်းပဲ။

ကားအပြင်ဘက်ကို အမှိုက်ငေးရင်း ကျွန်တော် တစ်ခုစဉ်းစားမိတယ်။ ဒီလိုပုံစံနဲ့တော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ဆက်ဆံရေးဟာ နွေးထွေးပြီး တိုးတက်လာမှာမဟုတ်ဘူးလို့လေ။ ပြီးတော့ မေပန်းချီလို မိန်းကလေးမျိုးကို ဒီလိုအတင်းအကျပ်ကြီးပြောလို့ အဆင်မပြေနိုင်မှန်း ကျွန်တော် သဘောပေါက်လိုက်တယ်။

ဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတာ ဆက်စဉ်းစားရင်း အသက်ရှူမဝသလို ဖြစ်လာလို့ ကားမှန်တံခါးကို ချလိုက်တယ်။ အပြင်မှာလည်း မိုးကပါးသွားပါပြီ။ လေစီးက ကားထဲ သုတ်ခနဲဝင်လာလို့ မွန်းကျပ်စိတ်ဟာ အတော်လေး ပြေပျောက်သွားရတယ်။

လူက လန်းဆန်းသွားတယ်ဆိုရင်ပဲ ခေါင်းထဲက အတွေးလည်း ရုတ်ခနဲ လင်းပွင့်လာတယ်ခင်ဗျ။

''မေ''

ဒီတစ်ခါတော့ မတိုးမကျယ်လေသံမှန်မှန်နဲ့ ခေါ်လိုက်တာပါ။ သူ ဆတ်ခနဲ လှည့်ကြည့်လာတယ်၊ ကျွန်တော့်မျက်နှာပေါ်မှာ ခုနကလို ဒေါသဆို



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက် ခံပြင်းစရာအမူအရာတွေ မရှိတော့တာကို ကြည့်ပြီး သူ အံ့ဩသွားပုံပဲ။

ကြည်ကြည်လင်လင် အေးအေးဆေးဆေးပဲ ဆက်ပြောလိုက်ပါတယ်။

"ဒါဆို မေက ကျွန်တော်နဲ့ပတ်သက်ပြီး ဘာအတိတ်မှမရှိဘူး ကျွန်တော်ဆိုတာဟာလည်း ခုမှ အလုပ်ထဲမှာ သိရတဲ့ လူသစ် လူစိမ်းတစ်ယောက်လို့ သတ်မှတ်ထားတာလား"

"အမှန်ပဲ"

သူ တွေခနဲဖြစ်သွားပြီးမှ ပြန်ပြောလာတာပါ။ ကျွန်တော် စိတ်ထဲမှာ ကျိတ်ပြီး ပြုံးလိုက်တယ်။ ပြီးမှ ...

"အင်း ... မေ့ရဲ့အတွေးကတော့ မဆိုးပါဘူး၊ ကောင်းပါတယ် ဒါဆို ကျွန်တော့်ဘက်ကလည်း မေပန်းချီအပေါ် ခုမှစသိရတဲ့ လူတစ်ယောက်လို သဘောထားလိုက်ပါ့မယ်"

"အကောင်းဆုံးပဲ"

သူ့စကားအဆုံးမှာတော့ ကျွန်တော် လှစ်ခနဲ ပြုံးပြလိုက်ပါတယ် တစ်ဆက်တည်း ပြောစရာရှိတာကို ဆက်ပြောလိုက်တယ်။

"ကျွန်တော်နဲ့မေပန်းချီက ခုမှ စ,သိတာနော်၊ ဘာပဲဖြစ်ဖြစ် မေပန်းချီကို မြင်မြင်ချင်း ခင်မိပါတယ်၊ အလုပ်ကလည်း အတူတူလုပ်နေတာ တော့ ကျွန်တော့်ကို ခင်မင်ခွင့်ပြုပါလား"

ရုပ်တည်နဲ့ ပြောလိုက်တဲ့ ကျွန်တော့်ကို သူကြောင်တောင်တောင် လေး ကြည့်နေသေးတယ်၊ ဘာစကားမှမထွက်လာသေးလို့ ကျွန်တော်က





"မေပန်းချီက ကိုယ်နဲ့ အလုပ်အတူတူလုပ်တဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အပေါ်မှာတော့ မရိုင်းလောက်ပါဘူးနော်"

ကျွန်တော့်အပြောကြောင့် သူ မဲ့ပြုံးလေး ပြုံးလိုက်ရင်း ...

"သာမန်ခင်မင်မှုမျိုးဆိုရင်တော့ ကျွန်မဘက်က မရိုင်းတတ်ပါ ဘူး"

"ကျေးဇူးပါပဲ မေပန်းချီ"

စကားဟာ အဲဒီလောက်နဲ့ ပြတ်သွားကြတယ်။ မေပန်းချီတော့ မသိဘူး။ ကျွန်တော်ကတော့ ကိုယ့်အကြံအစည်နဲ့ကိုယ်မို့ စိတ်ထဲမှာ ကျိတ်ပြီး ဝမ်းသာနေမိတယ်။

အဲဒီအချိန်မှာပဲ ဦးထင်နဲ့ ဖိုးဖော်တို့နှစ်ယောက် ဘက်ထရီအိုးနဲ့ အတူ ပြန်ရောက်လာပါတယ်။ ကားထဲက ဘက်ထရီအိုးနဲ့ လဲလိုက်တော့ ကားက ကောင်းသွားလေရဲ့။

ရပ်ထားတဲ့နေရာကနေ မောင်းထွက်လာရင်း ဦးထင်က ဆိုင်းမပါ ဗုံမပါ စကားဆိုလာတယ်။

"ကောင်လေး ... အဆင်ပြေရဲ့လားကွ"

ကျွန်တော်လည်း သူ့စကားကြောင့် အူကြောင်ကြောင်ဖြစ်သွားရ ပြီး ...

"ဗျာ ... ဘာကိုပြောတာလဲ ဦးထင်၊ အဆင်ပြေရဲ့လားဆိုတာ"

ကျွန်တော့်အပြောကြောင့် မေပန်းချီကပါ ဦးထင်ကို ပြူးကြောင် ကြောင်လေး လှမ်းကြည့်တယ်။

ဦးထင်က ရယ်ကျဲကျဲနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ခုနက မိုးတာအားသည်းတော့လေ မင်းတို့ စောင့်နေရတာ အဆင်ပြေရဲ့လားလို့ မေးတာ"

"ပြေပါတယ်ဗျ။ ကားထဲမှာပဲ ထိုင်နေကြတာလေ"

"အေး အေး . . . ကောင်းတယ်၊ ကောင်းပါတယ်"

သူ့စကားကြီးကြောင့် ကျွန်တော် ရယ်ချင်သွားတယ်။ မေပန်းချီကို မသိမသာ ငဲ့ကြည့်လိုက်တော့ အဓိပ္ပာယ်ပေါက်ပြီး မျက်နှာလေးဟာ ရဲလို့ဗျ။

ကားထဲမှာ ပြန်ပြီးတိတ်ဆိတ်သွားကြလို့ ကျွန်တော်ကပဲ စကားပြန်စလိုက်တယ်။

"ဦးထင် . . . ကျွန်တော်လေ ခုနက စဉ်းစားနေတာတစ်ခုရှိတယ်"

"ဟေ . . . ဘာများလဲကွ၊ ဦးထင်တို့နိုင်ငံမှာ တိုးတက်ပြောင်းလဲလာတဲ့ ဒီမိုကရေစီအကြောင်းကိုလား"

ရုတ်တရက်ကြောင်သွားပြီးမှ ဦးထင်က အလာကြီးပဲလို့ တွေးမိရင်း . . .

"အံ့မယ် . . . ဦးထင်က ဒီမိုကရေစီတွေ့ဘာတွေတောင် ပြောလို့ဘာလဲ . . . နိုင်ငံရေးကို စိတ်ဝင်စားလို့လား"

ဦးထင်မျက်နှာဟာ တည်သွားပြီးမှ သက်ပြင်းကို ဆွဲဆွဲငင်ငင်ချရင်း (ကားမောင်းမပျက်ဘဲ) . . .

"ဦးထင်လည်း တရားဝင်နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားရှိတဲ့ နိုင်ငံသားစစ်စစ်ပဲလေ၊ နိုင်ငံရေးကို စိတ်ဝင်စားတာပေါ့"

ဒီစကားကို အပေါ်ယံ နားထောင်လိုက်ရင် ရယ်ချင်စရာလို့တောင်





ထင်မိလိမ့်မယ်။ မဟုတ်ပါဘူး။ လေးလေးနက်နက် နားထောင်ပြီး စဉ်းစားကြည့်ရင် တွေးစရာတွေ အများကြီး ရှိမှာပါ။ မကြာသေးခင်ကမှ ဖြစ်ပျက်ခဲ့တဲ့ ရခိုင်ကိစ္စကိုပဲကြည့်လေ။ နိုင်ငံသားမဟုတ်တဲ့လူတွေက ကျွန်တော်တို့နိုင်ငံထဲမှာ ကျူးကျော်ဝင်ရောက်နေထိုင်ပြီး ကျွန်တော်တို့နိုင်ငံသားစစ်စစ်တွေကို အကြမ်းဖက်ဒုက္ခပေးကြတဲ့ကိစ္စ။ ဘယ်လောက်များ ဆိုးရွားလိုက်ပါလဲ။ ဒီကိစ္စဟာ နိုင်ငံ့သမိုင်းမှာ အမာရွတ်တစ်ခုလို ရှိနေတော့မှာပါ။ ဒါဟာ ရှေ့ကိုချီတက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို သွေဖယ်အောင် လုပ်တာမျိုးလည်း ဖြစ်တယ်လို့ မီဒီယာတချို့က ပြောကြ ရေးကြပါတယ်။ ပြောင်းလဲလာတဲ့ စနစ်တစ်ခုတည်းမှာ အမှန်တရားကို လက်ကိုင်ထားပြီး ချီတက်နေတဲ့ စတုတ္ထမဏ္ဍိုင်ကိုတော့ ကျွန်တော် လေးစားပါတယ်။

ကျွန်တော် ငြိမ်သွားတာကိုကြည့်ပြီး ဦးထင်က . . .

"ကောင်လေး . . . ဘာတွေစဉ်းစားသွားတာလဲကွ"

"ဪ . . . ဦးထင်က နိုင်ငံရေးဆိုလို့ တရုတ်စာရေးဆရာကြီး လူရွှန်းပြောခဲ့တဲ့ နိုင်ငံသားတွေရဲ့စံနှုန်းကို ပြန်တွေးမိလို့ပါ"

"ပြောစမ်းပါဦးကွ"

အဲဒီအချိန်မှာ မေပန်းချီက ကျွန်တော့်ကို တစ်ချက်ကြည့်လာတယ်။ (အဲဒီအကြည့်ဟာ ဟိုးအရင် သူနဲ့ကျွန်တော် ချစ်သူတွေဖြစ်ကြစဉ်တုန်းက ကျွန်တော် နိုင်ငံရေးအကြောင်း တစ်စွန်းတစ်စပြောရင် ကျွန်တော့်ကို ကြည့်တတ်တဲ့ လေးစားအားကျတဲ့အကြည့်မျိုးပါ)

ကျွန်တော်က . . .

"ဒီလို ဦးထင်ရဲ့ . . . လူရွှန်းပြောတဲ့ နိုင်ငံသားသုံးမျိုးထဲမှာ ပထမ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသားဆိုတာက တိုင်းပြည်နဲ့လူမျိုးအပေါ်ကို ချစ်မြတ်နိုးပြီး အကြွင်းမဲ့ သစ္စာခံသူ၊ တိုင်းပြည်ရဲ့ ရန်သူမှန်သမျှကို မကြောက်မရွံ့ ခုခံကာကွယ်တွန်းလှန်သူတဲ့၊ ဒုတိယနိုင်ငံသားကျတော့ လက်ရှိအုပ်စိုးနေတဲ့အရာကို ကြောက်တယ်။ အုပ်စိုးသူတွေရဲ့တရားမဲ့လုပ်ရပ်တွေကို မထောက်ခံဘူး၊ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းလည်း မပြောရဲ၊ မဆန့်ကျင်ရဲဘူး၊ တစ်ခုတော့ရှိတယ်၊ သူတို့ဟာ ကောင်းမွန်တဲ့အနာဂတ်ကိုတော့ ယုံကြည်မျှော်လင့်နေကြတယ်၊ အဲ . . . တတိယနိုင်ငံသားကတော့ အဆိုးဆုံးပဲဗျ၊ သူတို့ဟာ လက်ရှိအုပ်စိုးနေတဲ့အရာကိုလည်း ကြောက်တယ်၊ စကားတောင် ကျယ်ကျယ်မပြောဝံ့ကြဘူး၊ နောင် ပေါ်ထွန်းလာမယ့်အရာကိုလည်း ကြောက်တယ်၊ ဆိုလိုချင်တာကတော့ ဦးထင်ရာ လက်ရှိ ကိုယ့်ရဲ့အနေအထားလေး ပျောက်သွားမှာ စိုးရိမ်တာ၊ အရာရာကို သံသယနဲ့ ကြောက်စိတ်က ဦးဆောင်ပြီး ဘာကိုမှ မယုံကြည်ဘဲ အကဲဖြတ်နေတတ်ကြတာမျိုးပေါ့၊ လူတစ်ကိုယ်တည်း နှစ်ခြမ်းကွဲနေတဲ့ လူစားမျိုးတွေပါပဲ၊ ဒီတော့ ကျွန်တော်တို့လည်း ကိုယ့်နိုင်ငံနဲ့လူမျိုးကိုချစ်ရင် ဘယ်နိုင်ငံသားပုံစံမျိုးနဲ့ နေထိုင်မှာလဲဆိုတာ လေးလေးနက်နက် စဥ်းစားဖို့လိုလာပြီလေ၊ ကျွန်တော် အဲဒါလေး တွေးမိလို့ပါ''

ကျွန်တော့်စကားလည်း ဆုံးရော ဦးထင်ဟာ ကားကို လမ်းဘေးချပြီး အသာရပ်လိုက်တယ်။ သူ့အပြုအမူကြောင့် ကျွန်တော်ရော မေပန်းချီပါ ရုတ်တရက် ကြောင်အမ်းသွားကြတယ်။ ဦးထင်က ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လာပြီး . . .

''ကောင်းလိုက်တာ ကောင်လေးရာ၊ မင်းပြောတဲ့စကား နားထောင်





ပြီး ဦးထင်ခေါင်းထဲမှာ လင်းခနဲဖြစ်သွားတာ အမှန်ပဲ၊ လူငယ်တစ်ယောက်ဖြစ်ပေမယ့် မင်းမှာ ဒီလိုအသိရှိတာ ဦးထင် လေးစားပါတယ်၊ ကျေးဇူးလည်း တင်တယ်ကွာ''

ပြောရင်း ဦးထင်က မေပန်းချီကိုပါ လှမ်းကြည့်လိုက်ရင်း . . .

''သမီးပန်းချီရော . . . ခုနက ကောင်လေးပြောသွားတဲ့စကားတွေကို ဘယ်လိုသဘောရလဲ''

မေပန်းချီဟာ တစ်ချက် အိုးတိုးအမ်းတမ်းဖြစ်နေပြီးမှ မပွင့်တပွင့်လေး ပြောလာတယ်။

''အင်း . . . အဲ . . . ကောင်းပါတယ်၊ သမီးလည်း ဦးထင်လိုပါပဲ''

ဒါဟာ သွယ်ဝိုက်တဲ့နည်းနဲ့ ဦးတင်လို ကျွန်တော့်ကို လေးစားတယ်၊ ကျေးဇူးတင်တယ်လို့ ပြောတာပဲလို့ အတင်းကြီး သတ်မှတ်ပစ်လိုက်တယ်။

မေပန်းချီ့အပြောကြောင့် ဦးထင်က တစ်ချက် ပျစ်ပျစ်နှစ်နှစ်ပြုံးရင်း . . .

''ဘယ်လိုပဲဖြစ်ဖြစ် မင်းလိုလူမျိုးနဲ့ သိကျွမ်းရတာ ဦးထင်အတွက်တော့ မျက်စိပွင့် နားပွင့်တာပဲ၊ ဒါနဲ့ ကောင်လေး . . . မင်း ဒီမိုကရေစီဆိုတာကိုရော ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချင်လဲကွ''

အရမ်းလေးနက်ကျယ်ပြန့်တဲ့ မေးခွန်းမို့ ကျွန်တော် အတော်လေး ချိုးစားလိုက်ရတယ်။

ပြီးမှ ဦးထင်ကို . . .

''ဦးထင်ရဲ့မေးခွန်းကို ကျွန်တော့်အမြင်ထက် ဝါရှင်တန်ပို့စ်သတင်း


www.burmeseclassic.com

www.burmeseclassic.com



စာ (The Washington Post) က အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth နဲ့ သမ္မတကြီးဦးသိန်းစိန်တို့ နေပြည်တော်က သမ္မတအိမ်တော်ခန်းမမှာ ဇန်နဝါရီလ (၁၇) ရက် ညနေ (၃) နာရီမှာ တွေ့ဆုံခဲ့စဉ်က အဲဒီအယ်ဒီတာ ပြောခဲ့တဲ့စကားကို ပြန်ပြောပြမယ်၊ သူပြောတာက ဒီမိုကရေစီဆိုတာ ပြည်သူက အုပ်ချုပ်တာဖြစ်ပြီး တပ်မတော်အပေါ် အာဏာသက်ရောက်တဲ့ အစိုးရဖြစ်တယ်လို့ ယုံကြည်ပါတယ် တဲ့၊ အဲဒီစကားပါတဲ့အင်တာဗျူးကို နိုင်ငံပိုင် (၂၁-၁-၂၀၁၂) ထုတ် ကြေးမုံသတင်းစာမှာ ဖော်ပြခဲ့တယ်ဗျ''

''အရမ်းကို လှပနက်နဲပြီး လင်းခနဲဖြစ်စေတဲ့စကားပဲကွာ၊ ဒီနေ့တော့ မင်းနဲ့ စကားပြောရတာ ဦးထင်အတွက် အရမ်းကို အကျိုးရှိသွားပြီပေါ့''

ကျေနပ်အားရတဲ့အသံကြီးနဲ့ ပြောရင် ဦးထင်က ကားကို ပြန်မောင်းထွက်လိုက်ပါတယ်၊ ကျွန်တော်လည်း ကျွန်တော်သိသလောက် အသိအမြင်တွေကို ဝေငှရတာ ပီတိဖြစ်မိပါတယ်၊ တွေးရင်း မေပန်းချီကို ငဲ့ကြည့်မိတော့ သူကလည်း ကျွန်တော့်ကို ငေးနေတယ်ခင်ဗျ၊ မျက်လုံးချင်းဆုံတော့ သူကပဲ အကြည့်ကို အရင်ရုပ်သိမ်းသွားပါတယ်။ ခဏလေးပဲ ဆုံလိုက်ရပေမယ့် သူ့အကြည့်ထဲမှာ သိမ်မွေ့မှုလေးတွေကို တွေ့လိုက်ရသလိုပါပဲ။

ဒီလိုနဲ့ ရန်ကင်းစင်တာရောက်လို့ ကားပါကင်မှာ ရပ်လိုက်တော့ မေပန်းချီက ကားပေါ်ကဆင်းဖို့ တံခါးဖွင့်လိုက်ပါတယ်။

ကျွန်တော့်က သူ့ကိုကြည့်ပြီး ...

''မေပန်းချီ ... သတိထားဆင်းနော်၊ ခုနက မိုးရွာထားတာဆိုတော့





မိုးရေတွေနဲ့ ချော်လဲမှာစိုးလို့''

ကျွန်တော့်အပြောကြောင့် သူ့ခန္ဓာကိုယ်လေး ဆတ်ခနဲ လှုပ်ရှားသွားသေးတယ်။ ကားအောက်ကို ရောက်တော့မှ ကျွန်တော့်ကို လည်ပြန်လှည့်ကြည့်ရင်း ...

''သတိပေးတာ ကျေးဇူးပဲ''

တဲ့။

ဟန်ဆောင်ရှဲပြောတာမျိုးမဟုတ်ဘဲ သူ့စိတ်ထဲက ပါပါနဲ့ ပြောတာမှန်း ရိပ်စားမိလိုက်လို့ ကျွန်တော့်ရင်ထဲမှာ ကြည်နူးလှိုင်းတွေ ဖြတ်စီးသွားရတာလည်း တကယ်ပါပဲ။

အသစ်ပြန်စနေရတဲ့ ခင်မင်မှုတွေ အရောင်ရင့်လာဖို့ပဲ ကျွန်တော် ကျိုတ်ပြီး ဆုတောင်းနေမိပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

ဒီကြားထဲ တစ်ရက်မှာ မျှော်လင့်မထားတဲ့ ဖုန်းတစ်ခုက ဝင်လာသေးတယ်။ အဲဒီတုန်းက ကျွန်တော်လည်း အလုပ်ချိန်ထဲမှာခင်ဗျ။ တိတိကျကျပြောရရင် စူပါမတ်ကတ်တစ်ခုကို ပစ္စည်းသွားပို့ဖို့ ကားပေါ်မှာ ရှိနေတုန်း ဖုန်းက ဝင်လာတာ။ ဘေးမှာ မေပန်းချီလည်း ရှိတယ်။

ဆက်လာတာကလည်း ကျွန်တော်မသိတဲ့ ဖုန်းနံပါတ်။ ဖွင့်ကိုင်လိုက်လို့ တစ်ဖက်က နာမည်ပြောတော့မှပဲ အတော်လေးကို အံ့သြသွားရတယ်။ တခြားလူ မဟုတ်ပါဘူး။ ကျွန်တော် အရင်လုပ်ခဲ့တဲ့ ကုမ္ပဏီက အမ်ဒီဦးကောင်းဇော်ရဲ့သမီး မေနုဒီပေါ့။ ခုလောလောဆယ်မှာတော့ သက်ဦးအပြောအရ သူက အမ်ဒီ (MD) ဆိုလားပဲ။

သူပြောလာတာက သူတို့ကုမ္ပဏီမှာ အလုပ်ပြန်ဝင်ပေးဖို့ သူကိုယ်





တိုင် ဖုန်းဆက်ပြီး ကမ်းလှမ်းတာပါ။

ကျွန်တော်က လေသံမှန်မှန်နဲ့ပဲ . . .

"ဝမ်းနည်းပါတယ် မနုဒီ၊ ကျွန်တော့်အတွက် ဘယ်လိုမှ အဆင်မပြေလို့ပါ၊ အဲဒီအကြောင်းကို သက်ဦးနဲ့လည်း ကျွန်တော် ပြောလိုက်ပြီးပါပြီ"

စကားဆုံးတော့ သူ့ဘက်က အသံခဏတိတ်နေသေးတယ်။ ပြီးမှ . . .

"ကျွန်မကိုယ်တိုင် ကမ်းလှမ်းတာတောင် ရှင်က မာနကြီးလှချည်လား။ ရှင့်အတွက် ဘယ်လောက်များ ကောင်းတဲ့အလုပ် ထပ်တွေ့ထားလို့ထဲ"

သူ့အသံက အထက်စီးဆန်နေလို့ ကျွန်တော် တင်းခံနဲ့ဖြစ်သွားတယ်။ ချက်ချင်းပဲ သူ့အပေါ်ရှိခဲ့တဲ့ အငုပ်စိတ်လေးနဲ့ . . .

"အဲဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ကျုပ်က ခင်ဗျားလက်အောက်မှာကို မလုပ်ချင်တာ၊ ဘာဖြစ်လို့လဲဆိုတာကိုလည်း ခင်ဗျား သိမှာပါ . . . ရှင်းပါတယ်နော်"

ခပ်မာမာထွက်သွားတဲ့ ကျွန်တော့်အသံကြောင့် ဘေးတစ်ဖက်တစ်ချက်မှာရှိနေတဲ့ ဦးထင်နဲ့ မေပန်းချီတို့ကပါ လှည့်ကြည့်ကြတယ်၊ တစ်ဖက်က မနုဒီကတော့ ဆွေ့ဆွေ့ခုန်သွားတဲ့အသံနဲ့ . . .

"ရှင် ရိုင်းလှချည်လား၊ စိုးခန့် ကောင်းပြီလေ၊ ကျွန်မဘက်ကလည်း ရှင့်ကို ထပ်ပြီး ကမ်းလှမ်းစရာအကြောင်း မရှိတော့ပါဘူး။ ရှင့်ကိုလည်း ဆင်နဲ့ကျွမ်းကျင်ပြီးသားမို့သာ ပြန်ခေါ်တာပါ၊ ငွေပေးရင် အကုန်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် မရှိလည်း အကြောင်းမဟုတ်ပါဘူး၊ ငေကန်းသေရင် ငွေလာမှာပေါ့"

သူ့စကားကြောင့် ကျွန်တော်က တဟားဟား ရယ်လိုက်ရင်း ...

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ အဲဒီတော့ နောက်ထပ် ခင်ဗျားဆီ ရောက်လာမယ့် ငွေတွေနဲ့သာ အလုပ်ဆက်လုပ်ပေါ့ ... ဟုတ်ပြီလား"

တောက်တစ်ချက် ပြင်းပြင်းခေါက်ရင်း ဖုန်းချသွားပါတယ်။ ကောင်းတယ်။ ဇာတ်လမ်းပြတ်တာပေါ့လို့ စိတ်ထဲက တွေးလိုက်မိတယ်။

ဦးထင်က ကျွန်တော့်ကိုကြည့်ပြီး ...

"ကောင်လေး ... ဘယ်သူတုန်းကွ၊ အလုပ်ကိစ္စဆိုတာကို ကြား လိုက်လို့ ဦးထင်က စပ်စုတာနော်"

ကျွန်တော်လည်း ပခုံးအသာတွန့်ပြလိုက်ရင်း ...

"အရင် အလုပ်လုပ်ခဲ့တဲ့ကုမ္ပဏီက ပိုင်ရှင်ရဲ့သမီး ... အဲ ... ခု တော့ သူက ကုမ္ပဏီကို ဦးစီးနေတာပေါ့ဗျာ၊ အလုပ်ထုတ်တုန်းကလည်း သူပဲ ထုတ်ပြီး၊ ခု ပြန်ခေါ်နေတာ"

"နေစမ်းပါဦး ကောင်လေးရ ... အလုပ်ထုတ်ပြီးမှ ပြန်ခေါ်တယ် ဆိုတော့ အဲဒီတုန်းက ဘယ်လိုကြောင့် အလုပ်က ထုတ်ပစ်ခဲ့တာလဲ"

"အဲဒီအမျိုးသမီးက အရစ်ပါဗျာ၊ အလုပ်ထုတ်ခံရတဲ့အကြောင်း ကတော့ ဒီလိုဗျ"

ကျွန်တော့်မှာ မေနဒီနဲ့ဖြစ်ခဲ့တဲ့ ဇာတ်လမ်းအစုတ်အပြတ်ကို ပြန် ရှင်းပြလိုက်ရတယ်။ စကားဆုံးတော့ ဦးထင်က တဟားဟား ရယ်တော့သလို မေပန်းချီကလည်း ပြုံးစစနဲ့။

ဦးထင်ကပဲ အရယ်တစ်ဝက်နဲ့ ...



"ဒီတော့ ခု သူ ပြန်ခေါ်ပေမယ့် မင်းက တင်းပြီး မလုပ်တော့ဘူး လို့ ငြင်းလိုက်တာပေါ့ ... ဟုတ်လား"

ကျွန်တော်က ခေါင်းခါလိုက်ရင်း ...

"သူ့ဆီမှာ တကယ်ပြန်မလုပ်ချင်လို့ ငြင်းလိုက်တာပါ၊ သူ့အပေါ် စိတ်ဆိုးဒေါသထွက်နေတာမျိုးတော့ မရှိတော့ပါဘူး။ သူ အဲဒီလို အလုပ် ထုတ်ခဲ့တာကိုတောင် ကြံဖန်ပြီး ကျေးဇူးတင်နေသေးတာ"

"ဟေ ... ဘာဖြစ်လို့တုန်းကွ"

အဲဒီအမေးကို မဖြေခင် ကျွန်တော် မေပန်းချီကို တစ်ချက်ကြည့် လိုက်သေးတယ်။ ဒါကလည်း လိုအပ်လို့ ကြည့်တာပါ။ ပြီးမှ ဦးထင်အမေး ကို ဖြေလိုက်တယ်။

"ဩော် ... ဦးထင်ကလည်း၊ သူ အလုပ်ထုတ်လိုက်လို့သာ ကျွန် တော် နောက်ထပ်အလုပ်ရှာရင်း ဒီကိုရောက်လာတာလေ၊ အဲဒီလို ရောက် လာလို့လည်း ဒီက မေပန်းချီ"

စကားကို မသိမသာဖြတ်လိုက်လို့ မေပန်းချီက အလန့်တကြား မျက်လေးနဲ့ ကြည့်လာတယ်။ ကျွန်တော် ဆက်ပြောလိုက်တဲ့စကား ဆုံးတော့ မှ မျက်စောင်းလှဲ့လှဲ့ ထိုးတော်မူတာခင်ဗျ။

"ဒီက မေပန်းချီတို့ ဦးထင်တို့လို ခင်ဖို့ကောင်းတဲ့လူတွေနဲ့ ဆုံရတာ လေ။ ဒီတော့ ဟိုဘက်က အမျိုးသမီးကို ကျေးဇူးတင်ရတာပေါ့၊ မဟုတ် ဘူးလား"

ကျွန်တော့်အပြောကြောင့် ဦးထင်က မျက်ခုံးပင့်ရင်း အဓိပ္ပာယ်ပါပါ ကြည့်လာပြီး ...



www.burmeseclassic.com

"ဟုတ်ပါပြီကွာ၊ မင်းအတွေးနဲ့ မင်းကတော့ ဟုတ်နေတာပဲ၊ ဟုတ်တယ်နော် သမီးပန်းချီ"

အရေးထဲ လောကွတ်ချော်ပြီး ဦးထင်က မေပန်းချီကိုပါ ထောက်ခံနိုင်းလိုက်သေးတယ်။ ဟိုတစ်ယောက်လည်း ဘာပြောရမှန်းမသိတဲ့ပုံစံဖြစ်သွားပြီးမှ အိုးတိုးအမ်းတမ်းနဲ့ ...

"အင်း ... အဲ ... ဟုတ် ... ဟုတ်မှာပေါ့"

အဲဒီလိုပြောလိုက်တာကိုတောင် ဦးထင်က ကျေနပ်တော်မမူဘဲ ထပ်ကွန့်လိုက်သေးတယ်။

"ဟုတ်မှာပေါ့၊ မဟုတ်ဘူး သမီးရဲ့၊ ဟုတ်ကို ဟုတ်နေတာ၊ သမီးလည်း အမြင်ပဲလေ၊ ကောင်လေးက ဒီလောက်ခင်ဖို့ ကောင်းတာ၊ သူနဲ့ စကားပြောရင်လည်း ဦးထင်တို့ ဘယ်လောက်ဗဟုသုတရလဲ၊ သမီးဆိုရင်ကော ကောင်လေးကို မခင်ဘူးလား"

အာပါး ... ပါ။ ဦးထင်ကတော့ စွတ်ကို ပို့တော့တာပဲဗျို့။ ဦးထင်ရဲ့ တင်ချက်ကြီးက လန့်ထွက်နေလို့ ကျွန်တော့်မှာ မေပန်းချီကိုတောင် အားနာမိသေးတယ်။ ခုလည်း မေပန်းချီက မဖြေချင် ဖြေချင်ပုံစံနဲ့ ပြန်ဖြေလာပါတယ်။

"ခင် ... ခင်ပါတယ်"

"ကြားတယ်နော် ကောင်လေး၊ သမီးပန်းချီကလည်း ခင်ပါတယ် ... တဲ့"

လုပ်ချလိုက်ပြန်ပြီဗျာ။ ဦးထင်တစ်ယောက် ကားမောင်းရင်းနဲ့ မေပန်းချီကိုပါ မောင်းနေတော့တာပဲ။ ဘာပဲဖြစ်ဖြစ် ဦးထင်ကို စိတ်ထဲက





အကြိမ်လေးရာငါးဆယ်လောက် ကျေးဇူးတင်စကားဆိုလိုက်တယ်။

အဲဒီနေ့တစ်ရက်လုံး မေပန်းချီစိတ်ထဲ ဘယ်လိုဖြစ်သွားတယ် မသိဘူးခင်ဗျ။ ကျွန်တော့်ကို အလုပ်သဘော ဆက်ဆံတာတောင် မဝံ့မရဲပုံစံနဲ့။ ဦးထင်ကိုလည်း ခါတိုင်းရက်တွေလို ဟက်ဟက်ပက်ပက်စကားမပြောတော့ဘူး။ ပြောရင် ဦးထင် ဆက်ပို့မှာကို ရိပ်မိနေလို့လားမသိဘူး။

ညနေအိမ်ပြန်ရောက်တော့ အဲဒီအကြောင်းတွေကို သက်ဦးကို ပြောပြဖြစ်တယ်။

သက်ဦးက ...

"အေးလေ ... အရင်ကထက် အဆင်ပြေလာတယ် ဆိုရင်ပဲ ဝါ၊ ဝမ်းသာပါတယ်၊ မင်း ပြန်ပျိုးလိုက်တဲ့ နှိုဒါန်းလေးကလည်း လှသွားတာကိုး ဒီတော့ မင်း ဘာဆက်လုပ်မှာလဲ"

"ဒါကတော့ကွာ၊ အစဉ်အလာအတိုင်း ခင်မင်ပြီးသွားရင် ရည်းစားစကားထပ်ပြောရတော့မှာပေါ့၊ အဲ ... အချိန်တော့ နည်းနည်းယူရှည်းဦးမယ် ထင်တာပဲ"

"ကြည့်ကျက်တော့ လှုပ်ရှားပေါ့ကွာ၊ ကိုကြီးဖော် သတိပေးထားသလို ဟို မန်နေဂျာ မရိပ်မိအောင်လည်း ဆင်ခြင်ဦး"

"အေးပါကွာ၊ ငါ သိပါတယ်၊ ဪ ... ဒါနဲ့ လာမယ့်လထဲမှာတော့ ငါ အစီအစဉ်တစ်ခုဆွဲထားတယ်၊ အဲဒီကိစ္စအတွက် မင်း ငါ့ကို ကူညီပေးဦး"

"ဟေ ... ဘာအစီအစဉ်များလဲ မောင်ကျုပ်ရ"

"အဟဲ ... နီးမှပြောမယ်လေကွာ၊ အေးဆေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော . . . ပြီးရော"

သက်ဦးက မကြည်တဲ့လေသံနဲ့ ပြန်ပြောလာတယ်။ အဲဒီအချိန်မှာပဲ ဖုန်းက မြည်လာလို့ သက်ဦးက သူ့ဖုန်းကိုထုတ်ပြီး ကိုင်လိုက်ပါတယ်။

တစ်ဖက်က ဘာပြောလိုက်တယ် မသိပါဘူး။ သက်ဦးရဲ့မျက်နှာဟာ ပျက်ယွင်းသွားရင်း . . .

"ဟေ . . . ဘယ် . . . ဘယ်တုန်းကလဲ"

". . . . . . . . . . . ."

"ဟာ"

ရေရွတ်ရင်း သက်ဦးဟာ ငုတ်တုတ်ကြီး မေ့သွားသလို ရပ်နေတယ်။ သက်ဦးပုံစံကြောင့် ကျွန်တော်လည်း အလန့်တကြားဖြစ်သွားပြီး . .

"ဟေ့ကောင် . . . ဘယ်, ဘယ်သူ ဘာဖြစ်လို့လဲ"

ခုမှ သတိဝင်လာတဲ့ပုံစံနဲ့ သက်ဦးဟာ သက်ပြင်းကို ဆွဲဆွဲငင်ငင်ချရင် စကားတစ်လုံးချင်း ပြောလာပါတယ်။

"အမ်ဒီ ဦးကောင်းဇော် . . . ခုနလေးကပဲ ဆေးရုံမှာ ဆုံးသွားပြီတဲ့ကွာ"

"ဟေ"

■

## ( ၁၄ )

ဦးကောင်းဇော်ရဲ့နောက်ဆုံးခရီးကို ကျွန်တော် သက်ဦးနဲ့အတူ လိုက်ပို့ဖြစ်ပါတယ်။ ဦးကောင်းဇော်ဟာ ပုဂ္ဂလိကရေးအရ ခင်မင်ဖို့ကောင်းတဲ့ အပြင် ဝန်ထမ်းတွေအပေါ်မှာလည်း ညှာတာထောက်ထားစိတ်ရှိတာမို့ ဝန်ထမ်းတွေအားလုံးလည်း စိတ်မကောင်းကြပါဘူး။

နောက်တစ်ချက်က ဦးကောင်းဇော်ဟာ နိုင်ငံရေးအမြင်ကျယ်သူမို့ ကျွန်တော်နဲ့ ပုဂ္ဂလိကရေးအရ ပိုပြီးနွေးထွေးတဲ့ ဆက်ဆံရေးရှိခဲ့ပါတယ်။ အလုပ်ကိစ္စမပါဘဲ သီးသန့်စကားပြောခဲ့ကြတာတွေတောင် ရှိတယ်။

"ငါမသေခင်တော့ လူဖြစ်ရတဲ့အရသာကို အပြည့်အဝ ခံစားသွားရသေးတယ် စိုးခန့်ရာ"

အဲဒီလို အနာဂတ်ကို မျှော်ရင်း ညည်းပြောလေး ပြောခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းဇော်ဟာ ခုတော့ လောကကြီးကို နှုတ်ဆက်သွားရပါပြီ၊ ပြောင်းလဲလာနေတဲ့အခြေအနေတစ်ခုကို သူ မြင်သွားခဲ့တာတော့ သူ့အတွက် အနည်းငယ် ကျေနပ်စရာပါ။ ဒီမြေဒီရေပေါ်မှာ ရှိနေသေးတဲ့ ကျွန်တော်တို့ကတော့ နောက်မျိုးဆက်သစ်တွေအတွက် အနာဂတ်ကို မျှော်လင့်နေကြရဦးမှာပါပဲ။ အရှေ့က နေဝန်းရဲ့အလင်းရောင်နဲ့ ကျွန်တော်တို့နိုင်ငံကြီး ထွန်းလင်းတောက်ပလာစေချင်သလို အရှေ့မြို့ရိုးက မိုးရေစက်တွေကြားထဲမှာလည်း ကျွန်တော်တို့ စည်းကမ်းတကျ လွတ်လပ်မြူးထူးချင်ပါတယ်၊ အဲဒါဟာ ကျွန်တော်တို့ ဆာလောင်နေတဲ့ ပြည်တွင်းဖြစ်နိဗ္ဗာန်ပါပဲ။

ခေါင်းတိုင်မှာ တလူလူတက်နေတဲ့ မီးခိုးတွေကိုကြည့်ပြီး ကျွန်တော် ဦးကောင်းဇော်ကို နှုတ်ဆက်မိတယ်။ သံဝေဂဆိုတာကိုလည်း အသိစိတ်ထဲက ရမိပါရဲ့။

သက်ဦးက အနားကိုရောက်လာပြီး ကျွန်တော့်ပခုံးကို အသာ ရင်း တစ်နေရာဆီ လက်ညှိုးနဲ့ ညွှန်ပြတယ်။ ကြည့်လိုက်တော့ ရပ်နေ တဲ့ မေနဒီကို တွေ့လိုက်ရတယ်။

သက်ဦးက ကျွန်တော့်ကို အဓိပ္ပာယ်ပါပါကြည့်တယ်၊ သွားအား လိုက်ဦးဆိုတဲ့ အကြည့်ပေါ့။

ကျွန်တော် တိတ်ဆိတ်စွာပဲ မေနဒီအနားကို လျှောက်သွားလိုက် တယ်။ သူနဲ့ ဘေးချင်းယှဉ်အနေအထားရောက်တော့ ...

"ကျွန်တော် စိတ်မကောင်းပါဘူး မမေနဒီ၊ မိသားစုနဲ့ထပ်တူပါ"

မေနဒီ ကျွန်တော့်ဘက်ကို ခပ်ဖြည်းဖြည်း လှည့်ကြည့်လာတယ် သူ့မျက်နှာဟာ သောကတွေနဲ့ အရောင်မှိုင်းလို့နေရဲ့။





"ကျွန်မအတွက်တော့ မိသားစုဆိုတာ နောက်ထပ် ရှိဦးမလား မသေချာသေးပါဘူး"

အဲဒီလိုပဲပြောပြီး သူ မီးခိုးငွေ့တွေကို ပြန်ငေးနေတယ်။ သူပြော တဲ့စကားရဲ့အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါဘူး။ ကျွန်တော် တိတ်တ ဆိတ်ပဲ နောက်လှည့်ပြန်ခဲ့တယ်။

လူတစ်ယောက်ရဲ့နောက်ဆုံးခရီးဟာ အဲဒီနေ့က လှလှပပပြီးဆုံး ခဲ့ပါတယ်။ ဒါဟာ ဓမ္မတာပဲ မဟုတ်ပါလား။

■

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

နောက်ပိုင်းရက်တွေမှာတော့ ပုံမှန်အတိုင်း အလုပ်ထဲ ပြန်စီးမျောဖြစ်တယ်။ အသစ်က ပြန်စခဲ့ရတဲ့ ကျွန်တော်နဲ့ မေပန်းချီရဲ့ ဆက်ဆံရေးဟာလည်း တဖြည်းဖြည်း စေးပျစ်လာတယ်လို့ ထင်ပါတယ်။ ဟိုးအရင်လို အနေအထားမျိုး ပြန်မရောက်သေးပေမယ့် သူ့ရင်ထဲမှာ ဖုံးကွယ်ထားတဲ့ သံယောဇဉ်အငွေ့အသက်တွေကို တစ်ခါတစ်ခါ သူတောင် သတိမထားမိတဲ့ ကျွန်တော် မြင်လိုက်ရလေ့ရှိတယ်။

ဥပမာ . . .

တစ်ခါတလေ ပစ္စည်းပို့ဖို့ဆိုပြီး ယောက်ျားလေးပီပီ မိုးရေထဲ ပြေးထွက်သွားပြီဆိုရင် သူက ထီးလှမ်းပေးတတ်တာမျိုး။ မနက်ပိုင်း လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်တဲ့အခါမျိုးတွေမှာလည်း ကော်ဖီလက်ဖျော်က နှစ်ခွက်ဆို





ပြီး မှာလိုက်တာမျိုးတွေပေါ့။ တစ်ခါ မိုးရေတွေ စိုရွှဲသွားတဲ့ နေ့တုန်းကလည်း သူက ဆောင်ထားတဲ့ဆေးကို ထုတ်တိုက်တယ်။ ပြီး . . . သူ့ဘာသာ မလုံမလဲနဲ့ ပြန်ပြောလာသေးရဲ့။

"ရှင်ဖျားပြီး အလုပ်မဆင်းနိုင်ရင် ကျွန်မ ပိုပင်ပန်းမှာစိုးလို့နော်"

အဲဒီလိုပြောလာရင် ကျွန်တော်ကလည်း ဘယ်ခံမလဲ။

"သိပါတယ်၊ ကျွန်တော်ကလည်း မေပန်းချီ ပင်ပန်းမှာစိုးလို့ မဖျားမနာအောင် အထူးဂရုစိုက်နေပါတယ်"

ဒီလိုနဲ့ အသစ်ပြန်လည်မွေးဖွားလာတဲ့ မျက်စောင်းဖြူဖြူလေးတွေတော့ ပြန်ရလာတာပေါ့ဗျာ။ ကျွန်တော် လိုချင်တဲ့ အနေအထားအထိတော့ မရောက်သေးဘူးပေါ့။ ဒါပေမဲ့လည်း ကျွန်တော် ရောက်ချင်တဲ့ပန်းတိုင်ဟာ သိပ်မဝေးတော့ဘူးလို့ ယုံကြည်ထားပါတယ်။ ပြီး . . . ကျွန်တော့်ဘက်မှာ ဦးထင်နဲ့ ဖိုးဇော်တို့လည်း ရှိသေးတယ် မဟုတ်လား။ သူတို့ကလည်း လင်းကြို့ရင် ကြို့သလို ဝင်တွန်းပါတယ်။

ဒီလိုနဲ့ ကျွန်တော် သက်ဦးနဲ့ ပေါင်းပြီး ကြံစည်ထားတဲ့နေ့ဟာ အလိုလိုရောက်လာတယ် ခင်ဗျ။ ရောက်လာဆို ရက်တွေကလည်း သူ့သဘာဝအတိုင်း တစ်ရက်ပြီးတစ်ရက် ကုန်လွန်သွားတာကိုး။

အဲဒီနေ့က ရုံးဆင်းတော့ မေပန်းချီ ပြန်နေကျ ကားမှတ်တိုင်မှာ ကျွန်တော် သွားစောင့်နေပါတယ်။ ဒါဟာ အလုပ်ချိန်မဟုတ်ဘဲ အပြင်မှာ သူနဲ့တွေ့ဖို့ ပထမဆုံးကြိုးစားတာပါ။ စောင့်နေရင်းနဲ့ ကျွန်တော် စီစဉ်ထားတဲ့အတိုင်း လွဲမသွားအောင် သက်ဦးကို ဖုန်းဆက်ပြီး သတိပေးရသေးတယ်။

သက်ဦးက . . .



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါကွာ၊ မင်းဘက်က အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ ငါ့ဆီ မစ်ကောလ်တစ်ကော လှမ်းထိုးလိုက်၊ အဲဒီနေရာကို သုံးမိနစ်အတွင်း အရောက်လာခဲ့မယ်"

ဒါလောက်ဆိုရင်တော့ စိတ်ချရပါပြီ။ တွေးရင်း စောင့်နေရင်းနဲ့ ကျွန်တော့်စိတ်တွေဟာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းကလို လှုပ်ရှားနေမိတယ်။

သိပ်မကြာလိုက်ပါဘူး။ ကားမှတ်တိုင်ဆီ လျှောက်လာတဲ့ မေပန်းချီကို တွေ့လိုက်ရတယ်။ တဖြည်းဖြည်း နီးလာတော့ ရပ်နေတဲ့ ကျွန်တော့်ကို ကြည့်ပြီး သူ့ မျက်ခုံးလေး အတွန့်ချိုးသွားသေးတယ် ခင်ဗျ။ ကျွန်တော့်ကို ဒီနေရာမှာ ထူးထူးခြားခြားတွေ့လိုက်ရလို့ ဖြစ်မှာပေါ့လေ။

ခပ်လှမ်းလှမ်းမှာ ရပ်လိုက်တဲ့ သူ့ဆီကို ကျွန်တော် လျှောက်သွားလိုက်တယ်။ အနားရောက်တော့ သူက ဆတ်ခနဲ စူးစမ်းသလို ကြည့်ပါတယ်။

ကျွန်တော်က လေသံမှန်မှန်နဲ့ပဲ ...

"မေပန်းချီ ... ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါလား"

အဲလိုတောင်းဆိုလိုက်တော့ သူကလည်း ခပ်တည်တည်ပုံစံလေးနဲ့ ...

"ဘာကိစ္စအတွက်များ စကားပြောစရာရှိလို့လဲ စိုးခန့်"

"ဩော် ... ဒီလိုပါ၊ ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် အရေးပါတဲ့ နေ့တစ်နေ့လေ၊ အဲဒါကြောင့် ကျွန်တော်ခင်တဲ့ မေပန်းချီကို တစ်ခုခု လိုက်ကျွေးချင်လို့ပါ"





ကျွန်တော့်စကားကြောင့် သူဟာ တွေတွေငေးငေးလေးဖြစ်သွားရင်း ...

"ရှင့်မွေးနေ့တော့ မဟုတ်လောက်ဘူးထင်တယ်၊ ဒါပေမဲ့ ကျွန်မ အချိန်မရလို့ ဆောရီးပါ စိုးခန့်"

သူ့စကားဆုံးတော့ ကျွန်တော် ဘာမှပြန်မပြောသေးဘဲ ဖုန်းထုတ်ပြီး သက်ဦးဆီ မစ်ကောလ်တစ်ကော လှမ်းပေးလိုက်တယ်။ ပြီးမှ သူ့ကို ပြန်ကြည့်ရင်း ...

"မေပန်းချီပြောသလို ကျွန်တော့်မွေးနေ့တော့ မဟုတ်ပါဘူး ဒါပေမဲ့ ... အဲဒီလောက်နီးပါး အရေးပါတဲ့နေ့မို့ အချိန်နည်းနည်းလောက်ပဲ ပေးပါလား၊ အဲဒါဆို ကျွန်တော် အရမ်းကို ကျေးဇူးတင်မိမှာပါ"

သူ စိတ်ရှုပ်သွားပုံရတယ်၊ မျက်မှောင်လေးကို ပိုပိုသာသာ ကြုတ်လိုက်ပြီး ...

"အချိန်မရဘူးလို့ ပြောပြီးပြီလေ၊ အဲဒါကြောင့် ရှင်ဆက်ပြောနေရင် မောရုံပဲရှိလိမ့်မယ်၊ သွားပါတော့"

အဲဒီအချိန်မှာပဲ ဗင်ကားလေးတစ်စီးဟာ ကျွန်တော်တို့နှစ်ယောက် ရပ်နေတဲ့ရှေ့မှာ ဆတ်ခနဲ ထိုးရပ်လာပါတယ်။ ကားထဲက လူတွေဟာလည်း ပြတင်းပေါက်ကနေ ခေါင်းပြူထွက်လာရင်း ...

"ဟော့ကောင် ... မောင်ကျော်"

"ဟဲ့ ... ပန်းချီ"

ခေါ်သံတွေကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး လှမ်းကြည့်မိတယ်။ ကျွန်တော်က ဒီကိစ္စကို စီစဉ်ထားသူမို့ လှုပ်လှုပ်ရှားရှားဖြစ်မိပေ


www.burmeseclassic.com

www.burmeseclassic.com

မယ့်လည်း မေပန်းချီကတော့ အရမ်းကို အံ့သြပျော်ရွှင်သွားတဲ့ပုံစံလေးနဲ့ ..

"ဟယ် စုစုနဲ့မြတ်သစ် ... နင် ... နင်တို့က ဘယ်က ဘယ်လို"

ပြန်နှုတ်ဆက်လိုက်တော့ စုစုနဲ့ မြတ်သစ်တို့က ကားပေါ်က ဆင်းလာပြီး ...

"ဘယ်က ဘယ်လိုမှ မဟုတ်ဘူး၊ နင်တို့နဲ့တွေ့ချင်လို့ တမင်လာခဲ့တာ၊ ကောင်မ ... အိမ်ပြောင်းသွားတာတောင် ငါတို့ကို အသိမပေးဘဲ အဆက်အသွယ်ပြတ်သွားတယ်"

အဲဒီစကားကြောင့် မေပန်းချီမျက်နှာလေးဟာ မသိမသာ ညှိုးသွားပြီး အားနာရိပ်ကလေးနဲ့ ...

"အဲလိုလည်း မဟုတ်ပါဘူးဟာ၊ ငါ့မှာလည်း ငါ့အကြောင်းနဲ့ငါပါ၊ အခြေအနေတစ်ခုကြောင့် ငါတို့သားအမိနှစ်ယောက် အဲဒီအိမ်ကိုရောင်းပြီး တခြားနေရာမှာ ပြောင်းနေဖို့ မဖြစ်မနေ စီစဉ်လိုက်ရလို့ပါ၊ ကဲ ... ခု ပြန်တွေ့ပြီပဲဟာကို"

မေပန်းချီပြောတာ ဟုတ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ သားအမိနှစ်ယောက်တည်း ရှိတယ်ဆိုတာ ကျွန်တော်လည်း သိထားမိပါတယ်။ သူငယ်ငယ်ကတည်းက သူ့အဖေနဲ့သူ့အမေ အိမ်ထောင်ကွဲခဲ့ပြီး အဖေနဲ့အစ်မနဲ့က တခြားမှာနေတယ်ဆိုလားပဲ။

ကျွန်တော် စဉ်းစားနေတုန်းမှာပဲ စုစုက ...

"ဟုတ်ပါပြီ ... ခု ပြန်တွေ့ပြီဆိုတော့ တစ်နေရာကိုသွားပြီး စားရင်းသောက်ရင်း စကားပြောရအောင်၊ လာ ... ကားပေါ်တက်"

"ဟဲ့ ... ခဏလေး ... ဟို"





"လုပ်မနေနဲ့ ... လာပါဆို"

ငြင်းဖို့ ပြင်ဆင်လိုက်ပေမယ့် စုစုနဲ့မြတ်သစ်က အတင်းဆွဲခေါ်လိုက်တာမို့ မေပန်းချီ ကားပေါ်ကို ရောက်သွားပါတယ်၊ သုံးယောက်စလုံး ကားပေါ်ရောက်သွားတော့မှ စုစုက ...

"ဟဲ့ မောင်ကျုပ် ... လာလေ၊ နင်က ဘာရပ်လုပ်နေတာလဲ"

ပလက်ဖောင်းမှာ ရပ်နေသေးတဲ့ ကျွန်တော့်ကို လှမ်းခေါ်တာပါ။ ကျွန်တော်က မေပန်းချီကို လှမ်းကြည့်ရင်း ...

"နင်တို့က ခေါ်ပေမယ့် ဟိုတစ်ယောက်ကရော ခေါ်ချင်လား မခေါ်ချင်လားမှမသိတာ၊ မေးကြည့်ပါဦး"

စကားဆုံးတော့ မေပန်းချီက ကားထဲကနေ မျက်စောင်းလှမ်းထိုးပါတယ်။ ပြီး ရှုပွပွအသံလေးနဲ့ ...

"ဘာ အခုမှ ပဲများနေတာလဲ၊ ဒီကိစ္စကို ရှင်ပဲ စီစဉ်တာမလား။ မလိုက်ချင်လည်း နေခဲ့ပေါ့၊ ဟဲ့ သက်ဦး ... မောင်းတော့"

စကားလည်း ဆုံးရော သက်ဦးက ခပ်တည်တည်နဲ့ ကားစက်နှိုးလိုက်လို့ ကျွန်တော်လည်း ကားပေါ်ကို ပြေးတင်ရင် ...

"ဟာ နေဦးလေ ... ငါလည်း လိုက်မှာပေါ့"

ကျွန်တော့်ပုံစံကြောင့် အားလုံး ပြုံးစိစိဖြစ်ကုန်ကြတယ်။ တကယ်တော့ စုစုနဲ့မြတ်သစ်ဆိုတာဟာလည်း ကျောင်းတုန်းက မေပန်းချီရဲ့အချစ်ဆုံးသူငယ်ချင်းတွေပါ။ သူ အိမ်ပြောင်းပြီး အဆက်အသွယ်ပြတ်သွားလို့ မတွေ့ဖြစ်ဘဲ နေခဲ့ကြတာလေ။ ခုတော့ ကျွန်တော့်ကောင်းမှုနဲ့ အားလုံး ပြန်ဆုံကြပြီပေါ့။ ခုလိုစီစဉ်လိုက်တဲ့အတွက် မေပန်းချီ ကျွန်တော့်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com

မဆိုးလောက်ဘူးဆိုတာ တစ်ထစ်ချယုံပါတယ်။

လမ်းမှာ မြတ်သစ်က ...

''ဟဲ့ မောင်ကျူပ် ... နင်နဲ့ပန်းချီနဲ့က ဘယ်လိုလဲ၊ အရင်တုန်းကလို ပြန်ဖြစ်သွားပြီလား''

''အာ ... မြတ်သစ် ဘာတွေပြောနေတာလဲ''

မေပန်းချီက လှမ်းဟန့်လိုက်ပေမယ့် ကျွန်တော်ကတော့ ပြောလိုက်ပါတယ်။

''အရင်တုန်းကလိုတော့ မဟုတ်သေးဘူးပေါ့ဟာ၊ ဒီလိုပဲ ရန်ဖြစ်လိုက်. ပြန်ချစ် အဲ ... ပြန်တည့်လိုက်ပေါ့''

''စိုးခန့် ... ပေါက်ကရတွေ လျှောက်ပြောမနေနဲ့''

ရှက်ဝါးဝါးနဲ့ သူ လှမ်းအော်ပါတယ်။ ပြီးမှ စုစုနဲ့မြတ်သစ်တို့ကို ...

''နင်တို့လည်း လျှောက်ပြောမနေနဲ့၊ သူနဲ့ငါက ဘာမှမဟုတ်ဘူး''

''အေးလေ ... လောလောဆယ်ပေါ့''

''နင်နော်''

ပြောရင်း စုစုနဲ့ မြတ်သစ်တို့က ရယ်ကြပြန်တယ်။ ဘာပဲပြောပြော ဒီနေ့အဖို့ မေပန်းချီရဲ့စိတ်တွေ ပြန်လည်နုပျိုလန်းဆန်းလာမယ်ဆိုတာ သေချာလောက်ပါတယ်။ အဲဒီအတွက် ကျွန်တော့်ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင်လည်း ကျွန်တော် ငြင်းဖို့အင်အား ရှိမှာမဟုတ်ပါဘူး။ သူ ကျွန်တော့်ကို အရင်လို ပြန်ချစ်မယ်ဆိုရင် အားနာနာနဲ့ လက်ခံမိမှာပါ၊ ဒီနေရာမှာတော့ တလွဲမာနတွေထားမနေတော့ပါဘူး ... အဟဲ။





ဒီလိုနဲ့ ဆိတ်ငြိမ်ပြီး အေးအေးဆေးဆေး စကားပြောလို့ရတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်သွားပါတယ်။ အဲဒီဆိုင်မှာလည်း သီးသန့်ခန်း ကြိုတင်မှာထားတာမို့ စကားပြောရတာ လွတ်လွတ်လပ်လပ်ပါပဲ။

စားရင်းသောက်ရင်းနဲ့ သူတို့မိန်းကလေးသုံးယောက်က ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောနေကြသေးတယ်။ ဟိုဟာမတွေကလည်း ကျွန်တော့်အတွက် ဘာမှမပြောပေးကြသေးဘူး။ ခဏခဏ ချောင်းဟန့်ပြီး သတိပေးတာတောင် ဒင်းတို့က မသိချင်ယောင်ဆောင်ပြီး ...

''မောင်ကျူပ် ... တဟမ်းဟမ်းနဲ့ ဘာဖြစ်နေတာလဲ၊ လည်ချောင်းယားနေရင်လည်း ရေသောက်လေ''

မသာမတွေဆိုပြီး ချစ်စနိုးနဲ့ စိတ်ထဲက မေတ္တာပို့လိုက်တယ်။ ဒင်းတို့ သိသိနဲ့ ကျွန်တော် ကျလိကျလိဖြစ်အောင် လုပ်နေမှန်း သိပ်သိတာပေါ့။

နောက်ဆုံး သက်ဦးဆိုတဲ့ကောင်တောင် မနေနိုင်တော့ဘဲ ...

''ဟဲ့ စုစုနဲ့မြတ်သစ် ... နင်တို့ကလည်း တော်ကီပဲ စွတ်ပွားနေတယ်၊ ဒီနေ့ ဘာအထိမ်းအမှတ်နဲ့ ငါတို့ ပြန်ဆုံဖြစ်တာလဲဆိုတာ ပြောပြလိုက်ဦး''

ပြောရင်း သက်ဦးက မေပန်းချီကို မေးထိုးပြတယ်။ မေပန်းချီက ဘာလဲဆိုတဲ့ အမူအရာနဲ့ မျက်ခုံးပြန်ပင့်ပြတော့ မြတ်သစ်က ကျွန်တော့်ကို ကြည့်ပြီး ...

''သြော် ... အဲဒါလား၊ အဲဒီကိစ္စဆိုရင်တော့ မောင်ကျူပ် နင့်ဟာနင်ပဲ ပြောပြလိုက်လေဟာ၊ နင်က ကာယကံရှင်ပဲဟာကို''


www.burmeseclassic.com

www.burmeseclassic.com

မြတ်သစ်က ကျွန်တော့်ဘက်ကို ပြန်ပုတ်ထုတ်တယ်။ ကျွန်တော်လည်း မထူးတော့ပါဘူးလို့ တွေးရင်း . . .

''ပြောတော့ ပြောချင်ပါတယ်၊ ဒါပေမဲ့ မေပန်းချီ စိတ်ဆိုးမှာစိုးလို့''

''ဟဲ့ . . . မေပန်းချီတွေ, ဘာတွေ လုပ်မနေနဲ့၊ အရင်တုန်းကလိုမေလို့ပဲ ခေါ်စမ်းပါ၊ ခုမှ လာကြောက်ပြမနေနဲ့''

စုစုက ဝင်ပြောတာပါ။ ဒီတော့ ကျွန်တော်လည်း မေပန်းချီကိုကြည့်ပြီး . . .

''မေ . . . ကျွန်တော် ပြောရမှာလားဟင်''

''မသိဘူး''

မေပန်းချီက ငေါက်ဆတ်ဆတ်ကလေး ပြန်ပြောလာတယ်။ ကျွန်တော်လည်း စိတ်ဒုံးဒုံးချလိုက်ရင်း . . .

''တကယ်တော့ ဒီနေ့ကို မေလည်း တမင် မေ့ထားတယ်လို့ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကမေနဲ့ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြတဲ့ နှစ်ပတ်လည်တစ်နေ့ပါပဲ၊ ပြောရရင်လေးနှစ်မြောက် နှစ်ပတ်လည်နေ့ပေါ့''

ကျွန်တော် စကား ခဏဖြတ်လိုက်တယ်။ အားလုံးဟာ ငြိမ်ပြီးနားထောင်နေကြသလို မေပန်းချီကလည်း ခေါင်းလေးငုံ့ထားတယ်။

ကျွန်တော်က ဆက်ပြီး . . .

''အကြောင်းကြောင်းကြောင့် အထင်လွဲမှုတွေနဲ့ ကျွန်တော်နဲ့ မေဟာ ဝေးကွာခဲ့ရပါတယ်၊ ဒါပေမဲ့ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကြောင့်





ခုချိန်မှာ ပြန်ဆုံရပါပြီ၊ ဒီတော့ လေးနှစ်မြောက်ဆိုတဲ့ ပိုးရတု နှစ်ပတ်လည်မှာ ကျွန်တော် မေ့ကို ပြန်ပြီး ချစ်ခွင့်ပန်ချင်ပါတယ်၊ ကျွန်တော် အချစ်ကိုပြန်လက်ခံပေးပါလို့ မေကို အနူးအညွတ်တောင်းဆိုပါတယ် မေ''

ကျွန်တော် စကားလည်းဆုံးရော မေကလွဲပြီး အားလုံး လက်ခုပ်ဝိုင်းတီးကြပါတယ်။ အတန်ကြာတော့မှ မေပန်းချီက ခေါင်းအသာမော့လာရင်း ကျွန်တော့်ကို ကြည့်တယ်။ ပြီး လေသံမှန်မှန်လေးနဲ့ . . .

''ကျွန်မဘက်က ပြန်လက်မခံနိုင်ဘူး ဆိုရင်ကော''

''ဟင်''

''ဟာ''

''အို''

အားလုံး အာမေဋိတ်ကိုယ်စီ ထွက်သွားတော့ မေပန်းချီက မသိမသာ ပြုံးတယ်။ ပြီးမှ . . .

''အဲလိုဆိုရင် သူငယ်ချင်းတွေက စိတ်မကောင်းဖြစ်ကြမှာလားရှင့်နာရော စိုးခန့်''

ဘယ်သူမှ ပြန်မပြောခင်မှာပဲ ကျွန်တော် ပင့်သက်ကို ရှိုက်လိုက်ရင်း . . .

''မေ့ကို ဘယ်သူက ဘာမှမပြောစေရပါဘူး ကျွန်တော်ကိုယ်တိုင်လည်း မေ့ရဲ့သဘောထားကို လက်ခံမှာပါ၊ ဒီလောက်ဆိုရင် ကျွန်တော်လည်းနားလည်လိုက်ပါပြီ''

ပြောရင်း ကျွန်တော် ခပ်ဖြည်းဖြည်း ထရပ်လိုက်တော့ သူငယ်ချင်းတွေက စိုးရိမ်တကြီး လှမ်းကြည့်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



သက်ဦးက အရင် ...

"မောင်ကျုပ်"

လှမ်းခေါ်လိုက်တဲ့ သက်ဦးကို ကျွန်တော် မချိပြုံး ပြုံးပြလိုက်တယ်။

အဲဒီအချိန်မှာပဲ မေပန်းချီက ...

"ပြန်ထိုင်ပါလား စိုးခန့်၊ ရှင့်ကိစ္စကို ကျွန်မ စဉ်းစားပေးမယ်လေ"

ဒီတော့မှ ကျွန်တော်က ခေါင်းအသာခါလိုက်ပြီးမှ ...

"ကြားရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ... ခု ကျွန်တော် ထရပ်တာဟာ အပေါ့သွားချင်လို့ ထရပ်တာမို့ ခဏတော့ ခွင့်ပြုပါဦး"

ပြောပြီး ကျွန်တော် လှည့်ထွက်လာခဲ့တယ်။ အားလုံးဟာ ကြောင်နေပြီးမှ ချက်ချင်းဆိုသလို ဆဲဆိုသံတွေ တပြုံကြီးထွက်လာကြလေရဲ့။

လှည့်မကြည့်ပေမယ့် မေပန်းချီ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ထွန်းနေလောက်တယ်ဆိုတာ ကျွန်တော် ဘယ်သူ့နဲ့မဆို ရွှေငါးကျပ်သားကြေး လောင်းရဲပါတယ် ... အဟဲ။

■

## (၁၆)

စဉ်းစားပေးမယ်ဆိုတဲ့ စကားကြောင့် ကျွန်တော်နဲ့မေပန်းချီ မကြာမီမှာ ပြန်ဆင်ပြေတော့မယ်လို့ ထင်ထားပေမယ့်လည်း စိတ်အနှောင့်အယှက်ဖြစ်ရာလေးတွေက ကြုံလာပါသေးတယ်။

အဲဒါတွေဖြစ်မလာခင် ကြားထဲက ကျွန်တော်တို့နှစ်ယောက်ရဲ့ အနေအထားကို အရင်ပြောပြပါ့မယ်။

သူငယ်ချင်းတွေ ဝိုင်းဝန်းမှုနဲ့ ကျွန်တော့်ရဲ့ကြိုးစားမှုကြောင့် ကျွန်တော်တို့အနေအထားဟာ ပြန်နီးစပ်လုအခြေအနေအထိ ရောက်ရှိခဲ့တာ အသိသတ်ကြီး အသိပါ။

အဲဒီအခြေအနေလေးမှာ မေပန်းချီက ကျွန်တော့်ကို မကြာခဏဆိုသလို ရုံးအဆင်း အိမ်နားအထိ လိုက်ပို့ခွင့်ပေးပါတယ်။ ဒါပေမဲ့ အဲဒီအ



www.burmeseclassic.com

www.burmeseclassic.com



ချိန်ကလေးကလွဲပြီး အလုပ်ချိန်ထဲမှာဆိုရင် သူ့ကို 'မေ' လို့ ခေါ်ခွင့်မပေးပါဘူး။ နောက်ပြီး အမြဲတမ်းလိုက်ပို့မနိုင်းတာလည်း မန်နေဂျာကိုသန့်ဇင်နဲ့ ပတ်သက်နေပါတယ်။

ကိုသန့်ဇင်က တစ်ခါတစ်ခါ သူ့ကားနဲ့ မေပန်းချီကို အတင်းလိုက်ပို့ပါတယ်၊ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်ပြောတော့ သူက . . .

"တစ်ခါတလေ ငြင်းလို့မကောင်းလို့ပါ စိုးခန့်ရာ၊ ရှင်လည်း ကျွန်မကို လိုက်ပို့ခွင့်ရတာပဲ မဟုတ်လား"

သူ့စကားကြောင့် ရင်ထဲမှာ စစ်ခနဲဖြစ်သွားလို့ ကျွန်တော် ပြန်ပြောမိတယ်။

"မေ့စကားက ဘယ်လိုလဲ မေရ၊ ဘာလဲ . . . ကျွန်တော်နဲ့ကိုသန့်ဇင်ကို မေက အတူတူသဘောထားတာလား"

"အင်းလေ၊ သူရော ရှင်ပါ ကျွန်မကို ပရိုပိုစ် လုပ်ထားတာပဲဥစ္စာ အတူတူပေါ့၊ မဟုတ်ဘူးလား"

အဲဒီလို မထီတရီလေး ပြောလာလို့ ကျွန်တော်က . . .

"ဒါပေမဲ့ မေရာ၊ မေနဲ့ ကျွန်တော်က ဟိုးအရင်တုန်းကပဲ . . ."

ကျွန်တော့်စကားမဆုံးခင်မှာပဲ သူက လက်ကာပြရင်း . . .

"ခဏလေး စိုးခန့်၊ ခု ရှင်နဲ့ကျွန်မ ပြန်ပတ်သက်နေတာဟာ ဟိုးအရင်က ကိစ္စတွေမပါဘူးလို့ နှစ်ယောက်စလုံး သဘောတူထားတာနော် အဲဒါတွေ မပြောကြေးလေ"

အဲဒီစကားကိုတော့ ကျွန်တော့်မှာ အောင့်သီးအောင့်သက်နဲ့ လက်ခံလိုက်ရတယ်။ ကျွန်တော်ကိုယ်တိုင်က လျှာရှည်ပြီး ပြောထားမိတာကိုး





ဒီကြားထဲ တချို့ရက် ရုံးအဆင်း အိမ်ပြန်ချိန်တွေမှာ ကျွန်တော်နဲ့မေပန်းချီတို့ကို အတူတွဲပြီး ကိုသန့်ဇင်က မြင်သွားသေးတယ်ခင်ဗျ၊ အဲဒီမှာပဲ ကိုသန့်ဇင်ရဲ့အမြင်မကြည်မှုတွေဟာ ကျွန်တော့်ဆီ အော်တိုရောက်လာတော့တယ်။ ဒါတောင် ကျွန်တော်တို့ရဲ့အတိတ်က အကြောင်းတွေကို ဒင်းကြီး မသိသေးလို့ တော်သေးတာ။ ဒါပေမဲ့ ကျွန်တော့်အပေါ် မကြည်လင်တာကိုတော့ ကိုသန့်ဇင်က စကားနဲ့ရော အပြုအမူနဲ့ပါ သိသိသာသာ ပြတော့တာပဲ။

ကျွန်တော်ကတော့ မသိမသာရှောင်ပါတယ်။ ဒါတောင် ကိုသန့်ဇင်က တချို့အလုပ်တွေဆိုရင် ကျွန်တော်ကို မဲပြီး ခိုင်းသေးတယ်။

အဲဒီလိုအနေအထားမှာပဲ တစ်ရက် ဝေး (Way) ထွက်တော့ ဒိုးဇော်က ပါမလာဘူး။ ခွင့်ယူထားလို့ ကိုသန့်ဇင်က နောက်ကောင်လေးတစ်ယောက်ကို ထည့်ပေးလိုက်တယ်။ အဲဒီနေ့ကတော့ ကျွန်တော်တို့ ဝေး (Way) က မဂ်လာဈေးကို ဆေးပစ္စည်းတွေ သွားပို့ရတာခင်ဗျ။

ဈေးရောက်တော့ မေပန်းချီ တစ်ဆိုင်ကို ဝင်နေတုန်း ကျွန်တော်က ထုံးစံအတိုင်း နောက်တစ်ဆိုင်ကို ပစ္စည်းသွားပို့ဖြစ်တယ်။ ပစ္စည်းပို့ရင်း ဆိုင်ရှင်နဲ့ စကားပြောနေတုန်းမှာပဲ . . .

"အမလေး . . . ဘယ်လောက်များ ကောင်းတဲ့ အလုပ်ရသွားပြီလဲ ဒီမှာ ခုကျတော့လည်း သိပ်တော့မကြွာပါဘူး"

အသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ မေနဒီကို တွေ့လိုက်ရတယ်။ သူက မဲ့ပြုံးလိုလို၊ ရွဲ့ပြုံးလိုလို အပြုံးနဲ့ . . .

"နေကောင်းတယ်နော် စိုးခန့်၊ ဘယ်လိုလဲ . . . အလုပ်က လစာကောင်းရဲ့လား၊ အင်း . . . ကျွန်မဆီမှာဆို ရှင် အခု မန်နေဂျာရာထူးလောက်



www.burmeseclassic.com

www.burmeseclassic.com



ရနေပြီ၊ ခုတော့လည်း ရှင်က အရောင်းဝန်ထမ်းအဆင့်ပဲ ရှိနေသေးတာကိုး''

သူ့စကားကြောင့် ကျွန်တော် ဆတ်ခနဲ တင်းသွားရင်း ချက်ချင်းပဲ ပက်ခနဲ ပြန်ပြောလိုက်မိတယ်။

''ဘယ်ရာထူးပဲဖြစ်ဖြစ် အလုပ်လုပ်ရတာ စိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်ဗျာ၊ ခင်ဗျားရော ဘယ်လိုလဲ၊ ပိုင်ရှင်ဘဝကနေ ကိုယ်တိုင် အရောင်းထွက်နေတာလား''

မေနဒီက ဟက်ခနဲ ရယ်တယ်။ ပြီးမှ ...

''လိုအပ်လို့ပေါ့ရှင်၊ တစ်ခါတလေ ပစ္စည်းက အသစ်ထွက်တော့လည်း ဆိုင်ရှင်တွေကို ကိုယ်တိုင်မျက်နှာလာပြရတာပေါ့၊ ဪ ... ကြုံတုန်း ပစ္စည်းအသစ်လေးကို လက်ဆောင်ပေးလိုက်ဦးမယ် ... ရော့ ... ရှင့်အတွက်တော့ အသုံးတည့်မလားတော့ မသိဘူး''

လက်ဆွဲအိတ်ထဲက ထုတ်ပြီး သူ ကမ်းပေးလာတဲ့ပစ္စည်းကိုကြည့်ရင်း ကျွန်တော် တွန့်သွားရတယ်။ သူပေးလာတာက အမျိုးသမီးလစဉ်သုံး ပစ္စည်းထုတ်ပါ။

ကျွန်တော်လည်း ရွဲ့ချင်စိတ်နဲ့ လှမ်းယူလိုက်ရင်း ...

''ကျေးဇူးပါပဲဗျာ၊ ကျွန်တော်လည်း ခင်ဗျားကို လက်ဆောင်ပေးခဲ့ရဦးမယ်၊ ကျွန်တော် ပေးမှာကတော့ အမျိုးသမီးလစဉ်သုံးဆေးဆိုတော့ ခင်ဗျားနဲ့ အသုံးတည့်ကောင်းတည့်မှာပါ''

ပြောရင်း တခြားဆိုင်ကိုပို့ရမယ့် ပစ္စည်းတွေထဲက ဆေးကာဒ်ကို ခထာယူပြီး သူ့ရှေ့ချပေးလိုက်တယ်။ ပြီး ... အမြန်ပဲ လှည့်ထွ





လာခဲ့တယ်ခင်ဗျ။

ကျွန်တော် ခြေလှမ်းခုနစ်လှမ်းလောက် လှမ်းပြီးချိန်မှာတော့ ဗြုန်းဆိုပြီး ဒေါသတကြီး လှမ်းအော်လိုက်တဲ့ မေနဒီရဲ့အသံကို ကြားလိုက်ရသေးရဲ့။ လှည့်ကြည့်မနေဘဲ ကျွန်တော် တစ်ချိုးတည်း လစ်လာခဲ့လိုက်တယ်။ မေနဒီ ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့မယ်မှန်း ကျွန်တော် သိတာပေါ့။ သူ့ကို ပေးခဲ့တဲ့ ဆေးကာဒ်တွေက အမျိုးသမီးတွေ ကိုယ်ဝန်မရအောင် တစ်ရက် တစ်လုံး ပုံမှန်သောက်ရတဲ့ သန္ဓေတားဆေးတွေဖြစ်နေလို့ပါပဲ။

ကျွန်တော်လည်း ပို့စရာရှိတဲ့ ဆေးတွေကို ပို့ပြီး မေပန်းချီဆီကို ပြန်ရောက်သွားတယ်။ လက်ထဲမှာလည်း အမျိုးသမီးလစဉ်သုံးအထုပ်ကြီးကို ကိုင်လို့ပေါ့။ အဲဒီအချိန်မှာ မေပန်းချီ ဆိုင်ရှင်အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေတုန်း ရှိသေးတယ်။

ကျွန်တော့်ကိုမြင်တော့ သူက ...

''စိုးခန့် ... ပို့စရာရှိတာတွေ ပို့ပြီးပြီလား''

ပြောရင်း ကျွန်တော့်လက်ထဲမှာ ကိုင်လာတဲ့ ပစ္စည်းထုပ်ကို လှမ်းတွေ့သွားတယ်။

''ဟင် ... အဲဒါကြီးက ဘယ် ... ဘယ်က ယူလာတာလဲ''

ဟီးခနဲရယ်ရင်း ကျွန်တော်က ...

''ဒါလား ... လက်ဆောင်ရလာတာလေ၊ မေပန်းချီ အသုံးတည့်မှာပဲဆိုပြီး ယူလာခဲ့တာ ... ရော့''

လှမ်းပေးနေတဲ့ ကျွန်တော့်ကို ကြောင်ကြည့်နေလို့ ကျွန်တော်တပ် ...



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ မေပန်းချီရဲ့၊ တကယ်လက်ဆောင်ရလာတာပါ၊ မေပန်းချီလည်း လိုအပ်မှာပဲဟာကို"

ကြောင်ကြည့်နေတဲ့ မေပန်းချီ့မျက်နှာလေးဟာ ရဲရဲနီလာတယ်။ အနီးနားဆိုင်တွေထဲက လူတွေကလည်း ပြုံးစိစိနဲ့ ကျွန်တော်တို့ကို ကြည့်နေကြတာကိုး။ ကျွန်တော် သတိထားလိုက်မိတဲ့အချိန်မှာ လုံးဝမမီတော့ဘူး လှမ်းပေးနေတဲ့ ပစ္စည်းထုပ်ကို ပုပ်ချရင်း သူ လှည့်ထွက်သွားပါတော့တယ်။

ကျွင်တော့တက်ပြီလို့တွေးရင်း သူ့နောက်က အမြန်ပြေးလိုက်သွားလိုက်တယ်။ ဟိုပစ္စည်းထုပ်ကိုတော့ နမြောလို့ ကောက်ယူလာခဲ့သေးတယ်ခင်ဗျ။

ကားနားရောက်တော့မှ မီလို့ အမြန်ပဲ တောင်းပန်လိုက်ပါတယ်။

"ဆောရီး မေရာ၊ လူကြားထဲမှာမှ တမင်ပေးတာမဟုတ်ပါဘူး။ သတိမထားမိလိုက်လို့ပါ"

"ရှင် ... ဘာမှထပ်ပြောမနေနဲ့ စိုးခန့်၊ ရှင့်ကို ကျွန်မ တော်တော်စိတ်ကုန်တယ်"

"မေကလည်းကွာ"

"တော်တော့လို့ ပြောနေတယ်နော်၊ ဦးထင် သွားရအောင်"

ကားပေါ်တက်ရင်း လှမ်းပြောလိုက်လို့ ကျွန်တော်က ...

"ဒါ ... ဒါဆို ... ဒါကြီးက ဘယ် ... ဘယ်သူ့ကိုပေးရမှာလဲ"

"ရှင့်ညီမကို ပေးလိုက်ပေါ့"

"ဟာ ... ကျွန်တော့်မှာ ညီမမှမရှိတာ၊ တခြားပေးရမယ့်လူလည်း"





"စိုးခန့်"

မေပန်းချီက ကြုံးအော်ပါတော့တယ်။ အဲဒီအချိန်မှာပဲ ဦးထင်က ဝင်ပြီး ...

"ကောင်လေး အဲဒါကြီးကို ဦးထင်ကိုပဲပေးတော့၊ ဦးထင်တူမကို ပေးလိုက်မယ်၊ စကားမများကြပါနဲ့ကွာ၊ အချင်းချင်းတွေပဲဟာကို"

ဦးထင် ဝင်ပြောတော့မှ မေပန်းချီလည်း ငြိမ်သွားတယ်။ မျက်နှာလေးကိုတော့ သုန်မှုန်ပြီး ရှစ်ခေါက်ချိုးထားတုန်းပဲ။ ကျွန်တော်လည်း အပြန်လမ်းမှာ သူစိတ်ပြေပါစေတော့ဆိုပြီး တော်ကီပစ်ပါသေးတယ်။ ဒဲ့ ပြောလို့မရတော့လည်း ဦးထင်ကိုပဲ သွယ်ဝိုက်ပြီး ပြောရတာပေါ့။

"ဦးထင် ... လူတစ်ယောက်နဲ့တစ်ယောက်ဟာ စိတ်ဆိုးဒေါသထွက်တဲ့အချိန်မှာ အော်ပြောတတ်ကြတာ ဘာဖြစ်လို့လဲ သိလား"

ဦးထင်က ကြောင်တက်တက်ပုံစံနဲ့ ...

"ဟေ ... ဘယ်လို၊ ဒေါသထွက်တယ်ဆိုမှ အော်ပြောတော့မှာပေါ့ ကောင်လေးရ၊ အဲဒါ ဘာဆန်းလို့လဲ"

"မဟုတ်သေးဘူး ဦးထင်၊ ကျွန်တော် သိသလောက်ပြောရရင် စိတ်ဆိုးဒေါသထွက်တဲ့အချိန်မှာ အော်ပြောကြတာဟာ စိတ်ချင်းဝေးသွားလို့ပဲ၊ လူချင်းကပ်နေပေမယ့် ဒေါသထွက်လာရင် စိတ်ချင်းပိုဝေးသွားလို့ အော်ပြောကြတာလေ"

"ဩော် ... အေး မင်းပြောတော့လည်း ဟုတ်သလိုလိုပဲကွ"

"ဟုတ်ရမှာပေါ့ ဦးထင်ရာ၊ လူနှစ်ယောက်ဟာ စိတ်ချင်းနီးလာပြီဆိုရင်တော့ စကားကို တိုးတိုးလေးပဲ ပြောကြတော့တာ သက်သေပဲ ချစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့စုံတွဲတွေဆို ကြည့်ပါလား၊ ဖုန်းဆက်တာတောင် စိတ်ချင်းကပ်နေလို့ တိုးတိုးလေးပဲ ပြောကြတာဗျ၊ တစ်ယောက်နဲ့တစ်ယောက် ထပ်တူကျပြီး စိတ်ချင်းအရမ်းနီးသွားပြီဆိုရင်တော့ စကားလုံးတောင် မလိုတော့ဘူး အကြည့်နဲ့တင် ကိစ္စပြီးတယ်''

''ဟေ''

အံ့သြသလို ရေရွတ်ရင်း ဦးထင်က တဟားဟား ရယ်ပါတော့တယ်။ မေပန်းချီကတော့ မျက်နှာရှစ်ခေါက်ချိုးကနေ ခြောက်ခေါက်ချိုး အဆင့်လောက်ပဲ လျော့သွားပုံရတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ စကားလုံး၀ မပြောတော့ဘူး။

နောက်တစ်ရက်နှစ်ရက်မှာ ရအောင်ချော့မယ်လို့ တွေးထားပေမယ့် ကျွန်တော့်အစီအစဉ်ဟာ သဲထဲရေသွန်သလို ဖြစ်သွားရတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကိုသန့်ဇင်ဟာ ကျွန်တော့်ကို မေပန်းချီရဲ့ အဖွဲ့ထဲကနေ တခြားတစ်ဖွဲ့ကို ပြောင်းလိုက်လို့ပါပဲ။ ဒါပေမဲ့ တစ်ခုတော်သေးတာက ကျွန်တော်နဲ့ လူချင်းချိန်းလိုက်တာက ပန်းအိဖြစ်နေလို့ပါ။ အဲဒါကြောင့် ပန်းအိကို အကူအညီတောင်းရင်တော့ ရနိုင်လောက်တယ်လေ။

အဲဒီရက်ပိုင်းမှာတော့ ကျွန်တော် မေပန်းချီကို မနက်ပိုင်း ခဏလေးပဲ နိုးဆေးခွင့်ရတော့တယ်။ ညနေပိုင်းဆိုရင်လည်း ကျွန်တော် ပြောင်းလိုက်ရတဲ့အဖွဲ့က ဝေး(Way)ဝင်တာ နောက်ကျတတ်လို့ ကျွန်တော်တို့ ရုံးပြန်ရောက်ပြီဆိုရင် ဘယ်အဖွဲ့မှ မရှိကြတော့ပါဘူး။

ရပ်ကွက်ထဲမှာ ပန်းအိနဲ့ဆုံတော့ အကျိုးအကြောင်းပြောပြပြီး အခြေအနေကို မေးလိုက်မိတယ်။





ပထမတော့ ပန်းအိက အံ့သြနေသေးတယ်။ ပြီးမှ ပြုံးစစနဲ့ . . .

''သြော် . . . ကိုကိုးခန့်တို့ ဇာတ်လမ်းက အဲလိုကြီးလား၊ အဲဒါကြောင့် ဂျာကြီးက အကွက်ရွှေ့လိုက်တာကိုး၊ ခုတစ်လောလည်း ဂျာကြီးက မမပန်းချီနားကို အတင်းကပ်နေတာနော်၊ ကြည့်လုပ်ဦး''

ပန်းအိစကားကြောင့် ကျွန်တော် တကယ်ပဲ စိုးရိမ်မိသွားတယ်။ နောက်ဆုံး ဘယ်လိုမှ မတတ်သာတဲ့အဆုံး ပန်းအိကိုပဲ အကူအညီတောင်းလိုက်ရတယ်။

''ပန်းအိ . . . ကျွန်တော့်ကို တစ်ခုလောက်တော့ ကူညီဗျာ''

''ပြောလေ . . . ဘာလုပ်ပေးရမှာလဲ''

တစ်ချက်စဉ်းစားလိုက်ရင်း ကျွန်တော်က . . .

''မနက်ဖြန် ရုံးတက်ရင်လည်း မေပန်းချီနဲ့တွေ့ဖို့က မလွယ်ဘူး၊ သိတဲ့အတိုင်း ခုပြောင်းလိုက်ရတဲ့ ဝေး (Way) က ရုံးပြန်အဝင် နောက်ကျတယ်လေ၊ ဒီတော့ မနက်ဖြန် ကျွန်တော် ရုံးမတက်ဘဲ ခွင့်ယူလိုက်မယ်၊ ညနေရုံးဆင်းချိန်ကျရင်တော့ ကားမှတ်တိုင်မှာစောင့်နေမယ်လို့ မေပန်းချီကို ပြောပေးပါလား၊ အရေးကြီးတဲ့စကား ပြောစရာရှိလို့ပါလို့ . . . နော် ပန်းအိ''

စကားအဆုံးမှာ ပန်းအိက ခေါင်းလေးညိတ်ပြရင်း . . .

''ပန်းအိကတော့ ပြောပေးလို့ရပါတယ်၊ လက်ခံတာ မခံတာကတော့ မမပန်းချီအပိုင်းနော်''

''အင်းပါ၊ ပန်းအိဘက်ကတော့ ပိုပိုသာသာလေး ပြောပေးပေါ့၊ ကျွန်တော့်ပုံစံက ခံစားနေရတဲ့ပုံစံနဲ့ ဘာညာဆိုပြီးတော့လေ၊ ပန်းအိကပြောတတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ချုပ်လိုက်တော့ ပန်းအိက မျက်စောင်းထိုးပြီး အင်းပါလို့ ပြောသွားတယ်။

အင်း . . . မနက်ဖြန်မှာတော့ မေပန်းချီဆီက အဖြူအမဲ ကွဲပြားတဲ့ အဖြေတစ်ခုတော့ ရတန်ကောင်းပါရဲ့။

အဲဒီလို မျှော်လင့်ထားပေမယ့်လည်း မနက်ဖြန်မှာ ဖြစ်မယ့်ကိစ္စကို မနက်ဖြန်မှပဲ သိခွင့်ရမှာမဟုတ်လား။

ဒီညအဖို့ကတော့ ဆုတောင်းနေရုံသက်သက်ပါပဲ။

■



## ( ၁၇ )

နေ့တစ်နေ့ကို နှုတ်ဆက်ဖို့ အားယူနေတဲ့ ညနေခင်းရဲ့ ကောင်းကင်ဟာ တိမ်ညိုအုပ်တချို့နဲ့ ညို့ဆိုင်းနေပါတယ်။ မကြာခင် ရွာချတော့မယ်လို့ ထင်ရလောက်တဲ့ ကောင်းကင်ရဲ့မာန်ဖီနေပုံမျိုးပေါ့။

ကျွန်တော် ရပ်စောင့်နေတဲ့အချိန်ထိတော့ မိုးက တစ်စက်တစ်ပေါက်မှ ရွာကျမလာသေးပါဘူး။ လက်ကနာရီကို ခဏခဏပြန်ကြည့်ရင်း ကျွန်တော် စိတ်လှုပ်ရှားနေမိတယ်။ ပန်းအိနဲ့ သေသေချာချာမှာလိုက်ပေမယ့် မေပန်းချီတစ်ယောက် ကျွန်တော် ချိန်းဆိုထားတာကို လက်များခံပါ့မလားပေါ့။ တကယ်လို့များ ရောက်မလာခဲ့ရင်တော့ ကြွင်းကျန်နေတဲ့ မျှော်လင့်ချက်ကလေးဟာလည်း ပျောက်ကွယ်သွားတော့မယ်ဆိုတာ နားလည်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ . . .

ခါတိုင်းအချိန်ထက် နည်းနည်းလေး နောက်ကျပြီး လျှောက်လာတဲ့ မေပန်းချီကို တွေ့လိုက်ရလို့ ကျွန်တော် အတော့်ကို ဝမ်းသာသွားမိတယ်။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မိတဲ့အချိန်မှာတော့ သူ့မျက်နှာလေးကို စူးစမ်းမိတယ်။ အလုပ်ကပြန်လာတာမို့ အနည်းငယ်နွမ်းနေတယ်လို့ ထင်ရပေမယ့် ဟိုးအရင်တစ်ရက်ကလို သူ့မျက်နှာပေါ်မှာ စိတ်ဆိုးနေသေးတဲ့ အရိပ်အယောင်တွေ သိပ်မတွေ့ရတော့ဘူးဗျ။ အဲဒီလို မြင်လိုက်ရတာကိုက ကျွန်တော့် စိတ်ထဲမှာ အတော်ချမ်းမြေ့သွားပါတယ်။

အနားရောက်လာတဲ့ သူ့ကို ကျွန်တော် မြတ်မြတ်နိုးနိုး ကြည့်လိုက်မိပြီး . . .

"ခုလို ကျွန်တော့်ကို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မေ၊ မေ . . . ဒီအနားက တစ်ဆိုင်ဆိုင်မှာ ခဏစကားပြောရအောင်နော်"

ကျွန်တော့်စကားဆုံးတော့ မေပန်းချီက သူ့လက်ပတ်နာရီလေးကို ငုံ့ကြည့်ရင်း . . .

"သွားလေ၊ ဒါပေမဲ့ . . . အချိန်အရမ်းကြီးတော့ မရဘူးနော်၊ အိမ်မှာက မေမေ တစ်ယောက်တည်း"

"သိပါတယ် မေရဲ့၊ တကယ် ခဏပဲ ပြောမှာပါ၊ ပြီးရင် မေ့ကို လိုက်ပို့နေကျ နေရာအထိ ကျွန်တော် လိုက်ပို့မှာပါ"

ဘာမှပြန်မပြောတော့လို့ အနီးနားက ကော်ဖီဆိုင်လေးဆီကို ကျွန်တော်ကပဲ ဦးဆောင်ရင်း သွားလိုက်တယ်။

ဆိုင်ထဲရောက်တော့ ကျွန်တော်တို့နှစ်ယောက်စလုံး နှစ်သက်တဲ့





ကော်ဖီလက်ဖျော်နှစ်ခွက် မှာလိုက်ရင်း . . .

"မေ . . . ဟိုတစ်ရက်က ကိစ္စအပေါ် စိတ်မဆိုးတော့ပါဘူးနော်"

ကျွန်တော်မေးလိုက်တော့ သူက လျော့ရဲရဲလေး ပြုံးလိုက်ပြီး . . .

"စိတ်မဆိုးတော့ဘူးလို့ပဲ ထားလိုက်ပါတော့၊ ဒါနဲ့ ခု ရှင်ပြောစရာရှိတယ်ဆိုတာ ဒါပဲလား"

"ဟာ မေကလည်း . . . ခုမှ စပြောမလို့ ပျိုးရုံပဲ ရှိသေးတယ်၊ ပြောချင်တာကတော့"

စကားကို ဖြတ်ထားလိုက်ပြီးမှ စဉ်းစားရင်း ဆက်ပြောလိုက်တယ်။

"ကျွန်တော် တခြားအဖွဲ့ထဲကို ဘာကြောင့် ရောက်သွားတယ်ဆိုတာ မေလည်း သိမှာပါ၊ ပြီးတော့ မေနဲ့ ပတ်သက်တဲ့ ကိုသန့်ဇင်ရဲ့လှုပ်ရှားမှုတွေကို ကျွန်တော် ပန်းအိဆီကတစ်ဆင့် သိရတယ်လေ၊ ကျွန်တော် ကိုသန့်ဇင်အပေါ်ကို စိတ်မဝင်စားပါဘူး၊ သူ့ဟာသူ မေ့အပေါ် ဘယ်လိုပဲ ချဉ်းကပ်, ချဉ်းကပ်၊ အဓိက,ကတော့ မေရဲ့ ဆုံးဖြတ်ချက်ပဲလေ၊ အဲဒါကြောင့် ခုချိန်မှာ မေ့ဆီက အဖြူအမဲ ကွဲတဲ့အဖြေတစ်ခုခု ကျွန်တော် လိုချင်တယ်၊ မေ ကျွန်တော့်အပေါ် ဘယ်လိုစဉ်းစားထားလဲဟင်"

ကျွန်တော့်စကားအဆုံးမှာ မေပန်းချီမျက်နှာလေးဟာ တည်သွားမိတယ်။ သက်ပြင်းကိုလည်း ဖွဖွချလိုက်သေးရဲ့။ ပြီး . . . ကျွန်တော့်မျက်နှာကိုလည်း စူးစူးစိုက်စိုက်ကြည့်ရင်း . . .

"အဲဒီကိစ္စအတွက် ကျွန်မ အတိုင်းအတာတစ်ခုအထိ စဉ်းစားပြီးပြီ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ... မေ့ရဲ့ဆုံးဖြတ်ချက်က ..."

ကျွန်တော် အလောတကြီး ဖြတ်မေးလိုက်ပေမယ့် သူက လက်ကာပြရင်း ဆက်ပြောလာတယ်။

"ခဏလေး စိုးခန့်၊ သိပ်မလောဖို့ ကျွန်မ ပြောထားပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာလည်း ကိုယ်ရေးကိုယ်တာ ရှုပ်ထွေးနေတဲ့ ကိစ္စတွေ ရှိနေသေးလို့ပါ၊ အဲဒါကြောင့် အချိန်လေးတစ်ခုလောက် ထပ်စောင့်ပေးပါလား"

မချိပြုံးပဲ ကျွန်တော် ပြုံးမိတော့တယ်၊ စကားကိုလည်း လိုက်လိုက်ခါခါ ပြန်ပြောလိုက်မိရဲ့။

"ရပါတယ် မေ၊ မေ့သဘောပါ၊ ကျွန်တော်က သုံးနှစ်ကျော်တောင် စောင့်ခဲ့ပြီးပြီပဲ၊ ခုလည်း မေ့ဆန္ဒအတိုင်းပါ"

"အံမယ်၊ ကျွန်မဘက်က ရှင့်ကို စောင့်ခိုင်းခဲ့တာ မဟုတ်ပါဘူးနော်၊ ဟိုးအရင် ဖာတ်လမ်းပြီးကတည်းက ကျွန်မ အားလုံးကို မေ့ထားခဲ့တာလေ"

"ဒါဆို ... မေ့ဘက်က ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာခံစားချက်မှ မရှိတော့ဘူးလား"

အဲဒီလိုမေးလိုက်တော့ သူက ခပ်လွင်လွင်လေး ရယ်ပါတယ်ပြီးမှ ...

"အဲဒီလိုကြီးတော့ မမေးနဲ့လေ၊ အမှန်အတိုင်း ပြောရရင်တော့အဲ ... မဖြေချင်ဘူးကွာ"

"ဟာ ... မေကလည်း"





အားမလို အားမရ ပြန်ပြောလိုက်တော့ မေပန်းချီက ထပ်ရယ်ပါတယ်။ အဲဒီအချိန်လေးမှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ စိတ်တွေဟာ အရင်ထက် ပိုနီးကပ်လာသလိုပဲ။ အမှန်အတိုင်း ပြောရရင် သူနဲ့ကျွန်တော် ဟိုးအရင်လိုပဲ ပြန်ပြီးနီးစပ်ချင်လှပါပြီ။

ကျွန်တော် စဉ်းစားနေတုန်းမှာပဲ ဖုန်းမြည်သံတစ်ခုက အနီးအနားက ထွက်လာပါတယ်။ အသံက ကျွန်တော် ဖုန်းက မဟုတ်ဘူး၊ အဲဒီအချိန်မှာပဲ မေပန်းချီက သူ့လက်ကိုင်အိတ်ထဲက ဖုန်းကို ထုတ်ယူလိုက်ပါတယ်။

သူ့မှာ ဖုန်းရှိနေတာကို ခုမှ သိရတော့ ကျွန်တော်တောင် အံ့သြသွားရတယ် ခင်ဗျ၊ တစ်ခါမှလည်း ထုတ်ကိုင်တာ မမြင်ဖူးလို့ပါ။ ဒါမှမဟုတ် အလုပ်ချိန်ထဲမှာဆိုရင် ပိတ်ထားတာလားမသိဘူး။ အစောကြီးက သိရရင် သူ့ဖုန်းနံပါတ်တောင်းထားပြီး ညဘက် အိလို့ရတာပေါ့ဆိုပြီး မချင့်မရဲ ဖြစ်မိသေးရဲ့။

ဖုန်းမှာပေါ်လာတဲ့ နံပါတ်ကိုကြည့်ပြီး သူ နည်းနည်းတော့ မျက်မှောင်ကြုတ်သွားတယ်၊ ပြီး ... ဘာဖြစ်လို့လဲမသိဘူးလို့ ခပ်တိုးတိုး ညည်းရင်း ဖုန်းဖွင့်ကိုင်လိုက်တယ်ခင်ဗျ၊ တစ်ဖက်က ဘာပြောတယ်မသိဘူး။ သူက ခေါင်းလေးခါရင်း ...

"ဟင့်အင်း ... မရောက်သေးပါဘူး။ ခု ရုံးနားမှာပဲ မုန့်ဝင်စားနေတာ"

"..........."

"ဟင် ... ဟုတ်လား"

ပြောရင်း သူ့လက်ကိုင်အိတ်ကို ဖွင့်ရင်း တစ်ချက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီး ... တစ်ဖက်ကို ပြန်ပြောလိုက်တယ်။

"ဟုတ် ... အဲဒါဆိုရင်လည်း ပြန်ဝင်ယူလိုက်မယ်လေ၊ ရုံးမှာ ဘယ်သူတွေရှိသေးလဲ"

"..........."

တစ်ဖက်က စကားကို နားထောင်အပြီးမှာတော့ ဖုန်းပိတ်ရင်း အိတ်ထဲ ပြန်ထည့်လိုက်ပါတယ်။

ကျွန်တော်က သိချင်စိတ်နဲ့ ...

"မေ ... ဘာဖြစ်လို့လဲ၊ ဘယ်သူ ဆက်တာလဲ"

"ဪ ... ရုံးက လှမ်းဆက်တာပါ၊ အရေးကြီးတဲ့ စာရင်းတစ်ခု မေ့ကျန်ခဲ့လို့လေ၊ အဲဒါက ဒီည အပြီးလုပ်ရမှာဆိုတော့"

"ဟုတ်လား၊ ဆက်တာက ဘယ်သူဆက်တာလဲ"

ကျွန်တော့်အမေးကို သူက မဖြေချင်ဖြေချင် ပုံစံလေးနဲ့ ...

"ဟို ... ကိုသန့်ဇင် ဆက်တာပါ"

သူ့အပြောကြောင့် ကျွန်တော့်စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားရပြီး ...

"ဒါဆို ကျွန်တော် အဖော်လိုက်ခဲ့ပေးမယ်လေ၊ ဒီအချိန် ရုံးမှာ ဘယ်သူမှ ရှိတော့မှာမဟုတ်ဘူး မေရဲ့"

သူက ခေါင်းလေးခါရင်း ...

"ရပါတယ် စိုးခန့်ရဲ့၊ ကျွန်မပဲ သွားလိုက်ပါ့မယ်၊ ဟိုလေ ရှင်နဲ့ သူ ထိပ်တိုက်မတွေ့စေချင်လို့ပါ၊ ဘယ်လိုမှ မထင်ပါနဲ့၊ ပြီးတော့ ... ရုံးမှာက ရုံးစောင့်ကိုစုပါနဲ့ သူ့မိန်းမတို့လည်း ရှိမှာပဲဟာကို၊ ရှင် ပြန်ရင်ပြန် နှင့်တော့"





စားပွဲပေါ်တင်ထားတဲ့အိတ်ကို ဆွဲယူရင်း သူက ထွက်သွားပါတယ်။

သူ တစ်ယောက်တည်း အဆင်ပြေပါ့မလား။ အို ... ရုံးမှာလည်း ကိုစုပါတို့လင်မယားရှိနေတာပဲလေ။

အဲဒီလို စဉ်းစားမိတာတောင် သူ့အပေါ် စိုးရိမ်နေတဲ့စိတ်ဟာ ထိန်းမရဖြစ်လာတယ်။ ဒါနဲ့ပဲ ဆိုင်ထဲက ထွက်ပြီး ရုံးဘက်ကိုလျှောက်လာမိတယ်။

ရုံးနားရောက်တဲ့အချိန်မှာ ကိုစုပါတို့လင်မယား ရုံးထဲက ထွက်လာတာတွေ့လိုက်ရတော့ ကျွန်တော့်ပူပန်စိတ်ဟာ ပိုပြီး အရောင်ရင့်သွားရတယ်။

ဒါ ... ဒါဆို ရုံးထဲမှာ မေနဲ့ကိုသန့်ဇင်တို့နှစ်ယောက်တည်းပဲပေါ့။ ဒါ ... ဟိုဘဲကြီး ခွင်ဆင်လိုက်တာများလား။

ကိုစုပါတို့ကတော့ ကျွန်တော့်ကို သတိမထားမိဘဲ လမ်းရဲ့တစ်ဖက်ခြမ်းကို ကူးသွားလေရဲ့။

ကျွန်တော်လည်း စိုးရိမ်စိတ်ကို ဘယ်လိုမှထိန်းချုပ်မရနိုင်တော့ဘဲ ရုံးထဲပြေးဝင်ပြီး အပေါ်ထပ်မှာရှိတဲ့ ကိုသန့်ဇင်အခန်းရှိရာကိုပြေးသွားလိုက်မိတယ်။ ရင်ထဲမှာလည်း ဗလောင်ဆူလို့ပေါ့။

ရုံးခန်းနားရောက်တဲ့အချိန်မှာ အထဲက ကြားလိုက်ရတဲ့အသံတွေကြောင့် ကျွန်တော့်မျက်လုံးတွေဟာ ပြာဝေသွားရတယ်။ အထဲက ရုန်းရင်းဆန်ခတ်အနေအထားမျိုးနဲ့ မေပန်းချီရဲ့အသံဟာ ကျွန်တော့်နားထဲကို သံရည်ပူလောင်းချလိုက်သလိုပဲ။

"ရှင် ... မမိုက်ရိုင်းနဲ့နော် ကိုသန့်ဇင်၊ ကျွန်မကို လွှတ် ... လွှတ်"

"ချစ်လို့ပါ ပန်းချီလေးရယ်၊ ကိုယ် ဘယ်လိုမှ ပန်းချီလေးကို



www.burmeseclassic.com

www.burmeseclassic.com



အဆုံးရှုံးမခံနိုင်လို့ပါ၊ ကိုယ် ပန်းချီလေးကို လက်ထပ်မှာပေါ့''

''ဟင့်အင်း ဟင့်အင်း . . . ရှင် ကျွန်မကို လွှတ်နော်၊ မဟုတ်ရင် အော်လိုက်မှာ''

''ကြိုက်သလောက်အော်လေ၊ ရုံးမှာ ဘယ်သူမှမရှိတော့ဘူး ပန်းချီလေးရဲ့၊ လိမ်မာပါတယ်ကွာ''

''ရှင် ရှင် . . . လူယုတ်မာ၊ ကျွန်မကို လွှတ်နော်''

ကျွန်တော့်မျက်စိထဲမှာ ဘာမှမမြင်တော့ပါဘူး၊ အသိစိတ်လွတ်ပြီး အခန်းတံခါးကို ခြေထောက်နဲ့ ဆောင့်ကန်လိုက်ပါတယ်။ ယုတ်မာဖို့ ကြိုးစားနေတဲ့ ကိုသန့်ဇင်ဟာ ကျွန်တော့်ကိုလည်း မြင်ရော မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ကြည့်ပြီး . . .

''ဟော့ကောင် . . . မင်း . . . မင်းက . . . ဘယ်လိုရောက်လာတာလဲ''

မေပန်းချီကလည်း တုန်လှုပ်ချောက်ချားနေတဲ့အသံလေးနဲ့ ကျွန်တော့်ကို . . .

''စိုး . . . စိုးခန့် . . . သူ . . . ငါ . . . ငါ . . . ကို''

''လူယုတ်မာကြီး''

အာခေါင်ခြစ်ကာ အော်ရင်း ကျွန်တော် ကိုသန့်ဇင်ဆီကို ပြေးဝင်သွားလိုက်တယ်၊ မေပန်းချီကို စော်ကားတဲ့လူဆိုတဲ့ စိတ်နဲ့ ကျွန်တော့်ခေါင်းတွေဟာ ထူးခတ်မရတော့ပါဘူး။ မျက်စိထဲ ဘာမှမမြင်တော့ဘဲ ကျွန်တော့်လက်သီးတွေဟာ လူယုတ်မာရဲ့မျက်နှာဆီကို အဆက်မပြတ်ကျရောက်သွားတော့တယ်။





ကျွန်တော့်အသိစိတ် ပြန်ကပ်လာတဲ့အချိန်မှာ ကိုသန့်ဇင်ဆိုတဲ့ လူယုတ်မာဟာ ကြမ်းပြင်ပေါ် မှောက်လျက်ကြီး လဲကျနေတယ်။ မေ . . . ဆိုတဲ့ အသိနဲ့ဝေ့ကြည့်လိုက်ချိန်မှာတော့ ဘယ်သူ့ကိုမှ မတွေ့ရတော့ပါဘူး။

အဲဒီအချိန်မှာပဲ ရုံးခန်းထဲကို ကိုစူပါ ဝင်ချလာပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး . . .

''ဘာ . . . ဘာတွေဖြစ်နေကြတာလဲ''

တုန်တုန်ယင်ယင်နဲ့ မေးလာလို့ ကျွန်တော်က လဲကျနေတဲ့ ဟိုလူကို လက်ညှိုးထိုးပြရင်း . . .

''ခင်ဗျား . . . သိချင်ရင် ဟိုလူယုတ်မာကိုပဲ မေးကြည့်တော့''

ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့တယ်။ အပြင်ရောက်တော့မှ အသက်ဝဝရှူရင်း မေပန်းချီနောက်ကိုလိုက်ဖို့ သတိရလာတယ်။ ဒါနဲ့ပဲ ကျွန်တော် သူ့ကိုလိုက်ပို့နေကျတဲ့ ရပ်ကွက်ဆီသွားဖို့ ကားတစ်စီးကို တားလိုက်တာပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

"ဒါနဲ့ ... မင်းရောက်သွားတော့ ပန်းချီနဲ့ မတွေ့ဘူးလား"

သက်ဦးအမေးကို စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်ရင်း ...

"မတွေ့ပါဘူးကွာ၊ ငါကလည်း သူတို့ရပ်ကွက်ထိပ်နားထိ လိုက်ပို့ဖူးတာကို၊ တွေ့လိုတွေ့ငြား အဲဒီရပ်ကွက်ထဲကို ဝင်ပြီး စုံစမ်းကြ ပါသေးတယ်၊ ဒါပေမဲ့ အချည်းနှီးပါပဲကွာ"

သက်ဦးကို ပြောပြဖြစ်ပါတယ်။ စကားဆုံးတော့ သက်ဦးက ...

"ဘာပဲဖြစ်ဖြစ် ပန်းချီ ဘာမှမဖြစ်လိုက်လို့ တော်သေးတာပေါ့ ဒါနဲ့ အဲဒီကိစ္စကို မင်း ဘယ်လိုဆက်လုပ်မှာလဲ"

ကျွန်တော်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ငါကတော့ ငါ တတ်နိုင်သလောက် မေ့ကို ကာကွယ်ခဲ့တာပဲ



ငါဘာဆက်လုပ်မယ်ဆိုတာကတော့ ကာယကံရှင် မေရဲ့အပိုင်းပေါ့၊ ပြဿနာ ရင် အဲဒီလူကို မေ တရားစွဲစေချင်တာကွ"

"အေး ... အဲဒါမှပဲ အဲဒီကောင် မှတ်မှာကွ၊ ဟော့ကောင် မောင် ကျုပ် ... ဒီကိစ္စကိုတော့ မင်း ကိုကြီးဇော်ကို အသိပေးထားသင့်တယ်နော်"

"မင်းပြောတာ ဟုတ်တယ် သက်ဦး၊ လာ ... ကိုကြီးဇော်ဆိုင်ကို သွားရအောင်"

ကျွန်တော်တို့နှစ်ယောက် ကိုကြီးဇော်အိမ်ကို သွားလိုက်ကြတယ်။ ဆိုင်တစ်ဆိုင်မှာခေါ်ပြီး အကျိုးအကြောင်း ရှင်းပြလိုက်တယ်။

တအံ့တသြနားထောင်နေပြီးမှ ကိုကြီးဇော်က တောက်တစ်ချက် ခေါက်ရင်း ...

"တောက် ... မိုက်ရိုင်းလိုက်တဲ့လူကွာ၊ မင်း အဲဒီနေရာမှာတင် အသေလုပ်ပစ်ခဲ့ရမှာကွ၊ ဒါနဲ့ အဲဒီကိစ္စကို ဒါရိုက်တာအဖွဲ့ဆီ တိုင်မလား မောင်ကျုပ်"

ကျွန်တော်က ...

"အဲဒါက မေ့အပိုင်းလေ ကိုကြီးဇော်၊ မေ့ဘက်က အဲဒီလောက်ပဲ လုပ်မလား၊ ဒါမှမဟုတ် တရားစွဲမလား ကျွန်တော် မသိသေးဘူး၊ ကျွန်တော် ကတော့ မေ့ဘက်က ရပ်တည်ပြီး သက်သေလုပ်ပေးရုံပဲ"

"အေး ... ကောင်းတယ်"

ကိုကြီးဇော် ခေါင်းညိတ်ထောက်ခံတော့ ကျွန်တော်ကပဲ ...

"ကျွန်တော် ... မနက်ဖြန်တော့ ရုံးလာသေးဘူးဗျာ၊ ကိုကြီးဇော် ပဲ ရုံးမှာ အနေအထားကို အကဲခတ်ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ . . . စိတ်ချ၊ ဒါနဲ့ မေပန်းချီလည်း မနက်ဖြန် ရုံးလာမလာ မသေချာဘူးကွ၊ အဓိက,ကတော့ မင်း သူ့ဆီ အဆက်အသွယ်ရအောင် အရင်လုပ်"

"ဟုတ်ကဲ့ပါ၊ အဲ . . . မနက်ဖြန် ရုံးရောက်ရင်သာ ကိုကြီးဖော် ကျွန်တော့်ဆီ ဖုန်းဆက်ပေးနော်"

ကိုကြီးဖော်က အံကြိတ်ရင်း ခေါင်းညိတ်ပါတယ်။ ပြန်ခါနီးမှာ စကားတစ်ခွန်းဆိုသွားသေးတယ်။

"မင်းက ကိုယ်ချစ်ရတဲ့ သူ့ရဲ့အရှက်ကို ကာကွယ်ပေးလိုက်နိုင်တာဆိုတော့ ရုပ်ရှင်၊ ဗီဒီယိုတွေထဲမှာဆိုရင် မင်းနဲ့ မေပန်းချီပဲ ဇာတ်ပေါင်းရမယ်ထင်တယ်ကွ"

ကျွန်တော်လည်း ကိုကြီးဖော် ပြောသလို ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်။ အဲဒီမျှော်လင့်ချက်ကလေးနဲ့ ကျွန်တော့်စိတ်တွေဟာ တဒင်္ဂအုံ့ပြကြည်နူးသွားရတယ်။

မနက်ဖြန်ဆိုတာ ဘယ်အရာမှ မသေချာတတ်မှန်းလည်း ကျွန်တော် မဝံ့မရဲလေး တွေးမိပါသေးတယ်။

ဒီလိုနဲ့ . . .

■



# ( ၁၉ )

နောက်နေ့ ကိုကြီးဖော်နဲ့ ဖုန်းပြောပြီးချိန်မှာတော့ စိတ်ထဲမှာ အတော်ရှုပ်ထွေးသွားရတယ်။ ဟုတ်တယ်လေ၊ ကိုကြီးဖော် ဖုန်းထဲမှာ ပြောသွားတာလည်း ကြည့်ဦး။

"မောင်ကျုပ် . . . မင်း ရုံးမတက်သလို၊ မေပန်းချီနဲ့ ဟိုကောင်လည်း ရုံးမလာကြဘူးကွ၊ ဒါပေမဲ့ ရုံးထဲမှာတော့ မင်းတို့ သာမန်ရုံးမတက်ကြသလို အခြေအနေက အေးအေးဆေးဆေးပဲ၊ ဆိုလိုချင်တာကကွာ မနေ့က ဘာပြဿနာမှ မဖြစ်ထားတဲ့ပုံစံပေါ့"

အဲဒီစကားကြောင့် ကျွန်တော် အံ့ဩစိတ်ရှုပ်သွားပြီး ပြန်မေးလိုက်မိတယ်။

"ဒါဆို . . . ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ ကိုကြီးဖော်"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ငါ မင်းကို မနေ့က ပြောခဲ့သလို မေပန်းချီနဲ့ အဆက်အသွယ်ရအောင်လုပ်လေ၊ ဒါမှ ဘာဆက်လုပ်ရမယ်ဆိုတာ သိမှာပေါ့၊ ထူးခြားတာရှိရင် ငါ ဖုန်းထပ်ဆက်မယ်"

ပြောပြီး ကိုကြီးဇော် ဖုန်းချသွားပါတယ်။ သူပြောသွားတာလည်း ဟုတ်ပါတယ်။ လောလောဆယ် ကျွန်တော် အလုပ်သင့်ဆုံးက မေပန်းချီနဲ့ အမြန်ဆုံးအဆက်အသွယ်ရဖို့ပါပဲ။ စဉ်းစားရင်း သက်ဦးဆီ အရင်ဖုန်းခေါ်လိုက်တယ်။

"သက်ဦး . . . ငါ မေ့ရဲ့အိမ်လိပ်စာ လိုချင်တယ်ကွာ၊ အဲဒါ စုစုနဲ့ မြတ်သစ်တို့တော့ သိမယ်ထင်တယ်၊ သူတို့နဲ့ ဆက်သွယ်လို့ရမယ့်ဖုန်း မင်းမှာရှိလား"

သက်ဦးက . . .

"အေး . . . စုစုဖုန်းတော့ရှိတယ်၊ ခဏလေး"

စုစုရဲ့ဖုန်းနံပါတ်ကို ရရချင်း တန်းခေါ်လိုက်ပါတယ်။ အရေးထဲမှာ ဖုန်းက ပြင်ပရောက်နေသေးတယ်ဗျ။ ငါးမိနစ်လောက် မလျှော့သောဇွဲနဲ့ ခေါ်လိုက်တော့မှပဲ ဖုန်းက ဝင်သွားတယ်။

ကျွန်တော် ဆက်တာပါလို့ ပြောလိုက်တော့ စုစုက . . .

"အံမယ် . . . ထူးထူးဆန်းဆန်းပါလား၊ ပြော . . . ဘာကိစ္စလဲ"

"ငါ . . . မေ့ရဲ့ဖုန်းနံပါတ်လိုချင်လို့၊ အဲဒါ နင်များ သိလားလို့"

"ဟဲ့ . . . နင်တို့က တစ်ရုံးတည်းမှာ လုပ်နေပြီးတော့ ပန်းချီ့ဖုန်းနံပါတ်တောင် မသိဘူးလား"

အံ့သြတဲ့ပုံစံနဲ့ စုစုက ပြန်မေးလာတယ်။ ကျွန်တော့်မှာ မေပန်းချီ





ဖုန်းရှိတာတောင် တစ်နေ့ကမှ သိရတာ ပြန်ပြောလိုက်တော့ . . .

"အေး . . . ပြီးရော၊ ဒါဆိုလည်း ငါပြောပြပါ့မယ်၊ ဒီလောက် အရေးကြီးနေရအောင် ဘာကိစ္စဖြစ်နေလို့လဲ"

ပြောသင့်၊ မပြောသင့် အရင်စဉ်းစားလိုက်ရသေးတယ်။ ပြီးမှ . . . စုစုကိုတော့ ပြောသင့်တယ်လို့ ယူဆမိလို့ ဖြစ်စဉ်ကို ပြန်ရှင်းပြလိုက်တော့ စိုးရိမ်တကြီးလေသံနဲ့ . . .

"ဟဲ့ . . . ဒါဆိုလည်း ပန်းချီတို့အိမ်ကို လိုက်သွားလေ"

"သွားချင်တာပေါ့၊ ငါမှ လိပ်စာမသိတာ စုစုရဲ့"

"နင်ကတော့ တစ်ခုမှမသိပါလား မောင်ကျော်ရယ်၊ အဲ . . . ပန်းချီ အိမ်လိပ်စာတော့ ငါလည်း မမှတ်ထားလိုက်ဖူးဟ၊ ငါတို့ဆုံတဲ့နေ့တုန်းက တော့ မြတ်သစ် ယူထားလိုက်တယ်ထင်တယ်၊ မြတ်သစ်ဆီ ငါ ဖုန်းဆက်ပြီး မေးပေးမယ်လေ၊ နင်သာ ပန်းချီ့ဆီကို အရင်ဆက်ကြည့်လိုက်"

"အေး . . . အေး"

စုစုဆီက မေပန်းချီ့ဖုန်းနံပါတ်ရတာနဲ့ အရင်ဆက်ကြည့်လိုက်တယ်။ ကံဆိုးချင်တော့ ဖုန်းက ပိတ်ထားတယ်။ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း စုစုက ဖုန်းပြန်ဆက်လာတယ်။

"အေး . . . မောင်ကျော် နင် ပန်းချီ့ဆီ ဆက်လို့ရလား"

"ဟော့အေး . . . ဖုန်းပိတ်ထားတယ်"

"ဟာ . . . အဲဒါမှ ကျိုင်းပဲ၊ ဟိုကောင်မ မြတ်သစ်ကလည်း အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ်ဟ၊ သူ့ဖုန်းက နယ်မှာမမိတော့ ယူမသွားဘူး တဲ့၊ ဒါနဲ့ ပန်းချီ့အိမ်လိပ်စာများ ရှိမလားလို့ သူ့အိမ်က လူတွေကို မေးနိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မတွေ့ဘူးတဲ့ဟာ''

''ဒါနဲ့ . . . မြတ်သစ်က ဘယ်နေ့ ပြန်ရောက်မှာတဲ့လဲ''

''နောက်နှစ်ရက်လောက်တော့ ကြာဦးမယ်လို့ ပြောတာပဲ''

''ပြီးရောပေါ့ဟာ၊ ဒါပဲ . . . ဒါပဲ၊ ငါ တခြားနည်းနဲ့ ကြိုးစားကြည့်ဦးမယ်၊ မြတ်သစ် ပြန်ရောက်ရင်သာ ငါ့ဆီ ဖုန်းဆက်ပါလို့ ပြောလိုက်''

''အေးပါ . . . စိတ်ချ''

စုစုက ဖုန်းချသွားတယ်။ တခြားနည်းဆိုပေမယ့် ဘယ်ကဘယ်လို စုံစမ်းမှန်း ကျွန်တော် မသိသေးဘူး။ လောလောဆယ်မှာတော့ လမ်းစပျောက်သွားသလို ခံစားလိုက်ရတယ်။

တစ်ရက်လုံး 'ဘူ' ပြီး ဘာလုပ်ရမှန်းမသိဘူး။ ညဘက်ရောက်တော့မှ အကြံရတာနဲ့ ပန်းအိတို့အိမ်ဘက်ကို သက်ဦးနဲ့အတူတူ ထွက်လာခဲ့လိုက်တယ်။

တွေ့တယ်ဆိုရင်ပဲ ပန်းအိက . . .

''ဘယ်လိုဖြစ်တာလဲ ကိုစိုးခန့်၊ ဒီနေ့ ကိုစိုးခန့်ရော မမပန်းချီပါ ရုံးမတက်ကျတော့ အဆင်ပြေသွားလို့ အတူလျှောက်လည်နေတယ် ထင်နေတာ''

အရေးထဲ ပန်းအိက ထင်ရာမြင်ရာ လျှောက်ပြောနေသေးတယ်။ ပန်းအိကိုတော့ ဘာမှမရှင်းပြတော့ လိုအပ်တာပဲ အကူအညီတောင်းလိုက်တယ်။

''ပန်းအိ . . . မနက်ဖြန်ရုံးရောက်ရင်လေ ရုံးစာရေးမဆီက မေပန်းချီရဲ့ လိပ်စာကို စုံစမ်းပေးစမ်းပါ၊ အရေးကြီးလို့''





ပန်းအိကတော့ ပါးနပ်သူပီပီ . . .

''အင်းလေ . . . သိချင်တယ်ဆိုတော့လည်း စုံစမ်းပေးရတာပေါ့၊ ဘာတွေဖြစ်နေလဲတော့ မမေးတော့ပါဘူး''

''ကျေးဇူးပါပဲ ပန်းအိရာ၊ ဘာတွေဖြစ်နေတယ်ဆိုတာလည်း လောလောဆယ်ပြောပြလို့ မရသေးလို့ပါ၊ အဲဒါလေးသာ စုံစမ်းပေးနော်''

''အင်းပါ၊ ပန်းအိ သိရတာနဲ့ ဖုန်းဆက်လိုက်မယ်၊ ဒါနဲ့ ကိုစိုးခန့် ရုံးမတက်သေးဘူးလား''

ကျွန်တော်က သက်ပြင်းချလိုက်ရင်း . . .

''မတက်ဖြစ်သေးပါဘူးဟာ၊ ဒီအခြေအနေအတိုင်းဆိုရင် အလုပ်တောင် ထွက်ဖြစ်မလားမသိဘူး။ ကဲ . . . ပန်းအိ သွားတော့မယ်နော်၊ လိပ်စာရရင်သာ ဖုန်းဆက်လိုက်''

ပြန်မယ်ဆိုပြီး နှုတ်ဆက်လိုက်တဲ့အချိန်မှာပဲ သက်ဦးက ပန်းအိကိုကြည့်ပြီး . . .

''ပန်းအိ . . . နောက်ဆိုရင်လေ ဒီကောင်မပါလည်း ပန်းအိဆီကို လာလည်လို့ရလားဟင်''

အရေးထဲ သက်ဦးက လမ်းကြုံတော်ကီဝင်ပစ်နေသေးတယ်။ ပန်းအိကလည်း နဂိုကတည်းက ပါးပါးလေးဆိုတော့ သက်ဦးကို မလျှော့မတင်း ပြန်ဖြေပါတယ်။

''လမ်းကြုံရင်တော့ ဝင်လေ၊ မကြုံရင်တော့ တကူးတကကြီး မလာပါနဲ့၊ ပန်းအိက သိပ်အားတာမဟုတ်ဘူး''

သက်ဦး ခုနစ်ဆယ်ရာခိုင်နှုန်းလောက် နင်သွားလေရဲ့။ အပြန်လမ်း



www.burmeseclassic.com

www.burmeseclassic.com

မှာတောင် ငမ်းကြောအမျှင်က မပြတ်သေးဘဲ ...

"မောင်ကျုပ် ... ပန်းအိုက ချစ်စရာလေးနော်"

"မသိဘူးကွာ ... ဒီမှာ မေ့ကိစ္စ စိတ်ရှုပ်နေရတဲ့ကြားထဲ မင်းက တစ်မျိုး"

ပေါက်လိုက်တော့မှပဲ သက်ဦး ဖက်ပုသွားတယ်။ ဒါတောင် မျက်နှာငယ်လေးနဲ့ မတိုးမကျယ်လေး တောင်းဆိုလာသေးတယ်။

"အေးပါကွာ ... မင်းကိစ္စပြီးရင်သာ ငါ့အတွက် ဖန်တီးပေးစမ်းပါ။ ငါ ပန်းအိုကို တကယ်ကြွေသွားလို့ပါကွ"

ကျွန်တော်လည်း ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်ရှုပ်နေပေမယ့် သက်ဦးကို ကြည့်ပြီး ကိုယ်ချင်းစာမိတာကြောင့် မယုတ်မလွန်လေး ပြောထားလိုက်ရတယ်။

"အေးကွာ ... အေး အေး။ ဒါပေမဲ့ ငါ့ကိစ္စ မပြီးခင်မှာတော့ ဘာမှအပူလာမကပ်နဲ့ကွာ၊ ငါ စိတ်ဝင်စားမှာ မဟုတ်ဘူး"

မျက်နှာလေးဝင်းပြီး သက်ဦးက ခေါင်းညိတ်ပြလာပါတယ်။ နှစ်ယောက်သား စိတ်ရှုပ်ရှုပ်နဲ့ ဘီယာနှစ်ခွက်လောက်မော့ပြီး အိမ်ပြန်လာခဲ့တယ်။

ညဆယ်နာရီခွဲလောက် အိပ်ရာထဲမှာ လှဲနေတုန်း ဖုန်းမြည်လာပါတယ်။ နံပါတ်ကြည့်လိုက်တော့ စုစုဆီက ခင်ဗျ။ ကမန်းကတန်း ထထိုင်လိုက်ပြီး ဖုန်းဖွင့်ကိုင်လိုက်တော့ ...

"မောင်ကျုပ် ... ငါ ပန်းချီလိပ်စာရပြီ၊ လိုက်မှတ်ထားလိုက်"

ကျွန်တော် ဝုန်းခနဲ ထရပ်လိုက်ရင်း စားပွဲဆီ ပြေးသွားပြီး စာရွက်



နဲ့ဘောလ်ပင်ကို လှမ်းယူလိုက်ပါတယ်။

ပြီး ပါးစပ်ကလည်း ...

"အေး ... ပြော စုစု"



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

လိပ်စာအတိုင်း မေပန်းချီတို့အိမ်ကို ရောက်သွားပါတယ်။ ဒါပေမဲ့ ရင်ဝကို ဆောင့်ကန်ခံလိုက်သလိုပဲဗျ။ အိမ်ရှေ့ခြံတံခါးမှာရော၊ အတွင်းက အိမ်တံခါးမကြီးမှာပါ သော့ခလောက်တွေက အခန့်သားနေရာယူထားတယ်။

နေရာများ လွဲနေလားဆိုပြီး ပြန်တိုက်ကြည့်တော့လည်း လိပ်စာက မမှားဘူး။ ဒီအိမ်ပါပဲ။ အိမ်ရှေ့မှာ ယောင်တောင်တောင်နဲ့ ရပ်နေတုန်းမှာပဲ အမျိုးသမီးတစ်ယောက် အနားရောက်လာပြီး . . .

"ဒီက မောင်လေးက အိမ်လာကြည့်တာလား"

"ဟုတ်ကဲ့ ဒီအိမ်ကို လာကြည့်တာပါ၊ ဒါနဲ့ ဒီအိမ်ကလူတွေရော"

ကျွန်တော့်စကားကြောင့် အဲဒီအမျိုးသမီး မျက်မှောင်ကြွတ်သွားတယ်။ ကျွန်တော့်ကိုလည်း အစုန်အဆန်ပြန်ကြည့်ရင်း . . .





"ဒီအိမ်က လူတွေက မနေ့ကပဲ ပြောင်းသွားပြီလေ၊ ဒါနဲ့ မောင်လေးက အိမ်ငှားဖို့ လာကြည့်တာမဟုတ်ဘူးလား"

"ဟာ . . . မဟုတ်ပါဘူး၊ ဒီအိမ်ကလူတွေနဲ့ တွေ့ချင်လို့ပါ"

"သြော် . . . အဲလိုလား၊ အစ်မက ဟိုဆိုင်းဘုတ်ကြောင့် အိမ်ငှားဖို့ လာကြည့်တယ်လို့ ထင်နေတာ"

သူလှမ်းပြမှပဲ ခြံစည်းရိုးတစ်နေရာမှာ 'အိမ်ငှားမည်' ဆိုပြီး ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတယ်။ အဲဒါကြောင့် နားလည်မှုတော့ လွဲပြီဆိုပြီး ကျွန်တော်တွေးလိုက်ရင်း . . .

"အဲဒါမှ လွဲတာပဲဗျ၊ ကျွန်တော်က ဒီအိမ်က လူတွေနဲ့ တွေ့ချင်လို့လာတာ"

"သြော် . . . ပြောပြီးပြီလေ၊ ဒီအိမ်က သားအမိက မနေ့ကပဲ ပြောင်းသွားတာလို့၊ ဘယ်ကို ပြောင်းသွားလဲတော့ အစ်မလည်း မသိဘူး။ ဪ . . . အိမ်ငှားမဟုတ်ဘူးဆိုရင်လည်း အစ်မ သွားပြီ၊ တခြားအိမ် လိုက်ပြရဦးမယ်။ ကလေးတွေ ရှိသေးတယ်"

ပွဲစားမိန်းမ ထင်ပါရဲ့။ ကျွန်တော့်ကိုပြောပြီး ကော့လန်ကော့လန်နဲ့ ထွက်သွားပါတယ်။

ကျွန်တော်လည်း လမ်းစထပ်ပျောက်ပြီဆိုတဲ့ အတွေးနဲ့ အိမ်ရှေ့မှာရပ်ရင်း လေပူကြီးကိုပဲ မှုတ်ထုတ်လိုက်မိတယ်။

မေပန်းချီတို့ ဘာကြောင့် အလောတကြီး အိမ်ပြောင်းသွားတာလဲ။ စဉ်းစားလို့လည်း မရဘူး။ တစ်ခါပြောဖူးတဲ့ သူ့ကိုယ်ရေးကိုယ်တာကိစ္စကြောင့်လား။ အဲဒါလည်း ဘာကိစ္စမှန်း ကျွန်တော် မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်တော့ ကျွန်တော့်အတွက် အိမ်ပြန်ဖို့ပဲ ရှိတော့တယ် ဆိုတာ နားလည်လိုက်ပါတယ်။

"ဟုး"

■



## ( ၂၁ )

တစ်ရက်တစ်ရက်နဲ့ တစ်ပတ်လောက်တောင် ရှိသွားပါပြီ၊ မေယန်းချို နဲ့ ပတ်သက်ပြီး ဘာသတင်းမှ စုံစမ်းလို့မရသေးပါဘူး။ မြေလျှိုးမိုးပျံသွား သလို ပျောက်နေတယ်။

ကျွန်တော်လည်း စိတ်တွေလေပြီး ငါးရက်လောက် ပျက်ပြီးမှ ရုံးပြန်ရောက်ဖြစ်တယ်၊ အဲဒီမှာ ပထမဆုံးကြားရတာက မန်နေဂျာကိုသန့်ဇင် အလုပ်ထွက်သွားပြီဆိုတဲ့ သတင်းပဲ။

ကျွန်တော့်ကိုလည်း မန်နေဂျာအသစ်က ခေါ်တွေ့ပါတယ်။ သူက

"ကိုစိုးခန့်ဆိုတာ ထင်တယ်"

"ဟုတ်ပါတယ် ခင်ဗျ၊ ခွင့်မဲ့ပျက်ကွက်ရက်တွေများသွားလို့ စည်း ကမ်းအတိုင်း ထွက်စာလာတင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လာရင်းကိစ္စကို ပြောလိုက်တော့ မန်နေဂျာအသစ်ကပဲ ...

"ခဏလေး ကိုစိုးခန့်၊ အလုပ်ထွက်တာ၊ မထွက်တာက ခင်ဗျား အပိုင်းပါ၊ အဲ ... ခင်ဗျားတို့ ဖြစ်ခဲ့တဲ့ ပြဿနာကိုတော့ အောက်ခြေဝန်ထမ်းတွေက ဘာမှမသိလိုက်ကြဘူး ခင်ဗျ၊ မေပန်းချီက အရင် အလုပ်ထွက်ခွင့်တောင်းပြီး ပြဿနာဖြစ်ခဲ့တဲ့အကြောင်းကို MD ဆီ ဖုန်းနဲ့ လှမ်းပြောတယ်၊ MD က ကိုသန့်ဇင်ကိုခေါ်မေးတော့ ဝန်ခံတာနဲ့ သူ့ကို အလုပ်ထုတ်လိုက်တယ်လေ၊ ရုံးက တခြားလူတွေ သိတာကတော့ ကိုသန့်ဇင် သူ့ဟာသူ အလုပ်ထွက်သွားတာပေါ့၊ ဒီကိစ္စမှာ ခင်ဗျားလည်း ပါနေတော့ ခင်ဗျား ခွင့်မတိုင်လည်း MD က နားလည်မှုပေးထားတာပါ၊ ခင်ဗျားကို ခွင့်မဲ့ကိစ္စကြောင့် အလုပ်မထုတ်ပါဘူး ကိုစိုးခန့်"

ခုမှပဲ ကျွန်တော် နားရှုပ်လည်သွားရတယ်။ မေပန်းချီက အလုပ်ထွက်ပြီး သူ့ကိစ္စ သူရှင်းသွားတာကိုး။ ဒါပေမဲ့ ကျွန်တော် အဆက်အသွယ်လုပ်လို့မရအောင် ဘာကြောင့် ရှောင်ပြေးသွားလဲ။ အဲဒါကိုပဲ စဉ်းစားရင်းရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားမိတယ်။

သေချာတာကတော့ ကျွန်တော့်ကိုပါ သူ့ဘဝထဲ ဝင်မလာစေချင်လို့ ဖြစ်မယ်ဆိုပြီး နားလည်လိုက်ပါတယ်။

အဲဒီအတွေးနဲ့အတူ ကျွန်တော် ထရပ်လိုက်ရင်း ...

"ကျွန်တော့်ရဲ့အလုပ်ထွက်စာကို ပြန်မယူသွားပါဘူးခင်ဗျာ ကျွန်တော့်ကိုပဲ အလုပ်ထွက်ခွင့်ပြုပါ"

ပြောပြီး ကျွန်တော် လှည့်ထွက်လာခဲ့ပါတယ်။ ဒီတစ်ခါ အိမ်ပြန်လမ်းကတော့ ကျွန်တော့်အတွက် မှောင်လင့်ချက်ဆိုတာ ကျိုးပဲ့ကြေမွလို့ပေါ့





မိုးဖွဲဖွဲအောက်မှာ ဦးတည်ရာမဲ့ လမ်းလျှောက်ရင်း ကျွန်တော် အဝေးဆုံးကို ထွက်သွားလိုက်ချင်မိတယ်။ ကျွန်တော့်ရဲ့ရင်ဘတ်တစ်နေရာမှာတော့ မေပန်းချီဆိုတဲ့ အမည်နာမတော်ဟာ စွဲထင်နေတုန်းပါပဲ။

ဖြစ်နိုင်ရင် ရည်းစားဟောင်းနဲ့ နောက်တစ်ခေါက်လောက် ပြန်ရင်ဆိုင်ချင်ပါသေးတယ်။

ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်ပေါ့။

အဲဒီတစ်နေ့ဟာ မနက်ဖြန်လား ...။

ဒါမှမဟုတ် ...။

■



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၂ )

"ဒီတစ်ခါ မေနဒီ ကမ်းလှမ်းတာကိုတော့ မင်းလက်ခံသင့်တယ် မောင်ကျုပ်၊ မင်း အလုပ်မရှိဘဲ တေလေနေတာ တစ်လလောက်တောင်ရှိပြီ"

သက်ဦးစကားကို ကျွန်တော် ခေါင်းယမ်း ပြန်ပြောလိုက်တယ်။

"ဟာကွာ . . . ငါ့အရည်အချင်းနဲ့ငါ နောက်အလုပ်တစ်ခု ရှာလို့ရပါတယ်၊ အဲဒီမန်နေဂျာဆီမှာတော့ ပြန်မလုပ်ချင်ပါဘူး"

"မောင်ကျုပ်ရာ . . . ဘာမဟုတ်တဲ့ကိစ္စကို မင်းက တလွဲမာန ထားနေတာပဲ၊ ခုဆို ကုမ္ပဏီက လုပ်ငန်းတိုးချဲ့နေလို့ ကျွမ်းကျင်တဲ့လူတွေ လိုနေတယ်၊ အလုပ်နဲ့ပတ်သက်ပြီး မင်းကို ဆုံးသွားတဲ့ အမ်ဒီဦးကောင်းဆော် စိတ်ချယုံကြည်တာလည်း မင်းအသိပဲ၊ ခုလည်း မေနဒီက မိန်းကလေးတန်မဲ့ မင်းကို ထပ်ကမ်းလှမ်းနေတာ မင်းစဉ်းစားသင့်တယ်၊ ရုံးလိုက်ပြီး မေနဒီ အရင်တွေ့ကြည့်လိုက်ပါကွာ၊ ပြီးမှ မင်းဟာမင်း ဆုံးဖြတ်ချင်လည်း ဆုံးဖြတ်





သက်ဦးကတော့ အင်တိုက်အားတိုက်ကို တိုက်တွန်းနေပါတယ်။ ကျွန်တော် အဲဒီမှာ အလုပ်ပြန်ဝင်ရင်များ သူ့ကို မေနဒီက လစာတိုးပေးမယ် ပြောထားလားမသိပါဘူး။

ကိုယ့်အတွေးနဲ့ကိုယ် ကျွန်တော် စောင်းငန်းငန်းပြန်ကြည့်လိုက်ရင်း

"သက်ဦး . . . မင်းက ငါ့ကို မေနဒီနဲ့ သိပ်တွေ့စေချင်နေတာပေါ့ . . . ဟုတ်လား"

သက်ဦးက ခပ်ပြင်းပြင်း ခေါင်းညိတ်ပြရင်းနဲ့ . . .

"အေး . . . ဟုတ်တယ်၊ မင်း နောက်ဆုံး အလုပ်ပြန်မလုပ်ချင်ရင်တောင် သူ့သိက္ခာကို ငဲ့ကွက်တဲ့အနေနဲ့ လိုက်တွေ့စေချင်တယ်ကွာ"

"အေး . . . မင်းစကားနဲ့မင်းနော်၊ ငါ သူ့သိက္ခာကို ငဲ့ကွက်ပြီး လိုက်တွေ့မယ်၊ တွေ့ပြီးရင်တော့ ငါပြောမယ့်စကားဟာ သူ့ဆီမှာ အလုပ်မလုပ်နိုင်ပါဘူးဆိုတဲ့ စကားပဲဖြစ်လိမ့်မယ်"

"အဲဒါ မင်းအပိုင်းပါကွာ၊ လိုက်တွေ့လိုက်ရင်ပဲ ငါကျေနပ်ပါပြီ"

သေချာပါပြီ။ သက်ဦး ဒီလောက် တိုက်တွန်းနေပုံထောက်ရင် သူ့ကို လစာတင်မပေးဘူး၊ ရာထူးပါ တိုးပေးမယ့်သဘောပါ ရှိနေတယ်။ နောက်ဆုံး ဒီကောင် စိတ်ကျေနပ်ပါစေတော့ဆိုတဲ့ အတွေးနဲ့ . . .

"ပြီးရောကွာ၊ ဒါဆိုလည်း နောက်နေ့ မင်းရုံးသွားရင် ငါလိုက်ခဲ့မယ်"

ကျွန်တော့်စကားကြောင့် သက်ဦးတော့ ပြုံးသွားလေရဲ့။ စိတ်ပေါ့သွားပြီး နောက်တစ်ရက်ကျတော့ ဒင်းနဲ့အတူ သူတို့ရုံးကို လိုက်သွားလိုက်ပါတယ်။ ရုံးရောက်တော့လည်း မိတ်ကောင်းဆွေကောင်းတွေနဲ့ ပြန်ဆုံရလို့ ဝမ်းသာမိ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း တကယ်ပါပဲ။ အသိဟောင်းတွေနဲ့ နှုတ်ဆက်နေတုန်းမှာပဲ သက်ဦးက အနားရောက်လာပြီး ...

"မောင်ကျုပ် ... အမ်ဒီရုံးခန်းသွားပြီး ဝင်တွေ့လိုက်ဦးလေ၊ မင်းကို ခေါ်ထားတဲ့ဥစ္စာ"

"အေးပါ"

ပြောပြီး အမ်ဒီဆိုတဲ့ မေနှင်းရှိနေမယ့် ရုံးခန်းကို သွားလိုက်တယ်။ ရုံးခန်းရှေ့ရောက်လို့ တံခါးခေါက်လိုက်တော့ ...

"ဝင်ခဲ့လေ ... တံခါးစေ့ထားတယ်"

တံခါးအသာတွန်းဖွင့်ပြီး ဝင်သွားလိုက်ပါတယ်။ အထဲမှာ မေနှင်းက ကျွန်တော့်ကို ကျောပေးအနေအထားနဲ့ စင်ပေါ်က ဖိုင်တစ်ဖိုင်ကို လှမ်းယူနေတယ် ခင်ဗျ။ ကျွန်တော်လည်း ရှည်ရှည်ဝေးဝေး ပြောစရာစကားမရှိလို့ ဝင်မထိုင်တော့ဘဲ ...

"အားတော့ အားနာပါတယ်၊ ကျွန်တော် ဒီကုမ္ပဏီမှာ အလုပ်ပြန် လုပ်ဖို့ အစီအစဉ်မရှိဘူးဆိုတာ လာပြောတာပါ"

"သေချာရဲ့လား စိုးခန့်၊ ယောကျ်ားဆိုရင်တော့ ကိုယ့်စကားကိုယ် ပြန်မပြင်နဲ့နော်"

ပြောရင်း သူ ကျွန်တော့်ဘက်ကို ခပ်ဖြည်းဖြည်းလှည့်လိုက်ပါတယ်။

"ဟင်"

လွှတ်ခနဲရေရွတ်ရင်း မြင်လိုက်ရတဲ့ မျက်နှာကို ကြောင်ငေးကြည့် နေမိတယ်။ သူဟာ ကျွန်တော် ထင်ထားသလို မေနှင်းမဟုတ်ဘဲ ကျွန်တော့်ရဲ့ ... အို ...။





တွေးရင်း စကားသံကလည်း အံ့ဩတုန်လှုပ်စွာ ထွက်သွားသေးရဲ့။

"ဟာ ... မေ ... မေက ဘာ ... ဘာဖြစ်လို့ ဒီရုံးခန်းထဲမှာ ရောက် ... ရောက်နေ"

စကားမဆုံးခင်မှာပဲ သူက လှစ်ခနဲ ပြုံးပြီး ...

"ဒီမှာရောက်နေတယ်ဆိုတာက ဒီကုမ္ပဏီရဲ့အမ်ဒီမို့လို့ပေါ့ စိုးခန့် ရဲ့"

"ဒါ ... ဒါဆို ... မေ .. မေနှင်းက"

"အဲဒါ ကျွန်မရဲ့အစ်မလေ၊ မိဘတွေကွဲတော့ သူက ဖေဖေနဲ့ ပါသွားတာ၊ ခု ဖေဖေဆုံးတော့မှ ကျွန်မတို့ကို သူ လိုက်ရှာပြီး အတင်းပြန်ခေါ် ထားတာရှင့်၊ ဒါတောင် မေမေက ငြင်းသေးတာ၊ နောက်ဆုံး ကျွန်မနဲ့မမ ပိုင်းပြောတော့မှ လက်ခံလိုက်တာ၊ ဒါနဲ့ ဒီကုမ္ပဏီမှာ အလုပ်ပြန်မလုပ်ဘူး ဆိုတာ တကယ်ပဲလား စိုးခန့်"

လှောင်သလိုလေး မေးလာလို့ ကျွန်တော်က ပခုံးပြန်တွန့်ပြလိုက်ရင်း ...

"သိပ်သေချာတာပေါ့ မေ၊ ခုနက မေပြောသလို ယောကျ်ားဆိုတာ ကိုယ့်စကားကိုယ် တည်မှပေါ့၊ တစ်ခုတော့ရှိတယ် ... မေ့အတွက် လစ်လပ် နေတဲ့ ချစ်သူနေရာမှာ ခန့်မယ်ဆိုရင်တော့ ရည်းစားဟောင်းတစ်ယောက် အနေနဲ့ ကျွန်တော် စဉ်းစားမှာပါ၊ ဘယ်လိုလဲ မေ ... အဲဒီရာထူးမျိုး ကျွန်တော့်ကို ခန့်မှာလား"

ဒီတစ်ခါတော့ စိတ်ထဲက စဉ်းစားမထားတဲ့ စကားတွေဟာ အလို ဟာထွက်ကျသွားပါတယ်။ မထင်ထားလို့လားမသိဘူး၊ သူ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးလေးဝိုင်းပြီး ကြောင်ကြည့်နေသေးတယ်။

အဲဒီတော့မှ ကျွန်တော်က ဟက်ခနဲ ရယ်လိုက်ရင်း . . .

"ကဲပါ . . . ဒီလောက် စဉ်းစားနေပုံထောက်ရင် မေ ကျွန်တော့်ကို အဲဒီရာထူးနဲ့ မခန့်ချင်ဘူးဆိုတာ သဘောပေါက်ပါပြီ၊ ခွင့်ပြုပါဦး မေ"

ပြောပြီး ဆတ်ခနဲလှည့်ထွက်လိုက်လို့ တံခါးရှေ့ရောက်တဲ့အချိန်မှာပဲ

"ခဏလေးနေပါဦး ကိုခန့် . . . ရှင့်ကို ကျွန်မ အဲဒီရာထူးအတွက် လစာဘယ်လောက်ပေးရင် ကောင်းမလဲလို့ စဉ်းစားနေတာပါ"

ထွက်လာတဲ့စကားသံလေးကြောင့် အပြုံးကြီးပြုံးရင်း ကျွန်တော် သူ့ဘက်ကို မျက်နှာပြန်မူလိုက်တယ်။ ပြီး နောက်ဆုံးပိတ်အိတ်နဲ့လွှယ်ရမယ့် စကားကိုလည်း ပြန်ပြောလိုက်ပါတယ်။

"အဲဒီလစာအတွက်တော့ ဘာမှမပူပါနဲ့ မေ၊ ကျွန်တော်တို့ ညှိကြတာပေါ့"

ပြောရင်း ကျွန်တော် သူ့အနားကို တိုးသွားလိုက်ပါတယ်။ ကျွန်တော့်ကို ကယောင်ချောက်ချားမျက်ဝန်းလေးတွေနဲ့ လှမ်းကြည့်နေတဲ့ သူ့မျက်နှာဟာ လွန်ခဲ့တဲ့သုံးနှစ်ကျော်က ကျွန်တော့်ရည်းစားဟောင်းရဲ့ မျက်နှာအတိုင်း ငယ်မူငယ်သွေး ရှက်ရိပ်ရှက်ငွေ့တွေနဲ့ နီထွေးလို့ပေါ့။

ကိုင်း . . . ဒီတစ်ခါတော့ ပွဲက တကယ်ပြတ်ပြီပေါ့ဗျာ။ သိတယ် မဟုတ်လား။

လေးစားစွာ

မိုးစက်ဝိုင်း

၁၃၇၄-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၂ ရက်၊

ညနေ ၆ နာရီ ၅၅ မိနစ်။

## မိုးစက်ဝိုင်း ထွက်ပြီးလုံးချင်းဝတ္ထုများ

| | | |
|---|---|---|
| #၁ | ချစ်သူရေးတဲ့ ရည်းစားစာ | (ပွဲနိဗ္ဗာန်) |
| #၂ | ချစ်သူဝှက်တဲ့ ခေတ်သစ်ဒေါင် | |
| #၃ | ချစ်သူပြောတဲ့ ရည်းစားစကား | (ပွဲနိဗ္ဗာန်) |
| #၄ | အပျိုစင် | (ပွဲနိဗ္ဗာန်) |
| #၅ | ချစ်လို့ | (ပွဲနိဗ္ဗာန်) |
| #၆ | အိပ်မက်အက်ဆေး | (ပွဲနိဗ္ဗာန်) |
| #၇ | ဟန်းနီးမွန်း | (ပွဲနိဗ္ဗာန်) |
| #၈ | စုပါဆန်းဒေး | |
| #၉ | ဖူးစာကွန်ရက် | (ပွဲနိဗ္ဗာန်) |
| #၁၀ | သူငယ်ချင်းဖိုင်ယာရီ | |
| #၁၁ | ရိုးမြေကျသီဒိုရီ | |
| #၁၂ | ပန်းသီးမက်ဆေ့ချ် | (ပွဲနိဗ္ဗာန်) |
| #၁၃ | ကျောင်းစိမ်း | (ပွဲနိဗ္ဗာန်) |
| #၁၄ | ရာသက်ပန်ပရိုဂရမ် | (ပွဲနိဗ္ဗာန်) |
| #၁၅ | လေဒီစာအုပ်ကြီး | (ပွဲနိဗ္ဗာန်) |
| #၁၆ | ကြည်နူးရာ ကြေကွဲရာ | |
| #၁၇ | အမုန်းမဲ့ငုန် | |
| #၁၈ | အမည်ပေါက်သမီးရည်းစား | |
| #၁၉ | အနမ်းကိမ်း | (ပွဲနိဗ္ဗာန်) |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


#၂၀ ကဗ္ဗိုပါသောင်ချောက် (မွှိုနိုယို)

#၂၁ ပေးစာ ပြန်စာ

#၂၂ တစ်ကိုယ်တော်ကချေပစ်

#၂၃ အချစ်ကဆက်သွယ်မှုရှိမယာထဲမှာ

#၂၄ အမည်မသိအက်ဖ်အမ်

#၂၅ သံယောဇဉ်နေ့စဉ်

#၂၆ အော်တိုနစ်ဆ


ယခု - ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း

မိုးထက်ဂိုင်

# အချစ်သည် သင့်ကျန်းမာရေးအတွက် အကောင်းဆုံး ကိုယ်ရံတော်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com